# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
**Myanma Alinn Daily**

**ခန္ဓာငါးပါးကို မပြတ်ရှုမြင်**

ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မရှုမမြင်ဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်ရခြင်းထက် ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မပြတ်ရှုမြင်ရသော ပုဂ္ဂိုလ်၏ တစ်ရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၃)

၁၃၈၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၉ ရက် ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာ ၁၆ ရက်၊ သောကြာနေ့ အတွဲ (၆၂)၊ အမှတ် (၀၇၇)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်(လေ) ဖွဲ့စည်းတည်ထောင်မှု (၇၅) နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့အခမ်းအနားနှင့် လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်တော်ဝင် လေယာဉ်၊ ရဟတ်ယာဉ်များအား ကြည့်ရှုစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၅**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ တပ်မတော်(လေ) ၏ (၇၅) နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့အခမ်းအနားတွင် နိုင်ငံတော်နှင့် တပ်မတော်၏ လေကြောင်းစွမ်းပကား မြင့်မားစေရန်အတွက် လေယာဉ်၊ ရဟတ်ယာဉ်များတပ်တော်ဝင်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မိတ္ထီလာတပ်နယ်ရှိ လေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ အငြိမ်းစားကာကွယ်ရေးဦးစီးချုပ် (လေ) များနှင့် ဇနီးများ၊ အငြိမ်းစားကာကွယ်ရေးဦးစီးချုပ် (ရေ) များ၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် ဇနီး၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ လေတပ်စခန်းဌာနချုပ်မှူးများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ကျောင်းသားကျောင်းသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်ကြီးများ တက်ရောက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁ ➜*



# နိုင်ငံအတွက် ထာဝရလိုအပ်ချက်

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးသည် မကြာမီရက်သတ္တပတ် အနည်းငယ်အတွင်း (၇၅) နှစ်ပြည့်မြောက်တော့မည်ဖြစ်သည်။ နယ်ချဲ့လက်အောက်မှ လွတ်မြောက်ရေးကြိုးပမ်းခဲ့ရသည့် ကာလမှစ၍ နိုင်ငံအတွင်း စည်းလုံးညီညွတ်ရေးစကားကို ပြောကြားကာ စည်းလုံးညီညွတ်မှုကိုလည်း ခက်ခက်ခဲခဲ တည်ဆောက်ခဲ့ကြရသည်။ သူ့ခေတ်သူ့အခါတွင် ဘိုးဘွားတို့ စည်းလုံးညီညွတ်နိုင်ခဲ့ကြ၍ လွတ်လပ်ရေးကို ရယူနိုင်ခဲ့သော်ငြား နယ်ချဲ့တို့ ပျိုးခဲ့သည့် သံသယတို့က အကင်းမသေခဲ့သည့်အလျောက် အချုပ်အခြာအာဏာပိုင်သည့် လွတ်လပ်သောနိုင်ငံဘဝသို့ရောက်သည့်တိုင် ဖွံ့ဖြိုးတိုးတက်ရေးကို အားသွန်ခွန်စိုက်မလုပ်နိုင်။ သဘောထားများကွဲလွဲ၊ စည်းလုံးညီညွတ်မှုတို့ လျော့နည်းလျက် ဆယ်စုနှစ်ပေါင်းများစွာ ကြာမြင့်ပြီဖြစ်သော်လည်း ဖွံ့ဖြိုးမှုအနည်းဆုံးစာရင်းဝင်အဖြစ် ရုန်းကန်နေရဆဲဖြစ်သည်။

"ဝါးတစ်စည်းတွင် အစည်းပြေသွားပါက အားလျော့တတ်သကဲ့သို့ လူတို့တွင်လည်း အချင်းချင်းသဘောထားကွဲလွဲမှုများ ဖြစ်ပေါ်လာပါက စုစည်းညီညွတ်မှု အားယုတ်လျော့ပြီး ပြိုကွဲတတ်သည်ကို သင်ခန်းစာယူကြရန်လိုကြောင်း၊ နိုင်ငံသားအချင်းချင်း သဘောထားကွဲလွဲပြီး စည်းလုံးညီညွတ်မှုပြိုကွဲပါက နိုင်ငံ၏ အားသည်လည်း လျော့နည်းသွားသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ မိသားစုတစ်စုဌ်ပင်ဖြစ်စေ စည်းလုံးညီညွတ်မှုရှိမှသာလျှင် စုစည်းညီညွတ်သည့်အားကို ရရှိနိုင်မည်ဖြစ်ပြီး မိမိ မိသားစု၏ လုံခြုံမှုနှင့် လူမှုစီးပွားဘဝမြင့်တက်မှုကို ရရှိစေမည်ဖြစ်ကြောင်း" ဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် က မြစ်ကြီးနားတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့ရာ စည်းလုံးညီညွတ်မှုသည် မိမိတို့နိုင်ငံနှင့် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးအဖို့ အတိတ်တွင်ရော ပစ္စုပ္ပန်နှင့် အနာဂတ်ကာလများအတွက်ပါ ထာဝရလိုအပ်ချက်ဖြစ်သည်ကို သတိပြုကြရန်ပင် ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်လျှင် စီးပွားရေးကို အခြေခံအဖြစ် လူအများက ရှုမြင်လေ့ရှိကြသော်လည်း ပညာရှင်များကမူ နိုင်ငံရေးသည်သာ အခြေခံအကျဆုံးဖြစ်ကြောင်းနှင့် စီးပွားရေးက နိုင်ငံရေး၏ လက်အောက်ခံသာဖြစ်ကြောင်း အသိအမှတ်ပြုထားကြသည်။ နိုင်ငံရေးဟုဆိုရာတွင် နိုင်ငံသားပြည်သူများအားလုံး၊ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်ရေး၊ နိုင်ငံ၏ အရေးအရာများတွင် အကြီးအကဲနှင့် ပြည်သူတို့ တစ်သွေးတည်း တစ်သားတည်း ပူးပေါင်းဆောင်ရွက်ရေး၊ နိုင်ငံအတွင်း တရားဥပဒေစိုးမိုးမှု ထိရောက်ပျံ့နှံ့ရေး၊ ပြည်သူလူထု၏ လူမှုရေးစည်းကမ်း (Social discipline) ထိန်းသိမ်းလိုက်နာမှုကောင်းမွန်ရေးတို့ပါဝင်ပြီး နိုင်ငံ၏ အရင်းအမြစ်များကို လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားစွာနှင့် မှန်ကန်ထိရောက်စွာ စီမံခန့်ခွဲမှုတို့ဖြင့် ပေါင်းစပ်လုပ်ကိုင်ခြင်းဖြင့်သာ ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းပေါ်သို့ ရောက်ရှိနိုင်ကြောင်း ပညာရှင်များက ဖော်ပြထားကြသည်။

စည်းလုံးခြင်းသည်လည်းကောင်း၊ အစည်းပြေခြင်းသည်လည်းကောင်း နိုင်ငံတစ်နိုင်ငံအဖို့ ပြည်တွင်းရေးဖြစ်ပြီး မိသားစုတစ်စုအဖို့ဆိုလျှင် အိမ်တွင်းရေးပင်ဖြစ်သည်။ မိသားစုတစ်စု၏ အိမ်တွင်းရေးကို မိသားစုဝင်အချင်းချင်း ညှိနှိုင်းတိုင်ပင်ဆွေးနွေးကာ ကောင်းရာ ကောင်းကျိုး အဖြေရှာကြိုးပမ်းကြရသကဲ့သို့ နိုင်ငံတစ်နိုင်ငံအဖို့လည်း ထိုနည်းလည်းကောင်းပင်ဖြစ်သည်။ နိုင်ငံ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံသူ နိုင်ငံသား၊ တိုင်းရင်းသားပြည်သူလူထုအားလုံးတို့၏ လူမှုစီးပွားဘဝများ မြင့်မားရေးတို့အတွက် အဓိကလိုအပ်ချက်ဖြစ်သော စည်းလုံးညီညွတ်ရေးကို အားလုံးပါဝင်ဖော်ဆောင်နိုင်ကြပါစေကြောင်း။ ။

# စိန်ရတုတပ်မတော် (လေ) သို့

ဘာလိုလိုနဲ့ အရွယ်ထောက်
(၇၅)နှစ် ပြည့်မြောက်ခဲ့ပါပေါ့။
ဇရာအို ဆိုပေမယ့်
အထင်အမြင် မသေးချင်နဲ့နော်
တို့တစ်တွေ လျှောက်ခဲ့ရာလမ်း
သမင်လည်ပြန် လှမ်းလို့ ကြည့်စမ်းပါ။
မွေးဖွားစ အ,ကလေးဘဝမှ
ယနေ့ (၇၅) နှစ် ပြည့်သည်ထိ
မြန်မာ့ဝေဟင် လေပြင်ပိုင်နယ်
အချုပ်အခြာမထိပါးအောင် ကာကွယ်ခဲ့ . . .
အကြံဆိုးနဲ့ တိုးဝင်လာတဲ့ အန္တရာယ်
ရန်မာန်စွယ် အသွယ်သွယ်ကို ချိုးနှိမ်လို့
ဝေဟင်မှာ ပစ်ကူဆင်ကာ ပါဝင်နွှဲခဲ့ . . .
သဘာဝဘေးဒဏ်ဆိုးနဲ့ ကြုံတဲ့အခါ
တာဝန်ကိုထိပ်ပန်၊ စေတနာအရင်းခံနဲ့
အဝေးအနီး အစုန်အဆန်
တောင်ပံကို သွင်သွင်ခတ်ကာ
စေစား သယ်ယူ၊ ကူညီအား ဖြည့်ခဲ့ . . .
ငါ . . . တို့ရဲ့ တပ်မတော် လေ
မနုငယ် မပျိုရွယ်တော့သော်လည်း
လက်ရုံးရည် နှလုံးရည်စွမ်းအားများပြည့်
ငါ . . . ဟော့လို့ ကြုံးဝါးနေမြဲ . . .
မွေးဖွားပြုစု၊ ပျိုးထောင်မှုပေးခဲ့
ရင်နှစ်ရင်သွေး၊ သားရွယ်သမီးငယ်တို့
ထူးပွဲချွန်ပါပေ့ လို့ ဂုဏ်ယူ
ထပ်တူခြေရာ နင်းနိုင်ပေ့ဟု ဝင့်ကြွား
"တက်နိုင်ဖျားရောက်" လို့ ဟစ်ကြွေးရင်း
သားသမီး မြေးမြစ် ပြောထုံးဖြစ်အောင်
လင်းယုန်ငှက်တို့အားမာန်၊ ရဲစွမ်းတွေ . . .
ရှင်သန်တိုးပွား၊ မြင့်မားသည်ထက်မြင့်မား
ဝံ့စားနိုင်သော သမိုင်းကြောင်း
ကောင်းသည်ထက်ကောင်းပါစေ
ကဗျာမော်ကွန်းနဲ့ ဆုမွန်ခြွေ . . . ။ ။

**သီရိပြည့်စုံမေ**

## (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြု၊ သီပေါ၌ ကတ္တရာလမ်းသစ်ဖွင့်ပွဲကျင်းပ

**သီပေါ ဒီဇင်ဘာ ၁၅**

(၇၅) နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်စည်ကြီးကြပ်၍ တာဝန်ခံအင်ဂျင်နီယာ ဒေါ်သီတာအေးနှင့် ဝန်ထမ်းများ ဆောင်ရွက်ခဲ့သည့် လမ်းသစ်ဖွင့်လှစ်ခြင်းကို ယနေ့နံနက်ပိုင်းက ဇာတ်စုရပ်နှင့် တာပုတ်ကျေးရွာလမ်း၌ကျင်းပရာ ဒေသခံပြည်သူများ စတင်ဖြတ်သန်းသွားလာနိုင်မည်ဖြစ်သည်။

အဆိုပါ ဇာတ်စုရပ်နှင့် တာပုတ်ကျေးရွာလမ်း ပေအရှည် ၆၀၀၊ အကျယ် ၁၂ ပေနှင့် ထု ၆ လက်မရှိ ကတ္တရာထပ်ပိုးလွှာခင်းခြင်းကို မြို့နယ်စည်ပင်သာယာရေးဌာန၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ် ၉ ဒသမ ၉၃၁ သန်းဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး ယခင်က အမာခံကျောက်ချော လမ်းမှ ယခုဘဏ္ဍာနှစ်တွင် ကတ္တရာလမ်းအဆင့်သို့ မြှင့်တင်ဆောင်ရွက်ခြင်းဖြစ်သည်။

ထိုသို့ ဒေသခံပြည်သူများ နေထိုင်လျက်ရှိသော လမ်းများ ယခုကဲ့သို့ ဆောင်ရွက်ပေးခြင်းဖြင့် မြို့ပြနှင့် ကျေးလက်မှ လိုအပ်သည့် ကုန်စည်များနှင့် ခြံထွက်သီးနှံများကို အချိန်နှင့်တစ်ပြေးညီ ရောင်းဝယ်ဖောက်ကားနိုင်မည့် အကျိုးကျေးဇူးများ ရရှိခံစားနိုင်ပြီဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## (၄၈)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ သဝဏ်လွှာဖတ်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကျင်းပ

**ကျောက်တော် ဒီဇင်ဘာ ၁၅**

ရခိုင်ပြည်နယ် ကျောက်တော်မြို့၌ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်တွင် ကျရောက်သည့် (၄၈) နှစ်မြောက် ရခိုင်ပြည်နယ်နေ့ သဝဏ်လွှာဖတ်ပွဲ အခမ်းအနားနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကစ္ဆပနဒီခန်းမအတွင်း၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံမှ ပေးပို့သော (၄၈)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ သဝဏ်လွှာကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်စွာညွှန့်က ဖတ်ကြားသည်။ ဆက်လက်ပြီး (၄၈)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ် မြို့နယ်အဆင့် ဌာနဆိုင်ရာ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုပေးပွဲပြုလုပ်ရာ ပထမဆုရရှိသော မြို့နယ် မီးသတ်ဦးစီးဌာနအသင်းအား မြို့မိမြို့ဖ ဒေါက်တာဦးထွန်းအေးက လည်းကောင်း၊ ဒုတိယဆုရရှိသော ကျန်းမာရေးဦးစီးဌာနအသင်းအား မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင် ဦးမောင်ဝင်းက လည်းကောင်း၊ တတိယဆုရရှိသော မွေးကုညွှန့်ပေါင်းအသင်းအား မြို့နယ်အားကစားမှူး ဦးတင်လှိုင်က လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြသည်။



အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပိုက်ကျော်ခြင်း ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြောင်း သိရသည်။

**ခင်မောင်ထွန်း(ပြန်/ဆက်)**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား တပ်မတော်(လေ)မှ စမ်းသပ်ထုတ်လုပ်သည့် MTX-1A အပါအဝင် PT-6 လေယာဉ် ၁၅ စင်းဖြင့် အင်္ဂလိပ်အက္ခရာ 75 ပုံစံ အုပ်ဖွဲ့၍ ပျံသန်းအလေးပြုကြစဉ်။



လေယာဉ်၊ ရဟတ်ယာဉ်များ အုပ်ဖွဲ့ပုံစံပျံသန်းအလေးပြုခြင်းများ ဆောင်ရွက်စဉ်။

○ *ရှေ့ဖုံးမှ*

**ပျံသန်းအလေးပြု**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ အခမ်းအနား စတင်ရန် ခွင့်ပြုချက် တောင်းခံပြီး (၇၅) နှစ်မြောက် စိန်ရတုတပ်မတော် (လေ) နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ကျင်းပပြုလုပ်သည့် လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်အခမ်းအနားကို ဂုဏ်ပြုသောအားဖြင့် တပ်မတော်(လေ)မှ စမ်းသပ်ထုတ်လုပ်သည့် MTX-1A အပါအဝင် PT-6 လေယာဉ် ၁၅ စင်းဖြင့် အင်္ဂလိပ်အက္ခရာ 75 ပုံစံ အုပ်ဖွဲ့၍ ရှုရပ်မဏ္ဍပ်၏ ရှေ့တူရူမှ ပျံသန်းဝင်ရောက်ကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို ပျံသန်းအလေးပြုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပပြုလုပ်သည့် အခမ်းအနားသည် (၇၅)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည့် တပ်မတော်(လေ) ၏ စိန်ရတုနှစ်ပတ်လည်နေ့ အခမ်းအနားဖြစ်ကြောင်း၊ မင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့် ယနေ့တွင် တပ်မတော်(လေ)အတွက် အားသစ်လောင်းမည့်လေယာဉ်/ရဟတ်ယာဉ်အသစ်များကို တစ်ပါတည်း တပ်တော်ဝင်ပေးသွားမည်ဖြစ်ကြောင်း၊ (၇၅) နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့ဆိုသည်မှာ ကြုံတောင့်ကြုံခဲ ဂုဏ်ယူစရာ နေ့ထူးနေ့မြတ်ဖြစ်သည့်အတွက် အခမ်းအနားကိုကြွရောက်လာကြသည့် ဧည့်သည်တော်များ၊ ၇၅ နှစ်တာကာလအတွင်း တပ်မတော်(လေ)ကို ဦးဆောင်ခဲ့ကြသည့် အငြိမ်းစားကာကွယ်ရေးဦးစီးချုပ် (လေ) များ၊ တပ်မတော်(လေ) တွင် ဦးဆွေးဆံမြည့် တာဝန်ထမ်းဆောင်နေကြသည့် အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များနှင့် အငြိမ်းစားစစ်မှုထမ်းအားလုံးကိုယ်စိတ်နှလုံးသုံးပါးလုံး ချမ်းမြေ့သာယာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သပါကြောင်း။

တပ်မတော်သည် လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားလာသည့် မျိုးချစ်တပ်မတော် ဖြစ်သကဲ့သို့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများဖြင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စုတပ်မတော်လည်းဖြစ်ကြောင်း၊ နိုင်ငံတော်အပေါ် ကျရောက်လာနိုင်သည့် ပြည်တွင်း၊ ပြည်ပအန္တရာယ်များကို ကာကွယ်တားဆီးရန် အဓိကတာဝန်ရှိသည့် အဖွဲ့အစည်းလည်းဖြစ်ကြောင်း၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် ပြည်သူများနှင့် လက်တွဲပြီး အသက်၊ သွေး၊ ချွေးပေါင်းများစွာ ပေးဆပ်ဆောင်ရွက်ခဲ့ကြသည်ကို ခေတ်အဆက်ဆက် အထင်အရှား တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့အစဉ်အလာကြီးမားသည့် ပြည်ထောင်စုတပ်မတော်ဆိုသည်မှာ တပ်မတော် (ကြည်း)၊ တပ်မတော် (ရေ) နှင့် တပ်မတော် (လေ) ဟူသည့် ညီနောင်တပ်ဖွဲ့ ၃ ခု ညီညွတ်စွာ ပေါင်းစုတည်ထောင်ထားသည့် နိုင်ငံလက်ရုံးအဖွဲ့အစည်းမျိုးကိုသာ ခေါ်ဆိုရမည့် အမည်နာမဖြစ်သည်ကို ဦးစွာပြောကြားလိုကြောင်း။

**ထူးခြားသည့် အားအင်သစ်များ**

တပ်မတော်(လေ) ဖြစ်တည်လာပုံနှင့် ပတ်သက်ပြီး အနည်းငယ်ပြောကြားလိုကြောင်း၊ လေကြောင်းပျံသန်းမှုပညာရပ်သည် မြန်မာနိုင်ငံကို ဒုတိယကမ္ဘာစစ်မတိုင်မီ နယ်ချဲ့လက်အောက်ရှိနေစဉ်ကပင် ရောက်ရှိလာခဲ့ခြင်းဖြစ်ကြောင်း၊ ၁၉၄၇ ခုနှစ်၊ ဇူလိုင် ၁၃ ရက်တွင် ဗိုလ်ချုပ်အောင်ဆန်းက လေတပ်သည် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ကာကွယ်ရန်အတွက် မရှိမဖြစ်လိုအပ်သည့် တပ်ဖွဲ့တစ်ခုဖြစ်ကြောင်း ပြောကြားခဲ့ပြီး လေတပ်ဖွဲ့စည်းနိုင်ရေး ခြေလှမ်းတစ်ရပ်အဖြစ် ဖြစ်ပေါ်ခဲ့ကြောင်း၊ မြန်မာနိုင်ငံ လွတ်လပ်ရေးမရခင် ၁၉၄၇ ခုနှစ်၊ ဒီဇင်ဘာ ၁၅ ရက်တွင် တပ်မတော်(လေ)အက်ဥပဒေကို ပြဋ္ဌာန်းခြင်းဖြင့် တပ်မတော်(လေ)ကို စတင်သန္ဓေတည် မွေးဖွားလာခဲ့ကြောင်း၊ တပ်မတော်(လေ) စတင် ဖွဲ့စည်းခဲ့သည့်အချိန်မှစပြီး ပြည်တွင်းသောင်းကျန်းမှုများ တိုင်းပြည်အနှံ့ ပေါ်ပေါက်လာခဲ့သည့်အတွက် စီမံခန့်ခွဲမှု၊ လေ့ကျင့်မှုနှင့် ဖွဲ့စည်းမှုများပြုလုပ်နေဆဲ၌ပင် တိုက်ခိုက်ရေးတာဝန်များကို မဖြစ်မနေ ထမ်းဆောင်ရန် ဖြစ်လာခဲ့ရကြောင်း၊ Burma Air Force – BAF မှ Myanmar Air Force– MAF အဖြစ် ၁၉၉၀ ပြည့်နှစ်တွင် အမည်ပြောင်းလဲခဲ့ကြောင်း၊ ယခု စိန်ရတုကာလပြည့်မြောက်သည့်နှစ်၌ စတုတ္ထမျိုးဆက်လွန် ဘက်စုံသုံးတိုက်လေယာဉ်များ ရရှိပိုင်ဆိုင်လာခြင်းဖြင့် တပ်မတော် (လေ) အတွက် ထူးခြားသည့် အားအင်သစ်များ ဆောင်ကြဉ်းပေးလာခြင်းပင်ဖြစ်ကြောင်း။

စက်မှုလက်မှုအပိုင်းတွင် ခေတ်မီလေယာဉ်/ရဟတ်ယာဉ်နှင့် လက်နက်စနစ်များ၊ အထောက်အကူစနစ်များကို ပြည်တွင်း၌ပင် တတ်နိုင်သမျှ ပြုပြင်ထိန်းသိမ်းပြင်ဆင်ခြင်းများ ဆောင်ရွက်နိုင်ရေး လေယာဉ်နှင့်အင်ဂျင် ပြင်ဆင်ရေးအလုပ်ရုံများ၊ Universal Service Support Center များ၊ အစိတ်အပိုင်းထုတ်လုပ်ရေးအလုပ်ရုံများ ဖြည့်ဆည်းတပ်ဆင်ပေးခဲ့ကြောင်း၊ ထို့ကြောင့် ခေတ်မီစတုတ္ထမျိုးဆက်တိုက်လေယာဉ်များအထိ ပြည်တွင်း၌ ပုံမှန်စစ်ဆေးပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်နေပြီဖြစ်ကြောင်း။

**သမိုင်းကဏ္ဍသစ်ကို ဖွင့်လှစ်ခဲ့**

တပ်မတော်တွင် တိုင်းရင်းသားလူမျိုးပေါင်းစုံ တာဝန်ထမ်းဆောင်လျက်ရှိပြီး အမျိုးသားများသာမက အမျိုးသမီးများပါ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ တပ်မတော် (လေ)၌ ၁၉၅၄ ခုနှစ်ကတည်းက အမျိုးသမီးအုပ်ချုပ်မှုအရာရှိ လေးဦး ရှိခဲ့ပြီးဖြစ်သည်ကို တွေ့ရကြောင်း၊ ၁၉၅၆ ခုနှစ်၊ ဇွန်လ ၂၉ ရက်တွင် ဗိုလ်ဒေါ်လှသန်းက စက်မဲ့ဂလိုက်ဒါကို တစ်ဦးတည်း မောင်းနှင်ပြသခဲ့ခြင်းဖြင့် တပ်မတော်(လေ)၏ အမျိုးသမီးများ သမိုင်းကဏ္ဍသစ်ကို ဖွင့်လှစ်ခဲ့ကြောင်း။

ထို့နောက်ပိုင်းတွင် အမျိုးသမီးများ၏ကဏ္ဍ တိမ်မြုပ်ခဲ့ရသော်လည်း ၂၀၁၄ ခုနှစ်မှစပြီး အမျိုးသမီးများကို နိုင်ငံတော်ကာကွယ်ရေးတာဝန်များ ထမ်းဆောင်ရန် ပြန်လည်စီစဉ်ခဲ့ရာ ယခုအချိန်တွင် အုပ်ချုပ်မှုပိုင်းသာမက တိုက်လေသူရဲ၊ သယ်ယူပို့ဆောင်ရေးလေသူရဲနှင့် ရဟတ်ယာဉ်လေသူရဲ စသည်ဖြင့် တပ်မတော်(လေ)၏ ပျံသန်းရေးဆိုင်ရာ ကဏ္ဍမျိုးစုံအထိ အမျိုးသားလေသူရဲများနှင့်တန်းတူ နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်လျက်ရှိကြောင်း။

တပ်မတော်(လေ)သမိုင်းတစ်လျှောက် ကြုံတွေ့ခဲ့ရသည့် တိုက်ပွဲများကို ပြန်ကြည့်မည်ဆိုပါက လေတပ်ဦးစီးချုပ်မှစ၍ လေသူရဲငယ်များအထိ အဆင့်အတန်းအားလုံးသည် နိုင်ငံတော်အတွက် အသက်ကိုပဓာနမထားဘဲ မျိုးချစ်စိတ်၊ စွန့်လွှတ်စွန့်စားစိတ်များဖြင့် ပေးဆပ်သက်သေပြခဲ့ကြသည်ကို ဂုဏ်ယူဖွယ်တွေ့ရှိရမည်ဖြစ်ကြောင်း၊ မဲခေါင်စစ်ဆင်ရေးကာလတွင် စွန့်လွှတ်စွန့်စားရင်း အသက်ပေးခဲ့ရသည့် လေသူရဲ ဒုဗိုလ် ပီတာကို နိုင်ငံတော်က "သူရ" ဘွဲ့ ချီးမြှင့်ပေးခဲ့ကြောင်း၊ အလားတူ ၁၉၇၇ ခုနှစ် ခြူးရွှေ- ပန်ကောက် တိုက်ပွဲကာလအတွင်း ရဲဝံ့စွန့်စားစွာ တိုက်ခိုက်ရင်း ဗိုလ်မှူး အုန်းခိုင် ကျဆုံးခဲ့ရကြောင်း၊ ၎င်း၏ ပြောင်မြောက်သည့် သတ္တိနှင့် ရဲရင့်မှုများအတွက် နိုင်ငံတော်က "သူရ" ဘွဲ့ ချီးမြှင့်ပေးခဲ့ကြောင်း။

စွမ်းဆောင်နိုင်မှုများနှင့် အောင်မြင်မှုများသည် တပ်မတော်(လေ)ကို စတင်တည်ထောင်စဉ်ကစပြီး ယခုအချိန်အထိ လက်ဆင့်ကမ်းတာဝန်ထမ်းဆောင်ခဲ့ကြသည့် အရာရှိ/စစ်သည်များ၏ မဆုတ်မနစ်စွမ်းစွမ်းတမံ ဆောင်ရွက်မှုများနှင့် စွန့်လွှတ်စွန့်စားသည့် စိတ်ဓာတ်များကြောင့်သာ ဖြစ်ကြောင်း၊ ထိုကဲ့သို့ မြင့်မြတ်သည့်ဂုဏ်ဒြပ်များနှင့် အသက်ကို ပဓာနမထားဘဲ ပေးဆပ်တိုက်ပွဲဝင်ခဲ့ကြသည့် စံပြုထိုက်သည့် သူရဲကောင်းစစ်သည်တော်များကို တပ်မတော်ဆိုင်ရာ စွမ်းရည်ဘွဲ့တံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ရာ သီဟသူရဘွဲ့ ၁ ဦး၊ သူရဘွဲ့ ၂၆ ဦး၊ သူရဲကောင်းမှတ်တမ်းဝင်တံဆိပ် ချီးမြှင့်ခံရသူ ၁၁၇ ဦးအထိ ချီးမြှင့်ခံရသည်ကို ဂုဏ်ယူဖွယ်တွေ့ရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့မြင့်မြတ်သည့် အစဉ်အလာကောင်းများကို လေးစားတန်ဖိုးထားပြီး လက်ဆင့်ကမ်းအမွေဆက်လက်ထိန်းသိမ်းသွားကြရန်လည်း တိုက်တွန်းမှာကြားလိုကြောင်း။

*စာမျက်နှာ ၄ သို့*





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော် (လေ)၏ (၇၅) နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**❖ (၇၅)နှစ်တာကာလခရီးကို ဖြတ်သန်းလာခဲ့ပြီးသည့် ယနေ့အချိန်တွင် တပ်မတော် (လေ)သည် မျိုးဆက်သစ်လေသူရဲများဖြင့် စတုတ္ထမျိုးဆက်လွန် ဘက်စုံသုံးတိုက်လေယာဉ်များ၊ နည်းဗျူဟာမြောက် သယ်ယူပို့ဆောင်ရေးလေယာဉ်များဖြင့် အဆင့်မြင့်တိုက်လေယာဉ်/ရဟတ်ယာဉ်များကို အားမာန်အပြည့် မောင်းနှင်ပျံသန်းနိုင်ကြပြီဖြစ်၊ နည်းပညာသုတေသနပြု စမ်းသပ်ထုတ်လုပ်နိုင်မှုအပိုင်းတွင်လည်း MTX-1A လေယာဉ်နှင့် SR-1 UAV များကို ကိုယ်တိုင်စမ်းသပ်ထုတ်လုပ်နိုင်ခဲ့သည်ကို တွေ့ရ**

*စာမျက်နှာ ၃ မှ*

(၇၅)နှစ်တာကာလခရီးကို ဖြတ်သန်းလာခဲ့ပြီးသည့် ယနေ့အချိန်တွင် တပ်မတော် (လေ) သည် မျိုးဆက်သစ်လေသူရဲများဖြင့် စတုတ္ထမျိုးဆက်လွန် ဘက်စုံသုံးတိုက်လေယာဉ်များ၊ နည်းဗျူဟာမြောက် သယ်ယူပို့ဆောင်ရေးလေယာဉ်များဖြင့် အဆင့်မြင့် တိုက်လေယာဉ်/ရဟတ်ယာဉ်များကို အားမာန် အပြည့် မောင်းနှင်ပျံသန်းနိုင်ကြပြီဖြစ်ကြောင်း၊ နည်းပညာသုတေသနပြု စမ်းသပ်ထုတ်လုပ်နိုင်မှု အပိုင်းတွင်လည်း MTX–1A လေယာဉ်နှင့် SR–1 UAV များကို ကိုယ်တိုင်စမ်းသပ်ထုတ်လုပ်နိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း။

### ဂုဏ်ပြုမှတ်တမ်းတင်

တပ်မတော်(လေ)အနေဖြင့် စိန်ရတုခရီးကာလအတွင်း နိုင်ငံတော်ကာကွယ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးများအပြင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကူညီရှာဖွေကယ်ဆယ်ရေး၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးစသည့် ကဏ္ဍအသီးသီးတွင် ကျရာနေရာမှ ပေးအပ်လာသည့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ၇၅ နှစ်တာကာလအတွင်း နိုင်ငံတော်၏ ကျရာတာဝန်များကို ဦးဆွေးဆံမြည့် တာဝန်ထမ်းဆောင်ခဲ့ကြသူများ၊ တာဝန်ထမ်းဆောင်ဆဲ တပ်မတော်(လေ) တပ်ဖွဲ့ဝင်များအားလုံးကို ဂုဏ်ပြုမှတ်တမ်းတင်ကြောင်းကို ပြောကြားလိုကြောင်း။

ယနေ့ တပ်တော်ဝင်မည့် လေယာဉ်၊ ရဟတ်ယာဉ်များ၏ စွမ်းပကားများ ထပ်မံပေါင်းစပ်လိုက်မည်ဆိုပါက တပ်မတော်(လေ)အနေဖြင့် မဟာဗျူဟာမြောက် အလှမ်းမီစစ်ဆင်နိုင်မှုအပြင် ရေငုပ်သင်္ဘောတန်ပြန်စစ်ဆင်နိုင်မှုများပါ ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် ဝေဟင်၊ မြေပြင်၊ ရေပြင်နှင့်ရေအောက် Dimension လေးခုလုံးတွင် စွမ်းအားပြည့် စစ်ဆင်နိုင်တော့မည်ဖြစ်ကြောင်း။

### တပ်မတော်၏ဂုဏ်ကို မြှင့်တင်

စိန်ရတုကာလအထိ သမိုင်းအဆက်ဆက် တိုင်းပြည်တာဝန်များကို ကျရာအခန်းကဏ္ဍမှ ကျေပွန်အောင် ထမ်းဆောင်နိုင်ခဲ့သည့် တပ်မတော်(လေ)၏ အစဉ်အလာကောင်းများကို မျိုးဆက်သစ်များက ဆက်လက်ထိန်းသိမ်းပြီး တို့တာဝန်အရေးသုံးပါးကို အစဉ်ဦးထိပ်ထားကာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်ကာကွယ်ရေးလုပ်ငန်းများတွင် တစ်တပ်တစ်အား ဆက်လက်ပါဝင် ဆောင်ရွက်သွားကြရန်၊ တပ်မတော်(လေ)မှ အရာရှိ၊ စစ်သည်အားလုံးသည် တပ်မတော်ရှိ အခြားသော ညီနောင်တပ်ဖွဲ့များနှင့် ကျောချင်းကပ်၊ ရင်ချင်းအပ်ပြီး တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြရန်၊ နောင်တော်သူရဲကောင်း စစ်သည်တော်များ၏ စွမ်းဆောင်နိုင်ခဲ့မှုများအတွက် ဂုဏ်ယူသင်ခန်းစာယူပြီး နောင်တော်များကဲ့သို့ ပေးအပ်လာမည့် တာဝန်နှင့် ဝတ္တရားများကို ဦးလည်မသုန် ကျေပွန်စွာ ဆက်လက်ထမ်းရွက်ကြရန်၊ ယခု တပ်တော်ဝင်ပေးလိုက်သည့် လေယာဉ်များကို စစ်သည်တော် ကျင့်ဝတ်ပါ "မိမိလက်နက်ကို ခင်မင်မြတ်နိုးပါ" ဟူသည့်အတိုင်း စည်းကမ်းစနစ်တကျ မြတ်နိုးစွာ ကိုင်တွယ်ပျံသန်းပြီး တပ်မတော်၏ ဂုဏ်ကို မြှင့်တင်ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

(၇၅) နှစ်တာကာလတစ်လျှောက် နိုင်ငံတော်နှင့် တပ်မတော်အတွက် ကျရာကဏ္ဍအသီးသီးမှ တာဝန်ကျေပွန်အောင် မှတ်ကျောက်တင်ဆောင်ရွက်ခဲ့ကြသည့် တပ်မတော် (လေ) မိသားစုများအားလုံးကို ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်ကြောင်းနှင့် အနာဂတ်ကာလတွင်လည်း ကျရာတာဝန်များကို စွမ်းစွမ်းတမံ ဆက်လက်ကြိုးပမ်း ထမ်းဆောင်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။



ကာကွယ်ရေးဦးစီးချုပ်(လေ)
ဗိုလ်ချုပ်ကြီး ထွန်းအောင်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်က လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်အထိမ်းအမှတ် လေယာဉ်ပုံစံငယ်များ ပေးအပ်စဉ်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်က လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်ခြင်းနှင့် ပတ်သက်၍ ကျေးဇူးတင်စကား ပြောကြားပြီး စစ်ဦးစီးအရာရှိချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဝင်းမြင့်က လေယာဉ်၊ ရဟတ်ယာဉ်များအား တပ်တော်ဝင်အဖြစ် ကြေညာသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်က လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်အထိမ်းအမှတ် လေယာဉ်ပုံစံငယ်များ ပေးအပ်သည်။

ဆက်လက်၍ လေယာဉ်၊ ရဟတ်ယာဉ်များ သရုပ်ပြအုပ်ဖွဲ့ပျံသန်းအလေးပြုခြင်းနှင့် ကျွမ်းထိုးသရုပ်ပြပျံသန်းခြင်းများ ပြသကြရာ ဦးစွာအချိန်ကိုက်ပျံသန်း အလေးပြုခြင်းအစီအစဉ်အရ သယ်ယူပို့ဆောင်ရေးရဟတ်ယာဉ်တစ်စင်းက နိုင်ငံတော်အလံကို ချိတ်ဆွဲပြီး တိုက်ခိုက်ရေးရဟတ်ယာဉ်သုံးစင်းတို့က တပ်မတော်(ကြည်း၊ ရေ၊ လေ) အလံများကို ချိတ်ဆွဲလျက် Composite Trail Formation ခေါ် အတန်းလိုက်အုပ်ဖွဲ့ပုံစံဖြင့် ပျံသန်းခြင်း၊ အမျိုးအစား မတူညီသည့် ရဟတ်ယာဉ် လေးစင်းတို့က Composite Box Formation အုပ်ဖွဲ့ပုံစံဖြင့် ပျံသန်းအလေးပြုခြင်း၊ အပေါ့စားသယ်ယူပို့ဆောင်ရေးရဟတ်ယာဉ်ဖြင့် Hoist စွမ်းရည်ပြသခြင်း၊ သယ်ယူပို့ဆောင်ရေးရဟတ်ယာဉ်ဖြင့် Bambi Bucket အသုံးပြု၍ မီးငြိမ်းသတ်မှုအား သရုပ်ပြခြင်း၊ အမျိုးအစားမတူညီသော ကင်းထောက်လေယာဉ် တစ်စင်း၊ သယ်ယူပို့ဆောင်ရေးလေယာဉ် နှစ်စင်းတို့ဖြင့် Composite Arrow Head Formation အုပ်ဖွဲ့ပုံစံ ပျံသန်းအလေးပြုခြင်းများ ဆောင်ရွက်ကြသည်။

ယင်းနောက် အမျိုးအစားမတူသည့် သယ်ယူပို့ဆောင်ရေးလေယာဉ် သုံးစင်းတို့က Composite Arrow Head Formation အုပ်ဖွဲ့ပုံစံဖြင့် ပျံသန်းအလေးပြုခြင်း၊ မြွေဟောက်အုပ်ဖွဲ့မှ ဂျက်တိုက်လေယာဉ် တစ်စင်းနှင့် အမောင်းသင်ဂျက်တိုက်လေယာဉ် သုံးစင်းတို့သည် Composite Box Formation အုပ်ဖွဲ့ပုံစံဖြင့် ပျံသန်းအလေးပြုပြီး အမောင်းသင်ဂျက်တိုက်လေယာဉ် သုံးစင်းမှ တပ်မတော်(လေ) ကို

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်တော်ဝင်လေယာဉ်၊ ရဟတ်ယာဉ်များအား အမွှေးနံ့သာရည် ပက်ဖျန်းပေးစဉ်။

စာမျက်နှာ ၄ မှ

ကိုယ်စားပြုသည့် အဝါရောင်၊ အဖြူရောင်၊ အပြာရောင် မီးခိုးတန်း Smoke Trail များကို ထုတ်လွှတ်လျက်ပျံသန်းခြင်း၊ ဗုံးကြဲလေယာဉ် တစ်စင်းနှင့် အပေါ့စားဂျက်တိုက်လေယာဉ် လေးစင်းတို့သည် Composite Arrow Head Formation အုပ်ဖွဲ့ပုံစံဖြင့် ပျံသန်းအလေးပြုခြင်း၊ ဘက်စုံသုံးဂျက်တိုက်လေယာဉ် တစ်စင်းနှင့် ကြားဖြတ်တိုက်ခိုက်ရေးလေယာဉ် လေးစင်းတို့သည် Composite Arrow Head Formation အုပ်ဖွဲ့ပုံစံဖြင့် ပျံသန်းအလေးပြုခြင်း၊ ဘက်စုံသုံးတိုက်ခိုက်ရေးလေယာဉ် ခြောက်စင်းတို့က Wedge Formation အုပ်ဖွဲ့ပုံစံဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ပျံသန်းအလေးပြုကြသည်။

**လေယာဉ်မောင်းစွမ်းရည်များ ပြသ**

ထို့နောက် ဘက်စုံသုံးဂျက်တိုက်လေယာဉ်ဖြင့် ပျံသန်းအလေးပြုပြီး လှုပ်ရှားစစ်ကစားနိုင်မှု စွမ်းရည်ပြသပျံသန်းရာ ဂျက်တိုက်လေယာဉ်သည် High Speed Flight ဖြင့် သရုပ်ပြပျံသန်းပြီး ရန်သူ့ထံမှ တန်ပြန်ပစ်ခတ်လာနိုင်သော လေကြောင်းရန်ကာကွယ်ရေးလက်နက်များအား ရှောင်ရှားပျံသန်းရာတွင် အသုံးပြုသည့် စစ်ကစားမှုပုံစံ Combat Turn ဖြင့် လေယာဉ်အား ရေပြင်ညီအနေအထားမှ ညာဘက်သို့ ရုတ်ခြည်းကွေ့၍ ဆွဲတင်ရသည့် စစ်ကစားမှုပုံစံအား သရုပ်ပြခြင်း၊ Level 8 ဟုခေါ်သည့် အင်္ဂလိပ်အက္ခရာ ၈ ပုံသဏ္ဌာန် ရေပြင်ညီကွေ့ဝိုက်ပျံသန်း သရုပ်ပြခြင်း၊ မိမိလေယာဉ်နောက်မှ ထက်ကြပ်မကွာလိုက်လာသော ရန်သူကို လှည့်စားသည့်အနေဖြင့် ဘယ်သို့မဟုတ် ညာသို့ Aileron Roll ပြုလုပ်ကာ စစ်ကစားမှု ပြုလုပ်ပျံသန်းခြင်း၊ တိုက်လေယာဉ်တစ်စင်းအတွက် Radius of Turn ကျဉ်းကျဉ်းကွေ့နိုင်ခြင်းအားဖြင့် လေယာဉ်ချင်း စီးချင်းထိုးစစ်ကစားချိန်တွင် အားသာမှုရရှိစေနိုင်ရန် ပြုလုပ်သည့် Maximum Banking Turn အား သရုပ်ပြပျံသန်းခြင်းများနှင့် အမြန်နှုန်းအနိမ့်ဆုံးဖြင့် စွမ်းရည်ပြရန်အတွက် Slow Flight ပျံသန်းခြင်းများကို ဆောင်ရွက်၍ လေယာဉ်မောင်းစွမ်းရည်များ ပြသကြသည်။

ဆက်လက်၍ စတုတ္ထမျိုးဆက်လွန် ဘက်စုံသုံး အကြီးစားတိုက်လေယာဉ်ဖြစ်သည့် Su-30 SME တိုက်လေယာဉ် တစ်စင်းဖြင့် ပျံသန်းအလေးပြုပြီး ယင်းတိုက်လေယာဉ်၏ အဆင့်မြင့် လှုပ်ရှားစစ်ကစားမှု (High Performance Maneuver) များကို စွမ်းရည်ပြပျံသန်းခြင်းများ ဆောင်ရွက်သည်။

**ပျံသန်းမှုပုံစံအား သရုပ်ပြ**

ထိုသို့စွမ်းရည်ပြသရာတွင် Tail Slide ဟုခေါ်သော ဒေါင်လိုက်ပျံတက်ပြီး အမြန်နှုန်း Zero သို့လျှော့ချကာ အောက်သို့ ဒေါင်လိုက်ပြန်လည်လျှောကျသည့် ပျံသန်းမှုပုံစံအား သရုပ်ပြခြင်းနှင့် Flap Spin ဟုခေါ်သည့် ရေပြင်ညီအပြားလိုက်လည်ကျသော ပျံသန်းမှုပုံစံအား သရုပ်ပြသသည်။ Flap Spin Maneuver သည် သာမန်ဂျက်တိုက်လေယာဉ်များမပြုလုပ်နိုင်သော ပျံသန်းမှုအမျိုးအစားဖြစ်ပြီး Su-30 တိုက်လေယာဉ်တွင်မှု လေယာဉ်၏ အင်ဂျင်ပိုင်း၊ ကိုယ်ထည်ပိုင်းနှင့် ပျံသန်းမှုထိန်းသိမ်းသည့်စနစ်များကို အဆင့်မြင့်နည်းပညာများနှင့် ပေါင်းစပ်ပြုလုပ်ထားသောကြောင့် Flap Spin Maneuver ကို ဆောင်ရွက်နိုင်ခြင်းဖြစ်ကြောင်း သိရှိရသည်။

**အလေးပြုပျံသန်းခြင်းများ ဆောင်ရွက်**

ယင်းနောက် လိုအပ်သောအမြင့်သို့ အမြန်ဆုံးတက်ရောက်လိုသည့် အချိန်တွင်လည်းကောင်း၊ အမြန်နှုန်းလျော့နည်းနေစဉ်တွင် လေယာဉ်၏ ဦးတည်ရာလမ်းကြောင်းအား ရုတ်ခြည်းပြောင်းလဲလိုသော အချိန်တွင်လည်းကောင်း အသုံးပြုရသည့် စစ်ကစားမှုပုံစံအမျိုးအစားဖြစ်သော လေယာဉ်အား အပေါ်သို့ရုတ်ခြည်း ဒေါင်လိုက်ဆွဲတင်ပြီး တစ်ဆက်တည်းတွင် အောက်သို့ရုတ်တရက် ပြန်လည်စိုက်ဆင်းသည့် Zoom & Dive with 90˙ Maneuver အား သရုပ်ပြပျံသန်းခြင်း၊ မိမိလေယာဉ်၏နောက်မှ အနီးကပ်လိုက်ပါလာသည့် ရန်သူ့လေယာဉ်ကို မိမိ၏ မြင်ကွင်း၊ ပစ်ကွင်းရှေ့သို့ ပြန်လည်ရောက်ရှိစေပြီး အမြန်ဆုံးပြန်လည်တိုက်ခိုက်နိုင်သည့် စစ်ကစားမှုပုံစံဖြစ်သော High AOA Roll အား သရုပ်ပြပျံသန်းခြင်းနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အမြန်နှုန်း 100 Km/hr ခန့်နှင့် ပျံသန်းသော Slow Flight ဖြင့် အလေးပြုပျံသန်းခြင်းများ ဆောင်ရွက်၍ လေယာဉ်မောင်းစွမ်းရည်များ ပြသကြသည်။

ထို့နောက် Su-30 တိုက်လေယာဉ်သည် မည်သည့်အခြေအနေ၊ အမြန်နှုန်း၊ အမြင့်ပေတွင်မဆို လေယာဉ်ကွင်းသို့ ရုတ်ခြည်းဆင်းသက်နိုင်စွမ်းရှိခြင်းအား Maximum Banking Turn & Loop for Landing Maneuver ဖြစ်သည့် လေယာဉ်ပြေးလမ်း အတိုင်းပျံသန်းလာပြီး ရုတ်တရက်ကွေ့ကာ တစ်ဆက်တည်းပင် ဒေါင်လိုက်အပေါ်သို့ဆွဲတင်၍ Loop ထိုးပြီး လေယာဉ်ပြေးလမ်းသို့ ပြန်လည်ဆင်းသက်သော ပျံသန်းမှုစွမ်းရည် ပြသပျံသန်းသည်။

*စာမျက်နှာ ၆ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ တပ်မတော်(လေ)၏ (၇၅) နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ငှက်များ ဘေးမဲ့လွှတ်ပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်စဉ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်(လေ)၏ (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့ အထိမ်းအမှတ်ပြခန်းနှင့် အမှတ်တရပစ္စည်းအရောင်းဆိုင်များ ဖွင့်ပွဲအခမ်းအနားကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။

*စာမျက်နှာ ၅ မှ*

ဆက်လက်၍ ဇီဝိတဒါနငှက်လွှတ်ခြင်း ဆောင်ရွက်ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များက တပ်မတော် (လေ) ၏ (၇၅) နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ငှက်အကောင်ရေ ၇၅ ကောင်တို့ကို ဘေးမဲ့လွှတ်ပေးကြပြီး တပ်တော်ဝင်လေယာဉ်၊ ရဟတ်ယာဉ်များအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြကာ တပ်တော်ဝင်လေယာဉ်၊ ရဟတ်ယာဉ်များကို လှည့်လည်ကြည့်ရှုကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

## ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် သရုပ်ပြအုပ်ဖွဲ့ပျံသန်းမှုတွင် ပါဝင်သောလေသူရဲများအား ဂုဏ်ပြုနှုတ်ဆက်စကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ယနေ့ ကျင်းပပြုလုပ်သည့် လေယာဉ်၊ ရဟတ်ယာဉ်များတပ်တော်ဝင်ခြင်းအခမ်းအနားတွင် ပါဝင်သည့် Su-30 SME လေယာဉ်သည် စတုတ္ထမျိုးဆက်လွန် ဘက်စုံသုံး အကြီးစားတိုက်လေယာဉ်ဖြစ်ပြီး တပ်မတော်(လေ)အတွက် ပထမဦးဆုံးစတင်အသုံးပြုသည့် Heavy Fighter အမျိုးအစားဖြစ်ကြောင်း သိရှိရသည်။

FTC 2000 G လေယာဉ်သည် ဘက်စုံသုံးအပေါ့စားတိုက်ခိုက်ရေးလေယာဉ် အမျိုးအစားဖြစ်ပြီး ဝေဟင်-ဝေဟင်စစ်ဆင်ခြင်း၊ ဝေဟင် - မြေပြင်စစ်ဆင်ခြင်း၊ အနီးကပ်လေကြောင်းပစ်ကူပေးခြင်း၊ ပိုင်းဖြတ်တိုက်ခိုက်ခြင်း၊ လက်နက်တပ်ဆင်ကင်းထောက်ခြင်း တာဝန်များကို ထမ်းဆောင်နိုင်ကြောင်း၊ Ka-28 ရေငုပ်သင်္ဘောတိုက်ဖျက်ရေး ရဟတ်ယာဉ်သည် ပင်လယ်ပြင်ကင်းထောက်ခြင်း၊ ပင်လယ်ရေမျက်နှာပြင်အောက်ရှိ ရေငုပ်သင်္ဘောများအား ရှာဖွေတိုက်ခိုက်ခြင်း၊ ရှာဖွေကယ်ဆယ်ခြင်း တာဝန်များကို ထမ်းဆောင်နိုင်ကြောင်း၊ FT-7 ကြားဖြတ်တိုက်ခိုက်ရေးလေယာဉ်နှင့် K-8W လေယာဉ်များသည် အမောင်းသင်ဂျက်တိုက်လေယာဉ်နှင့် အပေါ့စားတိုက်ခိုက်ရေးလေယာဉ် အမျိုးအစားများဖြစ်ပြီး ဝေဟင်-ဝေဟင်စစ်ဆင်ခြင်း၊ ဝေဟင်-မြေပြင်စစ်ဆင်ခြင်း၊ အနီးကပ် လေကြောင်းပစ်ကူပေးခြင်း၊ ပိုင်းဖြတ်တိုက်ခိုက်ခြင်း၊ လက်နက်တပ်ဆင်ကင်းထောက်ခြင်းနှင့် လွှဲပြောင်းသင်တန်းပို့ချခြင်း တာဝန်များကို ထမ်းဆောင်နိုင်ကြောင်း၊ Y-8 လေယာဉ်သည် သယ်ယူပို့ဆောင်ရေးလေယာဉ်အမျိုးအစားဖြစ်ပြီး အဓိကပုဂ္ဂိုလ်သယ်ပို့ခြင်း၊ ခရီးသည်သယ်ပို့ခြင်း၊ ကုန်ပစ္စည်းများသယ်ပို့ခြင်း၊ ကုန်ပစ္စည်းများ သယ်ဆောင်ခြင်း၊ လေထီးခုန်ခြင်း၊ ပင်လယ်ပြင်ကင်းထောက်ခြင်း၊ ရှာဖွေကယ်ဆယ်ခြင်း တာဝန်များကို ထမ်းဆောင်နိုင်ကြောင်းသိရှိရပြီး တပ်မတော်(လေ) အတွက် အားသစ်လောင်းသည့်အနေဖြင့် ထပ်မံ၍ တပ်တော်ဝင်ခြင်းဖြစ်ကြောင်းသိရှိရသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်(လေ)၏ (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့ အထိမ်းအမှတ်ပြခန်းအတွင်း ခင်းကျင်းပြသထားသည်များကို လှည့်လည်ကြည့်ရှုစဉ်။

## အထိမ်းအမှတ်ပြခန်းဖွင့်လှစ်

ယခုကဲ့သို့ တပ်မတော်(လေ)၏ (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့အခမ်းအနားတွင် ဝေဟင်နှင့် မြေပြင်ကိုသာမက ရေပြင်ကိုပါ ကာကွယ်နိုင်သည့် စွမ်းဆောင်ရည်ရှိသော လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်နိုင်ခဲ့ခြင်းသည် နိုင်ငံတော်နှင့် တပ်မတော်အတွက် များစွာအကျိုးရှိမည်ဖြစ်သည်။ ထို့အပြင် ဒီဇင်ဘာ ၁၄ ရက် ညနေပိုင်းတွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် တပ်မတော်(လေ)၏ (၇၅) နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့ နှင့် လေယာဉ်/ရဟတ်ယာဉ်များ တပ်တော်ဝင် အခမ်းအနား အထိမ်းအမှတ်အဖြစ် ပြုလုပ်သည့် ဂုဏ်ပြုပြခန်းများ၊ လေတပ်စခန်းဌာနချုပ်အသီးသီးမှ ဒေသထွက် အမှတ်တရပစ္စည်း အရောင်းဆိုင်များနှင့် ဒေသထွက် ရိုးရာမုန့်အရောင်းဆိုင်ခန်းများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။ ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အထိမ်းအမှတ်ပြခန်းနှင့် အမှတ်တရပစ္စည်းအရောင်းဆိုင်များ ဖွင့်ပွဲအခမ်းအနားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ယင်းနောက်အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ တပ်မတော်(လေ)၏ (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့ အထိမ်းအမှတ်ပြခန်းအတွင်း ပြသထားသည့် လေကြောင်းသမိုင်းမှတ်တမ်းများ၊ ခေတ်အဆက်ဆက်အသုံးပြုခဲ့သည့် တပ်မတော်(လေ)ဝတ်စုံများ၊ တပ်မတော်(လေ)သမိုင်းမှတ်တမ်းဓာတ်ပုံများ၊ ကာကွယ်ရေးဦးစီးချုပ်(လေ) တာဝန်ထမ်းဆောင်ခဲ့သူများ၏ မှတ်တမ်းဓာတ်ပုံများ၊ သမိုင်းဝင်လေယာဉ်၊ ရဟတ်ယာဉ်များနှင့် ၎င်းတို့ ဆင်နွှဲခဲ့သည့် တိုက်ပွဲမှတ်တမ်းများ၊ လေယာဉ်၊ ရဟတ်ယာဉ်များတွင် အသုံးပြုလျက်ရှိသည့် Avionics ပစ္စည်းများ၊ ခေတ်မီ မျိုးဆက်သစ် တိုက်ခိုက်ရေးလေယာဉ်ပုံစံငယ်များနှင့်လေသူရဲအသုံးအဆောင်ပစ္စည်းများ၊ တပ်မတော်(လေ)တွင် အသုံးပြုလျက်ရှိသည့် လက်နက်၊ ခဲယမ်းများ၊ တပ်မတော် (လေ)မှ စွမ်းရည်ဘွဲ့တံဆိပ်ရရှိခဲ့သူများ၏ မှတ်တမ်းဓာတ်ပုံများ၊ လေယာဉ်၊ ရဟတ်ယာဉ်များ၊ တပ်တော်ဝင် အခမ်းအနား မှတ်တမ်းဓာတ်ပုံများ၊ တပ်မတော် (လေ) အရာရှိ၊ စစ်သည်၊ အစားခန့်များအား လေ့ကျင့်ပျိုးထောင်မှုမှတ်တမ်းဓာတ်ပုံများ၊ တပ်မတော်(လေ)၏ နိုင်ငံတကာဆက်ဆံရေးဆိုင်ရာ မှတ်တမ်းဓာတ်ပုံများ၊ တပ်မတော်(လေ)၏ တိုးတက်ပြောင်းလဲလာမှု မှတ်တမ်းဓာတ်ပုံများ၊ ကာကွယ်ရေးဦးစီးချုပ်(လေ) အဆက်ဆက်က ဆုရလေသူရဲများအား ဆုချီးမြှင့်ပေးအပ်သည့် မှတ်တမ်းဓာတ်ပုံများ၊ တပ်မတော်(လေ)မှ ထုတ်လုပ်ထားသည့် လေကြောင်းအီလက်ထရောနစ်ဆိုင်ရာ စက်ပစ္စည်းများအား လှည့်လည်ကြည့်ရှုကြသည်။

## ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်များသည် တပ်မတော်(လေ)၏ (၇၅) နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့ အထိမ်းအမှတ်စာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးကြပြီး လေတပ်စခန်းဌာနချုပ်များအလိုက် အမှတ်တရပစ္စည်းအရောင်းဆိုင်နှင့် မြန်မာ့ရိုးရာစားသောက်ဖွယ်ရာအရောင်းဆိုင်၊ စာအုပ်အရောင်းဆိုင်နှင့် တပ်မတော်မှ ထုတ်လုပ်သည့် လူသုံးကုန်ပစ္စည်းအရောင်းဆိုင်များကို ဆက်လက်ကြည့်ရှုအားပေးပြီး အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်(လေ) ဖွဲ့စည်းတည်ထောင်မှု (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့အခမ်းအနားနှင့် လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်အခမ်းအနား ဂုဏ်ပြုညစာစားပွဲနှင့် ပဒေသာကပွဲသို့ တက်ရောက်ချီးမြှင့်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ဂုဏ်ပြုပဒေသာကပွဲတွင် တေးသီချင်းများဖြင့် သီဆိုတီးမှုတ် ကပြဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၅**

တပ်မတော်(လေ)၏ ဖွဲ့စည်းတည်ထောင်မှု (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့ အခမ်းအနားနှင့် လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်အခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုညစာစားပွဲနှင့် ပဒေသာကပွဲ အခမ်းအနားကို ယနေ့ညပိုင်းတွင် မိတ္ထီလာတပ်နယ်ရှိ လေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

**တက်ရောက်**

အဆိုပါ ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ အငြိမ်းစားကာကွယ်ရေးဦးစီးချုပ် (လေ) များနှင့် ဇနီးများ၊ အငြိမ်းစားကာကွယ်ရေးဦးစီးချုပ်(ရေ)များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ လေတပ်စခန်းဌာနချုပ်မှူးများ၊ အခြားဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြပြီး ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် လေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ်၊ သူရအုန်းခိုင်ခန်းမ၌ ကျင်းပသော တပ်မတော် (လေ) မိသားစုဝင်များက တပ်မတော်(လေ) တေးဂီတအဖွဲ့နှင့်တွဲဖက်၍ တေးသီချင်းများဖြင့် သီဆိုတီးမှုတ် ကပြဖျော်ဖြေတင်ဆက်သော ဂုဏ်ပြုပဒေသာကပွဲသို့ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့် တိုင်းဒေသကြီး (အလွတ်တန်းဖိတ်ခေါ်) U - 18 (အမျိုးသမီး)ဘောလုံးပြိုင်ပွဲ ပထမအကြိုဗိုလ်လုပွဲ ပွဲစဉ်ကျင်းပ




**နေပြည်တော် ဒီဇင်ဘာ ၁၅**

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်လာစေရန်၊ မြန်မာ့ဘောလုံး အားကစားလောကအဆင့်အတန်း တိုးတက် မြင့်မားလာစေရန်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ် ရွက်ပုန်းသီး (အမျိုးသမီး) ဘောလုံးအားကစားသမားများစွာ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌဖလား ပြည်နယ်နှင့် တိုင်းဒေသကြီး (အလွတ်တန်းဖိတ်ခေါ်) U-18 (အမျိုးသမီး) ဘောလုံးပြိုင်ပွဲ ပထမအကြိုဗိုလ်လုပွဲ ပွဲစဉ်ကို ယနေ့မွန်းလွဲ ၃ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိဘောလုံး အားကစားကွင်းတွင် ဆက်လက်ကျင်းပရာ U-18 (အမျိုးသမီး) ဘောလုံးပြိုင်ပွဲ ပထမအကြိုဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ရှမ်းပြည်နယ် အသင်းက ရောဝတီတိုင်းဒေသကြီး အသင်းကို လေးဂိုး၊ တစ်ဂိုးဖြင့် ယှဉ်ပြိုင်အနိုင်ရရှိသည်။

ဘောလုံးပြိုင်ပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသော ဦးခင်မောင်ဆွေ၊ ဦးစိုင်းလုံးဆိုင်နှင့် ဦးရွှေကြိမ်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဘောလုံးအားကစား ဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးသည်။ (ဓါတ်ပုံ)

ဒီဇင်ဘာ ၁၆ ရက် မွန်းလွဲ ၃ နာရီတွင် U-18 (အမျိုးသမီး) ဘောလုံးပြိုင်ပွဲ ဒုတိယအကြိုဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ဝဏ္ဏသိဒ္ဓိ ဘောလုံး အားကစားကွင်း၌ မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်၍ အားကစားဝါသနာရှင်များအနေဖြင့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဂွမြို့နယ်၌ ငါးသယံဇာတ ထိန်းသိမ်းခြင်း အသိပညာပေး ဟောပြောပွဲနှင့် ပညာပေး ဆိုင်းဘုတ်များစိုက်ထူ

**ဂွ ဒီဇင်ဘာ ၁၅**

ရခိုင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန၏ ညွှန်ကြားမှုနှင့် ဂွမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ဂွမြို့နယ်အတွင်း ငါးသယံဇာတထိန်းသိမ်းရေး အသိပညာပေးဟောပြောခြင်းနှင့် အသိပညာပေးဆိုင်းဘုတ်များ လိုက်လံတပ်ဆင်ခြင်းကို ဒီဇင်ဘာ ၁၂ ရက်က ငါးလုပ်ငန်းဦးစီးဌာနမှူးရုံးနှင့် ရဟိုင်ကူးတို့ချောင်းအတွင်း ဆောင်ရွက်သည်။

ငါးသယံဇာတထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲတွင် ဂွမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူးက ငါးသယံဇာတများလျော့နည်းရသည့်အကြောင်း၊ ဒီရေတောများ ပျက်စီးစေသည့်အကြောင်းများ၊ ဂေဟစနစ်အပေါ် ငါးဖမ်းကိရိယာများ၏ အကျိုးသက်ရောက်မှုနှင့် တာဝန်သိစိတ်ဖြင့် ငါးဖမ်းဆီးခြင်းနှင့် ဒေသခံလုပ်ငန်းရှင်များနှင့် ရေလုပ်သားများမှ ပူးပေါင်းပါဝင်နိုင်ရေးတို့အား ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူး၊ ဝန်ထမ်းများနှင့် ဒေသခံရေလုပ်သားများက ငါးသယံဇာတ ထိန်းသိမ်းရေး အသိပညာပေးစာတန်းပါ ဆိုင်းဘုတ်များကို အဆိုပါချောင်းအတွင်း သတ်မှတ်နေရာ ခြောက်နေရာတွင် ဆိုင်းဘုတ်များ လိုက်လံစိုက်ထူပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အများသိစေရန် ကြေညာခြင်း

၁။ ၂၀၂၂ ခုနှစ်အတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အမိန့်ကြော်ငြာစာအမှတ်(၂/၂၀၂၂)၊ (၅၄/၂၀၂၂)၊ (၆၃/၂၀၂၂)၊ (၂၁၁/၂၀၂၂)၊ (၂၁၂/၂၀၂၂)၊ (၂၁၃/၂၀၂၂)၊ (၂၁၄/၂၀၂၂)၊ (၂၁၅/၂၀၂၂)၊ (၂၁၈/၂၀၂၂)၊ (၂၁၉/၂၀၂၂)၊ (၂၂၀/၂၀၂၂)၊ (၂၂၁/၂၀၂၂)တို့ဖြင့် အဂ္ဂမဟာသီရိသုဓမ္မဘွဲ့၊ သတိုးသီရိသုဓမ္မဘွဲ့၊ အဂ္ဂမဟာသရေစည်သူဘွဲ့၊ သတိုးမဟာသရေစည်သူဘွဲ့၊ မဟာသရေစည်သူဘွဲ့၊ သရေစည်သူဘွဲ့၊ စည်သူဘွဲ့၊ သူရဘွဲ့၊ သီရိပျံချီဘွဲ့၊ ဇေယျကျော်ထင်ဘွဲ့၊ ဝဏ္ဏကျော်ထင်ဘွဲ့၊ အလင်္ကာကျော်စွာဘွဲ့၊ သိပ္ပကျော်စွာဘွဲ့ စသည့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များကို ချီးမြှင့်ခဲ့ပြီးဖြစ်ပါသည်။

၂။ အထက်ပါ ဂုဏ်ထူးဆောင်ဘွဲ့ရရှိသူများအား (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ချီးမြှင့်မည်ဖြစ်ရာ ကိုယ်တိုင်သော်လည်းကောင်း၊ မိသားစုဝင်တစ်ဦးမှ ကိုယ်စားသော်လည်းကောင်း ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားသို့ တက်ရောက်နိုင်ရေး ဖိတ်ကြားဆောင်ရွက်လျက်ရှိပါသည်။

၃။ အဆက်အသွယ်ရရှိခြင်းမရှိသေးသည့် ဘွဲ့ရရှိသူကိုယ်တိုင် (သို့မဟုတ်) ကိုယ်စားတက်ရောက်မည့် မိသားစုဝင်တစ်ဦးမှ ဖိတ်ကြားရေးဆပ်ကော်မတီ ဖုန်းနံပါတ် (၀၆၇-၃၄၁၂၇၁၅)နှင့် (၀၆၇-၃၄၁၂၇၁၆) သို့ (၂၀-၁၂-၂၀၂၂)ရက်နေ့ နောက်ဆုံးထား၍ ဆက်သွယ်ပေးနိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

# (၄၈)နှစ်မြောက် ရခိုင်ပြည်နယ်နေ့အခမ်းအနား ကျင်းပပြုလုပ်






**နေပြည်တော် ဒီဇင်ဘာ ၁၅**

(၄၈)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ဦးဥတ္တမခန်းမ၌ ပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါ်အေးနုစိန်၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦး၊ တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများ၊ ပြည်နယ်ဂုဏ်ဆောင် အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များက တိုင်းရင်းသားလူမျိုးစုအလိုက် ရိုးရာယဉ်ကျေးမှုယိမ်းအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါ်အေးနုစိန်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ (၄၈) နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားပြီး **(အပေါ်ပုံ)** ပြည်နယ်ဝန်ကြီးချုပ်က ရခိုင်ပြည်နယ်နေ့ မိန့်ခွန်းပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါ်အေးနုစိန်၊ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်နယ်စီမံထူးချွန်ဆု (ဒုတိယအဆင့်၊ တတိယအဆင့်) ရရှိသူများ၊ ပြည်နယ်လယ်ယာစီးပွားထူးချွန်ဆု (ဒုတိယအဆင့်) နှင့် ပြည်နယ်လူမှုထူးချွန်ဆု (ဒုတိယအဆင့်) ရရှိသူများ၊ ဂုဏ်ပြုမှတ်တမ်းလွှာဆု ရရှိသူများ၊ (၄၈) နှစ်မြောက် ရခိုင်ပြည်နေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲဆုရရှိသည့် ကျောင်းသားကျောင်းသူများကို ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ၊ ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြပြီး ရခိုင်တိုင်းရင်းသားမျိုးနွယ်စု စုပေါင်းယိမ်းအကအဖွဲ့များက " ပြည်ထောင်စုရဲ့ ထာဝရအလှများ" တေးသီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်ကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ၊ စာပေနှင့် ယဉ်ကျေးမှုပြခန်းတို့ကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါ်အေးနုစိန်နှင့် အဖွဲ့ဝင်များသည် စစ်တွေမြို့ ခိုင်သဇင်ပန်းခြံတွင် ပြုလုပ်သည့် (၄၈)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဌာနဆိုင်ရာများနှင့် စီးပွားရေးလုပ်ငန်းရှင်များ၏ ရခိုင်ပြည်နယ် MSME ထုတ်ကုန်ပြပွဲနှင့် ရောင်းချပွဲသို့ သွားရောက်၍ ဆန်ထွက်ကုန်ပစ္စည်းများ၊ လူသုံးကုန်၊ စားကုန်၊ စိုက်ပျိုး/မွေးမြူရေးလုပ်ငန်းများ၊ စက်မှုထုတ်ကုန်ပစ္စည်းများ၊ အဝတ်အထည်နှင့် တိုင်းရင်းဆေးဝါးလုပ်ငန်းများ၊ ငါးလုပ်ငန်းထုတ်ကုန်ပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးပြီး **(အပေါ်ပုံ)** ဌာနဆိုင်ရာများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံကာ ကုန်ထုတ်လုပ်မှု လုပ်ငန်းများ ရာနှုန်းပြည့် ထုတ်လုပ်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် အဖွဲ့ဝင်များသည် ပြည်နယ်အားကစားနှင့် ကာယပညာ ဦးစီးဌာနရုံးရှိ ဓညဝတီ အားကစားခန်းမတွင် ကျင်းပပြုလုပ်သည့် (၄၈) နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ် ပျော်ပွဲ/ရွှင်ပွဲ၊ အားကစားပြိုင်ပွဲများသို့ တက်ရောက်ကြည့်ရှုအားပေးကြပြီး အမျိုးသား/အမျိုးသမီး ကြက်တောင်ရိုက်ပြိုင်ပွဲများ၊ စားပွဲတင်တင်းနစ် ပြိုင်ပွဲများ၊ အပြည်ပြည်ဆိုင်ရာ စစ်တုရင်ပြိုင်ပွဲများနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့် အားကစားသမားများအား တစ်ဦးချင်း လည်ဆွဲတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**






ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်း ရခိုင်ပြည်နယ်နေ့ မိန့်ခွန်း ပြောကြားစဉ်။

## မိုးမောက်မြို့နယ်၌ မြစိမ်းရောင်(သမဝါယမ) ကျေးရွာစီမံကိန်း မတည်ထောက်ပံ့ငွေပေးအပ်

**မိုးမောက် ဒီဇင်ဘာ ၁၅**

ကချင်ပြည်နယ် မိုးမောက်မြို့နယ် မံပုံကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးရေးဆောင်ရွက်သော မြစိမ်းရောင်(သမဝါယမ) ကျေးရွာစီမံကိန်း မတည်ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့က ကျင်းပရာ နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေ မြို့နယ်ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးဇင်မောင်မောင်က အမှာစကားပြောကြားသည်။

ဆက်လက်ပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးစိုင်းစီထွန်းက လုပ်ငန်းဆောင်ရွက်ရမည့် ဆောင်ရွက်ပုံအဆင့်ဆင့်တို့ကိုပြောကြားပြီး မံပုံကျေးရွာ စိုက်ပျိုးရေးမြစိမ်းရောင်စီမံကိန်းဆောင်ရွက်မည့် အားမာန်သစ်ကော်မတီအဖွဲ့နှင့် ကြံခင်းကျေးရွာ စိုက်ပျိုးရေး မြစိမ်းရောင်စီမံကိန်းဆောင်ရွက်မည့် ပိတောက်ရိပ်ကော်မတီအဖွဲ့တို့အား တစ်ရွာလျှင် ငွေကျပ် သိန်း ၃၀၀ စီကို မြို့နယ်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌက တာဝန်ရှိသူများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။ **လွန်းနန်းထွေး(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အာရှဒေသဆိုင်ရာညွှန်ကြားရေးမှူး မစ္စတာဆန်ဂျေးမာသာ ကို လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၁၅**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ဘန်ကောက်မြို့အခြေစိုက် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး၏ အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး မစ္စတာ ဆန်ဂျေး မာသာကို ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ရန်ကုန်မြို့ အခြေစိုက် ကုလသမဂ္ဂ စီမံကိန်းဝန်ဆောင်မှုရုံး၏ မြန်မာနိုင်ငံဆိုင်ရာ ယာယီညွှန်ကြားရေးမှူးတို့ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံအစိုးရနှင့် ကုလသမဂ္ဂ စီမံကိန်းဝန်ဆောင်မှုရုံးတို့အကြား လက်ရှိနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



# ကျန်းမာရေးဝန်ကြီးဌာနနှင့် UNOPS အဖွဲ့တို့အကြား လက်ရှိပူးပေါင်းဆောင်ရွက်နေသည့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာလုပ်ငန်းများ ပိုမိုအရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရေးဆွေးနွေး



**နေပြည်တော် ဒီဇင်ဘာ ၁၅**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ဘန်ကောက်မြို့ အခြေစိုက် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး (United Nations Office for Project Services-UNOPS)၏ အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး မစ္စတာ ဆန်ဂျေး မာသာ ဦးဆောင်သောအဖွဲ့အား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ဝဲပုံ)**

တွေ့ဆုံစဉ် ကျန်းမာရေးဝန်ကြီးဌာနနှင့် UNOPS အဖွဲ့တို့အကြား လက်ရှိပူးပေါင်းဆောင်ရွက်နေသည့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းများ ပိုမိုအရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရေး၊ ဝန်ကြီးဌာန၏ မူဝါဒ၊ ရည်မှန်းချက်များ၊ နည်းဗျူဟာများနှင့်အညီ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်မှု၊ UNOPS အဖွဲ့မှ စီမံခန့်ခွဲနေသည့် Global Fund နှင့် Access to Health Fund ရန်ပုံငွေများ အသုံးပြု၍ ခုခံကျ၊ ကာလသားရောဂါ၊ တီဘီရောဂါ၊ ငှက်ဖျားရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများနှင့် ပဏာမ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နေသည့် ကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ ကျန်းမာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့၌ ကာတာနိုင်ငံ အမျိုးသားနေ့ အထိမ်းအမှတ်ဧည့်ခံပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၅**

ကာတာနိုင်ငံ၏ အမျိုးသားနေ့အထိမ်းအမှတ် ဧည့်ခံပွဲအခမ်းအနားကို ယနေ့ ညနေ ၆ နာရီတွင် ရန်ကုန်မြို့ Lotte Hotel ၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ် တက်ရောက်သည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သီချင်းနှင့် ကာတာနိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ကာတာနိုင်ငံသံရုံးမှ သံရုံးတာဝန်ခံ Dr. Rashid Abdulla Al-Kuwarl က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်နှင့် မြန်မာနိုင်ငံဆိုင်ရာ ကာတာနိုင်ငံသံရုံးမှ သံရုံးတာဝန်ခံ Dr. Rashid Abdulla Al-Kuwarl တို့က ကာတာနိုင်ငံအမျိုးသားနေ့အထိမ်းအမှတ် ကိတ်ကိုလှီးဖြတ်ပေးကြသည်။ **(အောက်ပုံ)**

ဆက်လက်၍ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ကာတာနိုင်ငံသံရုံးမှ သံရုံးတာဝန်ခံတို့သည် ဧည့်ခံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဧည့်ခံပွဲသို့ တက်ရောက်လာကြသူများအား ကာတာနိုင်ငံသံရုံး သံရုံးတာဝန်ခံက ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဌာနေ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**




# သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများလှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၁၅**

မြန်မာနိုင်ငံ စာရေးဆရာအသင်းက ၁၃၈၄ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် (၃၅)ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် စေတနာရှင်များက အလှူငွေများ ဆက်လက်လှူဒါန်းကြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အလှူငွေကျပ် သိန်း ၁၀၀၊ ပြန်ကြားရေးဝန်ကြီးဌာနက ငွေကျပ်သိန်း ၂၀၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက သက်ကြီးစာပေပညာရှင် ၂၄၇ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် တစ်သောင်းနှုန်းဖြင့် ငွေကျပ် ၂၄၇၀၀၀၀၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက ငွေကျပ် ၁၀ သိန်း၊ သတင်းထောက်ကြီး လွတ်လပ်ရေး မော်ကွန်းဝင် (တ) ဆရာကြီး ဦးထူးအားရည်စူး၍ ရဲဦးစီးအရာရှိချုပ်(ငြိမ်း) ဦးတင်ဝင်း-ဒေါ်နီနီမိသားစုနှင့် ဦးအောင်စေသော်-ဒေါ်ဇာခြည်ဝင့်၊ သား-မောင်သာယာစေသော်မိသားစုတို့က အလှူငွေကျပ် ငါးသိန်းစီ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံးနှင့် စာရေးဆရာ အကြီးကိုကို (ကသာ) မိသားစုတို့က ငွေကျပ် သုံးသိန်းစီ၊ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)-ဒေါ်ခင်အေးမူ မိသားစုနှင့် ဒေါက်တာနေဝင်း စိတ်ကျန်းမာရေးဖောင်ဒေးရှင်းတို့က ငွေကျပ် နှစ်သိန်းစီ၊ စာရေးဆရာ ထင်လင်းကျော်၊ စာရေးဆရာမ မီမီကို (အလှရပ်ဝန်း) နှင့် ဒေါ်မေစန္ဒာ (မေဇပေရယ်မိုး)တို့က ငွေကျပ် တစ်သိန်းစီ၊ ဦးဝင်းကြည် (ဖေသောရီ)မိသားစု၊ တေးသံရှင် နှင်းနှင်းထူးနှင့် ဟင်္သာတမြို့နယ် စာရေးဆရာအသင်းတို့က ငွေကျပ် ငါးသောင်းစီ၊ ဒေါ်တင်တင်လတ် (မလတ်-ကျောက်မဲ) က ငွေကျပ် သုံးသောင်း၊ ဦးစံရှိန် (ဆရာကြီးရှိန်) မိသားစုက ငွေကျပ် တစ်သောင်း၊ သံအမတ်ကြီး ဦးမောင်မောင်စိုးတင့် (ငြိမ်း) မြန်မာနိုင်ငံ နယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်းက ငွေကျပ် ၁၂၃၀၀၀၀ တန်ဖိုးရှိ စာအုပ်များ၊ အဂ္ဂမဟာ မင်္ဂလ ဓမ္မဇောတိကဓဇ ဦးစိုးဝင်း(တက္ကသိုလ်စိုးယဉ်)-စာရေးဆရာမ (မလေးယဉ်) မိသားစုက ငွေကျပ် ၈၆၄၅၀၀ တန်ဖိုးရှိ စာအုပ်များနှင့် ဆရာမကြီး ဒေါ်ကြည်ကြည်စိန် (သဘာဝနက္ခတ်ပညာသင်တန်းကျောင်း)က ငွေကျပ် ၃၀၀၀၀၀ တန်ဖိုးရှိ ပြက္ခဒိန်များ ပေးအပ်လှူဒါန်းကြရာ အသင်းဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)၊ အတွင်းရေးမှူး ဦးညွန့်တင် (မောင်ငြိမ်းသူ - ကြို့ပင်ကောက်) နှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။



၁၃၈၄ ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့ အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၇ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့တော်ခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားကျင်းပရေးကော်မတီ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၅**
၂၀၂၃ ခုနှစ်၊ (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနား ကျင်းပရေးကော်မတီ တတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ ၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနား ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ကော်မတီဒုတိယဥက္ကဋ္ဌ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ ကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးရဲတင့်၊ ကော်မတီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ဒေါက်တာ မိုးဇော်ထွန်း၊ ဦးအောင်ကျော်ထွန်း၊ ဦးထွန်းအုံ၊ ဦးဇော်ဝင်း၊ ဒေါက်တာ အေးထွန်း၊ ဦးဝင်းဖေ၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ တပ်မတော်အရာရှိကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဂုဏ်ပြုအခမ်းအနား ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားသည် နိုင်ငံအတွက် အထွတ်အမြတ် အခမ်းအနားဖြစ်ပါကြောင်း၊ အဆိုပါအခမ်းအနားနှင့်ဆက်စပ်၍ ဂုဏ်ပြုအစီအစဉ်နှင့် ဆက်စပ်အခမ်းအနားများကို ကျင်းပလျက်ရှိပါကြောင်း၊ နေ့ထူးနေ့မြတ် ကြုံတောင့်ကြုံခဲအခမ်းအနားဖြစ်သည့်အတွက် အချိန်နီးကပ်လာသည်နှင့်အမျှ ဆောင်ရွက်ရန် ကိစ္စရပ်များ များပြားပါကြောင်း၊ နိုင်ငံတော်၏ အမြင့်ဆုံး အခမ်းအနား ဖြစ်သည့်အတွက် မိမိတို့ တာဝန်များကို အကောင်းဆုံးဖြစ်အောင် စီမံဆောင်ရွက်ကြရန်နှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများ၊ အခက်အခဲများနှင့် လိုအပ်ချက်များကို တင်ပြဆွေးနွေးကြစေလိုပါကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ကော်မတီ ဒုတိယဥက္ကဋ္ဌ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးတင်ဦးလွင်က ဇန်နဝါရီ ၄ ရက်မှ ၈ ရက်အထိ နေပြည်တော် ဥပ္ပါတသန္တိဘုရားအနီး တပေါင်းကွင်းတွင် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ကိုယ်စားပြု ဂုဏ်ပြုယာဉ်များ ထားရှိပြသနိုင်ရေး၊ ယိမ်းအကအဖွဲ့များ၊ ခေတ်ပေါ်တေးဂီတ အဖွဲ့များဖြင့် ဖျော်ဖြေ တင်ဆက်နိုင်ရေး၊ (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပြခန်းများ၊ တိုင်းရင်းသား ရိုးရာအစား အသောက်ပြခန်းများ ဆောက်လုပ်ပြီးစီးမှုနှင့် အစားအသောက်များ စုံလင်စွာ ခင်းကျင်းပြသနိုင်ရေး၊ သမိုင်းမှတ်တမ်း ကျန်ရှိစေရေးအတွက် မှတ်တမ်းစာအုပ် ဆောင်ရွက်နိုင်ရေးနှင့် အများပြည်သူ၊ နိုင်ငံ့ဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများဖြင့် စည်စည်ကားကားကျင်းပနိုင်ရေး တို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးရဲတင့်က ဂုဏ်ပြုအခမ်းအနားတွင် ပါဝင်မည့် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ကိုယ်စားပြု ဂုဏ်ပြုယာဉ်များ ပြင်ဆင်ဆောင်ရွက်နေမှု၊ ဖျော်ဖြေမည့် ယိမ်းအဖွဲ့များအတွက် သီချင်း ရွေးချယ်ပေးထားမှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ထို့နောက် ဂုဏ်ပြုအခမ်းအနား ကျင်းပရေးကော်မတီ တွဲဖက်အတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က ဂုဏ်ပြုယာဉ်များ ပါဝင်ဆောင်ရွက်မည့် အစီအစဉ်၊ ဂုဏ်ပြုတပ်ခွဲများ ချီတက်စဉ် သီဆိုမည့် တေးသီချင်းများ၊ ဂုဏ်ပြုယာဉ် ဆုချီးမြှင့်မည့် အစီအမံများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဂုဏ်ပြုအခမ်းအနား ကျင်းပရေးကော်မတီ အဖွဲ့ဝင် ဒုတိယဝန်ကြီးများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့များမှ တက်ရောက်လာကြသူများက ဂုဏ်ပြုအခမ်းအနားတွင် ပါဝင်မည့်အဖွဲ့များ လျာထားမှု၊ ကျန်းမာရေးစောင့်ရှောက်မှုပေးရန် ဆောင်ရွက်ထားရှိမှု၊ အခမ်းအနားပြင်ဆင်မှု၊ ဂုဏ်ပြုယာဉ်များ တည်ဆောက်နေမှု၊ ရိုးရာအစားအသောက်ပြခန်းများ ခင်းကျင်းပြသရန် ဆောင်ရွက်နေမှု၊ တည်ဆောက်ရေး ဆိုင်ရာ လျာထားမှု၊ ခွင့်ပြုချက်ရယူရန်နှင့် ပေါင်းစပ်ညှိနှိုင်းပေးရန် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဂုဏ်ပြုအခမ်းအနားကျင်းပရေးကော်မတီ တွဲဖက်အတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က အစည်းအဝေး ဆုံးဖြတ်ချက်များကို အတည်ပြု ဖတ်ကြားသည်။

ယင်းနောက် ဂုဏ်ပြုအခမ်းအနားကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။ **သတင်းစဉ်**

# အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ညီလာခံသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၁၅**
ဂျာမနီနိုင်ငံ ဘာလင်မြို့အခြေစိုက် အပြည်ပြည်ဆိုင်ရာ ပွင့်လင်းမြင်သာမှုရှိရေးအဖွဲ့က ကြီးမှူးကျင်းပသည့် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ညီလာခံ _ ၂၀၂၂ ကို အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့ရှိ Omni Sho-reham Hotel ၌ ဒီဇင်ဘာ ၆ ရက်မှ ၁၀ ရက်အထိ ကျင်းပခဲ့ရာ မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကိုယ်စား မြန်မာသံရုံး၊ ဝါရှင်တန်မြို့မှ သံရုံးယာယီတာဝန်ခံ ဦးသက်ဝင်း ဦးဆောင်သည့် ကိုယ်စားလှယ် သုံးဦးတက်ရောက်ခဲ့သည်။ **(အောက်ဝဲပုံ)**



ညီလာခံတွင် အမေရိကန် သမ္မတ၏ အမျိုးသားလုံခြုံရေး အကြံပေး Mr. Jake Sullivan၊ မော်ဒိုဗာသမ္မတနိုင်ငံ သမ္မတ H.E. Ms. Maia Sandu၊ U.S. Agency for International Development (USAID) ၏ အကြီးအကဲ Ms. Samantha Power၊ Transpar-ency International အဖွဲ့၏ ဥက္ကဋ္ဌ Ms. Delia Ferreira Rubio၊ အပြည်ပြည်ဆိုင်ရာ ပွင့်လင်းမြင်သာမှုရှိရေးအဖွဲ့၏ အမှုဆောင်ညွှန်ကြားရေးမှူး Mr. Gary Kalman၊ အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ညီလာခံကောင်စီ ဥက္ကဋ္ဌ Ms. Huguette Labelle တို့က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ညီလာခံသို့ နိုင်ငံ ၁၄၀ ကျော်မှ အစိုးရကိုယ်စားလှယ်များ၊ ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ Ms. DunjaMijatovic၊ IMF၊ UNDP စသည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးအဖွဲ့များ/ကော်မရှင်များမှ ကိုယ်စားလှယ်များ၊ ပညာရှင်များ၊ သုတေသီများ၊ သတင်းထောက်များ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး တက်ကြွလှုပ်ရှားသူများနှင့် တက္ကသိုလ်ကျောင်းသားများ တက်ရောက်ခဲ့ကြသည်။

ညီလာခံတွင် ကိုယ်ကျိုးစီးပွားဦးစားပေးစနစ်များကို ကိုင်တွယ်ဖြေရှင်းခြင်း၊ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် အဂတိလိုက်စားမှု မျက်မြင်သက်သေများကို အကာအကွယ်ပေးခြင်း၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးပန်းတိုင်များ အောင်မြင်စေရန် ဘဏ္ဍာရေးဆိုင်ရာ ဖြောင့်မတ်တည်ကြည်မှုရှိရေး ဆောင်ရွက်ခြင်း၊ ဘဏ္ဍာရေးဆိုင်ရာ ပွင့်လင်းမြင်သာမှုမှ တစ်ဆင့် အဂတိလိုက်စားမှုများကို တိုက်ဖျက်ခြင်းနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးတွင် လူငယ်များအား စည်းရုံးခြင်း စသည့် အကြောင်းအရာများကို ဆွေးနွေးခဲ့ကြသည်။

မြန်မာ ကိုယ်စားလှယ်အဖွဲ့အနေဖြင့် "မြန်မာနိုင်ငံတွင် အဂတိ လိုက်စားမှုတိုက်ဖျက်ရေး" ကို ခေတ်အဆက်ဆက်တွင် အစိုးရအဆက်ဆက်က ဆောင်ရွက်ခဲ့ပါကြောင်း၊ ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်းတွင်လည်း ပါဝင်လက်မှတ်ရေးထိုးထားပြီး ဒေသတွင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေး အဖွဲ့အစည်းတစ်ခုဖြစ်သည့် အာဆီယံ အဂတိလိုက်စားမှုတိုက်ဖျက်ရေး အဖွဲ့တွင်လည်း အဖွဲ့ဝင်အဖြစ် ပါဝင်ကာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းများကို နိုင်ငံတကာစံချိန်၊ စံညွှန်းများနှင့်အညီ မဟာဗျူဟာများ၊ လုပ်ငန်းဧရိယာများ ချမှတ်ကာဆောင်ရွက်လျက်ရှိပါကြောင်း ဆွေးနွေးခဲ့သည်။

**သတင်းစဉ်**

# ကလေးမြို့၌ စိန်ရတု လွတ်လပ်ရေးနေ့အကြို အားကစားပြိုင်ပွဲဆုချီးမြှင့်

**ကလေး ဒီဇင်ဘာ ၁၅**
စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် ဇန်နဝါရီ ၄ ရက်နေ့၌ ကျရောက်မည့် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အားကစားပြိုင်ပွဲနှင့်ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၁၃ ရက်က မြို့နယ်စုပေါင်းရုံးအစည်းဝေးခန်းမ၌ ကျင်းပသည်။

အားကစားနှင့် ကာယပညာဦးစီးဌာနမှဦးဆောင်ကျင်းပသည့် အလွတ်တန်းအဆင့် စစ်တုရင်ပြိုင်ပွဲ၊ စားပွဲတင် တင်းနစ်ပြိုင်ပွဲနှင့် အလွတ်တန်းပိုက်ကျော်ခြင်းပြိုင်ပွဲများကို အုပ်စုများခွဲ၍ မြို့နယ်စုပေါင်းရုံး၌ ကျင်းပခဲ့ရာ အားကစားပြိုင်ပွဲများတွင် ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသော အသင်းများနှင့် ကစားသမားများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှစိုးနှင့် တာဝန်ရှိသူများက ဆုတံဆိပ်နှင့် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပုဏ္ဏားကျွန်းမြို့နယ်အတွင်း လူထုဗဟိုပြုစီမံကိန်း ကော်မတီဝင်များအား သင်တန်းပို့ချ

**ပုဏ္ဏားကျွန်း ဒီဇင်ဘာ ၁၅**
ပုဏ္ဏားကျွန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နိုင်ငံတော် ထောက်ပံ့ရန်ပုံငွေဖြင့် မြို့နယ်အတွင်း ကျေးရွာအုပ်စု ၁၇ စုမှ ကျေးရွာ ၃၉ ရွာ၌ လူထုဗဟိုပြုစီမံကိန်းကို ဆောင်ရွက်ရန် လျာထားလျက်ရှိရာ အဆိုပါကျေးရွာများမှ စီမံကိန်းကော်မတီဝင်များအား ဒီဇင်ဘာ ၁၄ ရက်က သင်တန်းပို့ချသည်။

အဆိုပါသင်တန်းတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးကျော်သန့်ဇင် (လက်ထောက်ညွှန်ကြားရေးမှူး-နည်းပညာ) နှင့် တာဝန်ရှိသူများက စီမံကိန်းဆိုင်ရာ ဘဏ္ဍာရေးသင်တန်း၊ ဝယ်ယူရေးသင်တန်းနှင့် စောင့်ကြည့်ရေးသင်တန်းများကို သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။ **အောင်လှဖြူ**

# (၇၅) နှစ်မြောက် စိန်ရတုတပ်မတော် (လေ) နှစ်ပတ်လည်နေ့ အထိမ်းအမှတ်ဂုဏ်ပြုစစ်ရေးပြအခမ်းအနားနှင့် အန္တရာယ်ကင်း ပရိတ်တရားနာယူ ဆွမ်းကပ်လှူဒါန်းခြင်းအခမ်းအနား ကျင်းပ



နေပြည်တော် ဒီဇင်ဘာ ၁၅

**(၇၅) နှစ်မြောက် စိန်ရတု တပ်မတော် (လေ) နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မိတ္ထီလာတပ်နယ်ရှိ လေကြောင်း အတတ်သင်လေတပ်စခန်းဌာနချုပ်၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ အငြိမ်းစားကာကွယ်ရေးဦးစီးချုပ် (လေ) များ၊ လေတပ်စခန်း ဌာနချုပ်မှူးများ၊ မိတ္ထီလာတပ်နယ်မှ အရာရှိစစ်သည်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။**

ဦးစွာ စစ်ရေးပြအခမ်းအနားကို အစီအစဉ်အတိုင်း ကျင်းပရာ နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုခြင်း၊ သစ္စာလေးချက်ရွတ်ဆိုခြင်းများ ဆောင်ရွက်၍ ကာကွယ်ရေးဦးစီးချုပ် (လေ) က စစ်ရေးပြတပ်ခွဲများကို စစ်ဆေးသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ် (လေ) က (၇၅) နှစ်မြောက် စိန်ရတု တပ်မတော် (လေ) နှစ်ပတ်လည်နေ့ အထိမ်းအမှတ် မိန့်ခွန်းပြောကြားကာ စစ်ရေးပြတပ်ခွဲများ၏ စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုခြင်းကိုခံယူပြီး စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

ထို့ပြင် (၇၅) နှစ်မြောက် စိန်ရတုတပ်မတော် (လေ) နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ပရိတ်တရားနာယူခြင်းနှင့် အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်းအခမ်းအနားကို မိတ္ထီလာတပ်နယ်ရှိ လေယာဉ်ထုတ်လုပ်ပြင်ဆင်ရေးဌာနချုပ်တွင် ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ မိတ္ထီလာမြို့ ရန်မျိုးအောင်ရပ် သာသနာ့ဝေပုလ္လပါဠိတက္ကသိုလ် ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကောဝိဒ အမှူးပြုသော သံဃာတော်အရှင်မြတ် (၇၅) ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် ဇနီး ဒေါ်တင်မိုးနွယ်၊ စစ်ဦးစီးအရာရှိချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဝင်းမြင့်နှင့် ဇနီး ဒေါ်မြင့်မြတ်မြတ်စိုး၊ လေတပ်စခန်းဌာနချုပ်မှူးများနှင့် ဇနီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ် (လေ) နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် သာသနာ့ဝေပုလ္လပါဠိတက္ကသိုလ် ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားချီးမြှင့်တော်မူကြသည့် ပရိတ်တရားတော်များ နာယူကြသည်။

ထို့နောက် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး သာသနာ့ဝေပုလ္လပါဠိတက္ကသိုလ် ဆရာတော်ထံမှ အနုမောဒနာ တရားနာယူကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှဝေကြပြီးနောက် သံဃာတော်အရှင်သူမြတ်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# (၇၅) နှစ်မြောက် စိန်ရတုတပ်မတော် (လေ) နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တပ်မတော် (လေ) မှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များက လှူဖွယ်ဝတ္ထုပစ္စည်းများ၊ စားသောက်ဖွယ်ရာများ၊ အလှူငွေများနှင့် ဆွမ်းဆက်ကပ်လှူဒါန်း

**နေပြည်တော် ဒီဇင်ဘာ ၁၅**

(၇၅) နှစ်မြောက် စိန်ရတုတပ်မတော်(လေ)နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)ကွပ်ကဲမှုအောက်တပ်များမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များသည် ဒီဇင်ဘာ ၁၄ ရက်နှင့် ယနေ့တွင် သက်ဆိုင်ရာမြို့နယ်၊ ကျေးရွာ၊ ရပ်ကွက်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများတွင် လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ဆွမ်းဆက်ကပ်လှူဒါန်းပြီး ဘိုးဘွားရိပ်သာများ၊မိဘမဲ့ဂေဟာများနှင့် မျက်မမြင်ကျောင်းများတွင် စားသောက်ဖွယ်ရာများနှင့် အလှူငွေများအား လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ စိတ်ပျော်ရွှင်ကြည်နူးချမ်းမြေ့စေရန်အတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV) အဖွဲ့တို့က သွားရောက်ဂုဏ်ပြုဖျော်ဖြေ

**နေပြည်တော် ဒီဇင်ဘာ ၁၅**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့် ဝေးကွာစွာဖြင့် နေ့မအားညမနား ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေး တပ်ဖွဲ့ဝင်များအနေဖြင့် ၎င်းတို့၏ မိသားစုများအပေါ် လွမ်းဆွတ်သတိရသည့်စိတ်များ ခေတ္တခဏမျှ ပြေပျောက်စေရန်နှင့် စိတ်ပျော်ရွှင် ကြည်နူးစေရန်အတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များမှ အရာရှိ၊ စစ်သည်၊ စစ်သမီးများနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV) မှ အဖွဲ့သူ အဖွဲ့သားများက တိုင်းစစ်ဌာနချုပ် အသီးသီးရှိ ရှေ့တန်းစခန်းများနှင့် နယ်မြေခံတပ်ရင်းဌာနချုပ်များသို့ အလှည့်ကျ သွားရောက်၍ ကိုယ်ချင်းစာစိတ် အပြည့်အဝဖြင့် ဂုဏ်ပြုဖျော်ဖြေသီဆို ကပြလျက်ရှိသည်။

ထိုသို့ သွားရောက်ဂုဏ်ပြုသီဆိုကပြ ဖျော်ဖြေလျက်ရှိရာ ယနေ့တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ မြစ်ကြီးနားမြို့နှင့် မိုးကောင်းမြို့တို့ရှိ နယ်မြေခံတပ်ရင်း ဌာနချုပ်များသို့ နယ်လှည့် ပြည်သူ့ဆက်ဆံရေးအဖွဲ့များမှ အရာရှိ၊ စစ်သည်၊ စစ်သမီးများနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV) မှ အဖွဲ့သူ၊ အဖွဲ့သားများက စစ်ချီတေး၊ စစ်သည် တေးသီချင်းများ၊ ခေတ်ပေါ်နှင့် ခေတ်ဟောင်းတေးသီချင်းများဖြင့် ဖျော်ဖြေကြရာ တပ်မတော်သားများနှင့် မိသားစုဝင်များက စိတ်လက်ပျော်ရွှင်



ကြည်နူးချမ်းမြေ့စွာဖြင့် ကြည့်ရှုအားပေး၍ အချို့စစ်သည်များနှင့် မိသားစုများက လွတ်လပ်ပေါ့ပါးစွာဖြင့် အတူတကွ ပါဝင်သီဆိုကြသည်။

ထိုကဲ့သို့ လာရောက်သီဆိုဖျော်ဖြေပေးကြသည့် အဖွဲ့သူ၊ အဖွဲ့သားများကို နယ်မြေခံတပ်မှ တာဝန်ရှိသူများနှင့် မိသားစုဝင်များက ဒေသထွက်လက်ဆောင်ပစ္စည်းများ ပေးအပ်ကြပြီး ဒေသထွက် အစားအစာများဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

**မြန်မာ့ပင်လယ်ပြင် အခြေအနေ**

**နေပြည်တော် ဒီဇင်ဘာ ၁၅** – မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်– တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်– တနင်္သာရီကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)တွင် လျှပ်စစ်သုံးယာဉ်ဆိုင်ရာ Training of Trainers (ToT) သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၅**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရနည်းပညာကောလိပ်၊ သိပ္ပံနှင့် ကျောင်းများရှိ Electric Vehicles (EV) နည်းပညာနှင့် ဆက်စပ်သည့် နယ်ပယ်များရှိ သင်ကြားရေး ဆရာ ဆရာမများနှင့် ဆက်စပ်ဝန်ကြီးဌာနများမှ ဝန်ထမ်းများအတွက် EV မော်တော်ယာဉ်နည်းပညာများဆိုင်ရာ အသိပညာဗဟုသုတများနှင့် ကျွမ်းကျင်မှုများ ဖြည့်ဆည်းပေးနိုင်ရေးအတွက် “လျှပ်စစ်သုံးယာဉ်ဆိုင်ရာ Training of Trainers (ToT) သင်တန်းဖွင့်ပွဲအခမ်းအနား” ကို ယနေ့ နံနက် ၉ နာရီတွင် အစိုးရစက်မှုလက်မှုသိပ္ပံ (အင်းစိန်)၌ ကျင်းပရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုင်းကျော်နိုင်ဦး တက်ရောက်၍ အမှာစကားပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားတွင် ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကြည်စိုးက လျှပ်စစ်သုံးယာဉ်ဆိုင်ရာ Training of Trainers (ToT) သင်တန်းနှင့်စပ်လျဉ်း၍ သင်ကြားဆောင်ရွက်မည့် ဘာသာရပ်ဆိုင်ရာများကို ရှင်းလင်းပြောကြားခဲ့ပြီး စာတွေ့၊ လက်တွေ့ သင်ကြားမည့် အလုပ်ရုံရှိ Electric Vehicles နှင့် သင်ထောက်ကူပစ္စည်းများကို ကြည့်ရှုလေ့လာခဲ့ကြသည်။

အဆိုပါသင်တန်းသို့ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ၁၃ ဦး၊ စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီး ဌာနမှ နှစ်ဦး၊ ကုန်းလမ်း ပို့ဆောင်ရေးညွှန်ကြား မှုဦးစီးဌာနမှ သုံးဦး၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနမှ ခြောက်ဦး စုစုပေါင်း ၂၂ ဦး တက်ရောက်ကြသည်။




သင်တန်းတွင် လျှပ်စစ်သုံးယာဉ်ဆိုင်ရာ Theory of Automobile၊ EV Drive Structure၊ EI Rules and Regulation၊ Basic Electronic and Inverter/Converter Technology၊ Sensor and Networking Technology နှင့် UN ECE R100 Regulation စသည့် သင်ခန်းစာ အကြောင်းအရာများအား စာတွေ့ လက်တွေ့သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ ဒီဇင်ဘာ ၁၅ ရက်မှ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၂ ရက်အထိ ရက်သတ္တပတ် လေးပတ်ခန့်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ဒဂုံတက္ကသိုလ် (၂၉) နှစ်ပြည့် အထိမ်းအမှတ် သုတေသနစာတမ်းဖတ်ပွဲကျင်းပ

**ဒဂုံအရှေ့ ဒီဇင်ဘာ ၁၅**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်တွင် ဒဂုံတက္ကသိုလ် (၂၉) နှစ်ပြည့် အထိမ်းအမှတ် သုတေသနစာတမ်းဖတ်ပွဲကို ဒဂုံတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ယနေ့ နံနက် ၉ နာရီက ကျင်းပသည်။

ရှေးဦးစွာ ဒဂုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသာထွန်းမောင်က တက္ကသိုလ် (၂၉) နှစ်ပြည့်အထိမ်းအမှတ် သုတေသနစာတမ်း ဖတ်ပွဲတွင် စာတမ်းတင်သွင်း ဖတ်ကြားခဲ့ကြသည့် စာတမ်းရှင်များအား ကျေးဇူးတင်ရှိပါကြောင်းနှင့် သုတေသနသည် တက္ကသိုလ်၏ အသက်ဖြစ်၍သုတေသနများ ဆောင်ရွက်ခြင်းသည် ပညာရေးဖွံ့ဖြိုးတိုးတက်စေရန် မြှင့်တင်တွန်းအားပေး ဆောင်ရွက်ခြင်းဖြစ်ပြီး သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆရာ၊ ဆရာမတစ်ဦးချင်းစီက အလေးထား ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယပါမောက္ခချုပ် ဒေါက်တာထိပ်တင်ဟန်က သုတေသန စာတမ်းဖတ်ပွဲစီစဉ်ဆောင်ရွက်ရသည့် ရည်ရွယ်ချက်နှင့် ဝိဇ္ဇာနှင့်သိပ္ပံစာတမ်းများအတွက် အမှတ်ပေးစည်းမျဉ်းများ၊ ဆုချီးမြှင့်မည့်အစီအစဉ်များကို ရှင်းလင်းပြောကြားပြီး ဝိဇ္ဇာဘာသာရပ် အကောင်းဆုံး သုတေသနစာတမ်းရှင် တစ်ဦးနှင့် သိပ္ပံဘာသာရပ်အတွက် အကောင်းဆုံး သုတေသန စာတမ်းရှင်တစ်ဦးတို့အား ဂုဏ်ပြုအမှတ်တရဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဝင်းအိမွန်(ပြန်/ဆက်)**

# ကြံခင်းမြို့၌ အင်္ဂလိပ်စာ၊ သင်္ချာ ထူးချွန်သူများ၊ မြို့နယ်အဆင့်လူရည်ချွန်များနှင့် ဆုများရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သော ဆရာကြီး/ဆရာမကြီးများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပ

**ကြံခင်း ဒီဇင်ဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် (၅၂၈) လူငယ်ပရဟိတဖွံ့ဖြိုးရေး ကျောက်တိုင်ကျောင်းတိုက်ဆရာတော်ဒေါက်တာဦးပညာနန္ဒမှ ၂၀၂၂-၂၃ ပညာသင်နှစ် အင်္ဂလိပ်စာ၊ သင်္ချာစွမ်းရည်ပြိုင်ပွဲထူးချွန်သူများ၊ မြို့နယ်အဆင့် လူရည်ချွန်များနှင့် ဆုရရှိအောင် ပညာသင်ကြားပေးခဲ့သော ဆရာကြီး ဆရာမကြီးများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကို ယမန်နေ့က ကြံခင်းမြို့ (အ ထ က-၁) အောင်ကျော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ (၅၂၈)လူငယ်ပရဟိတဖွံ့ဖြိုးရေး ကျောက်တိုင်ကျောင်းတိုက် ဆရာတော် ဒေါက်တာ ဦးပညာနန္ဒက (၅၂၈) လူငယ်ပရဟိတဖွံ့ဖြိုးရေးကျောင်း ဖွင့်လှစ်ပြီး အနာဂတ်မျိုးဆက်သစ် ပညာတတ် လူငယ်လူရွယ်များ မွေးထုတ်ပေးရခြင်းနှင့် ပတ်သက်ပြီး မိန့်ကြားသည်။

ထို့နောက် ၂၀၂၂-၂၃ ပညာသင်နှစ် အင်္ဂလိပ်စာ၊ သင်္ချာစွမ်းရည်ပြိုင်ပွဲ ထူးချွန်သူများ၊ မြို့နယ်အဆင့် လူရည်ချွန်များနှင့် ဆုရရှိအောင် စွမ်းဆောင်နိုင်ခဲ့သော ဆရာကြီး ဆရာမကြီးများအား ဂုဏ်ပြုဆုချီးမြှင့်ရာ အင်္ဂလိပ် စာစွမ်းရည်ပြိုင်ပွဲတွင် ၁၃ ဦး၊ သင်္ချာစွမ်းရည်ပြိုင်ပွဲတွင် ၁၀ ဦး၊ မြို့နယ်အဆင့် လူရည်ချွန်ခြောက်ဦးနှင့် ဆုများရရှိအောင် စွမ်းဆောင်နိုင်ခဲ့သော ဆရာကြီး ဆရာမကြီး ၁၁ ဦးတို့ကို ဆရာတော်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကျောက်ဖြူမြို့၌ (၄၈) နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ် ရခိုင်ရိုးရာကျင်ပြိုင်ပွဲ စည်ကားစွာကျင်းပ

**ကျောက်ဖြူ ဒီဇင်ဘာ ၁၅**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်တွင် ကျရောက်သည့် ရခိုင်ပြည်နယ်နေ့အထိမ်းအမှတ်အဖြစ် ရခိုင်ရိုးရာကျင်ပြိုင်ပွဲ၊ ဂေါက်သီးရိုက်အားကစားပြိုင်ပွဲနှင့် ဖျော်ဖြေရေးအစီအစဉ်များကို ယနေ့ နံနက်ပိုင်းမှစ၍ ဦးဥတ္တမပန်းခြံနှင့် နဒီသောင်ယံဂေါက်ကလပ်ကွင်းပြင်တို့တွင် ကျင်းပသည်။

အဆိုပါ (၄၈) နှစ်မြောက် ရခိုင်ပြည်နယ်နေ့အထိမ်းအမှတ် ရခိုင်ရိုးရာကျင်ပြိုင်ပွဲကို ပွိုင့်ကမ်းခြေအနီးရှိ ဦးဥတ္တမပန်းခြံဝင်းအတွင်း၌လည်းကောင်း၊ ဂေါက်သီးရိုက်ပြိုင်ပွဲကို အစိုးရရပ်ကွက်ရှိ နဒီသောင်ယံဂေါက်ကလပ်ကွင်း၌လည်းကောင်း ဒီဇင်ဘာ ၁၅ ရက်မှ ၁၆ ရက်အထိ ကျင်းပလျက်ရှိရာ ပြိုင်ပွဲဝင်သူများက စိတ်အားထက်သန်ပျော်ရွှင်စွာဖြင့် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး ညပိုင်းအစီအစဉ်အဖြစ် နဒီသောင်ယံဂေါက်ကလပ်ကွင်းပြင်၌ ဖျော်ဖြေရေးအစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပကာ ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ် ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် ဖူဆယ်ဘောလုံးအားကစားပြိုင်ပွဲများတွင် ဆုရရှိကြသည့် အသင်းများကို ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တင်ထွန်းဦး၊ ဖြိုးဝေလင်း**

❍ *ကျောဖုံးမှ*

ဝဏ္ဏသိဒ္ဓိအားကစားရုံ (B) ၌ ဆက်လက်ကျင်းပသည်။

ဘော်လီဘော(အမျိုးသမီး)ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းကို (၃)ပွဲပြတ်ဖြင့်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ ဘော်လီဘော (အမျိုးသား)ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ပြန်ကြားရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက ကျန်းမာရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအသင်းက ပြည်ထောင်စုရာထူးဝန်အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း အသီးသီး ယှဉ်ပြိုင်အနိုင်ရရှိသည်။

အဆိုပါ ပြိုင်ပွဲများသို့ ပြည်ထောင်စုဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာများမှ အရာထမ်း/အမှုထမ်းများ၊ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် အားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးသည်။

**အားကာမောင်**

❖ *ကျောဖုံးမှ*

ရင်ဆိုင်လာခဲ့ပြီး ခြေရည်တူ ကစားနိုင်ခဲ့သော်လည်း ရရှိလာသည့် အခွင့်အရေးများကို ဂိုးအဖြစ် ပြောင်းလဲနိုင်ခြင်းမရှိသောကြောင့် ဂိုးပြတ်ရှုံးပွဲကြုံတွေ့ခဲ့ခြင်း ဖြစ်သည်။

ပြင်သစ်အသင်းအတွက် အဖွင့်ဂိုးကို ပွဲချိန် ငါးမိနစ်တွင် ရရှိခဲ့ပြီး ဟာနန်ဒက်စ်က သွင်းယူခဲ့သည်။ ထို့နောက်တွင် မော်ရိုကိုအသင်းက ချေပဂိုးရရှိရေး ကြိုးစားလာခဲ့ရာ ဂိုးရရှိနိုင်သည့် အခွင့်အရေးများ ရရှိခဲ့သော်လည်း ပြင်သစ်အသင်းခံစစ်နှင့် ဂိုးသမားတို့ ဟန့်တားရှင်းထုတ်နိုင်ခဲ့သည့်အတွက် ဝေးကွာခဲ့ရသည်။ ပြင်သစ်အသင်းအတွက် အနိုင်သေချာစေမည့် ဒုတိယဂိုးကို ပွဲချိန် ၇၉ မိနစ်တွင် ရရှိခဲ့ပြီး လူစားဝင်ကစားသမား မူရာနီက သွင်းယူပေးခဲ့သည်။ ယခုပွဲစဉ်တွင် ရှုံးနိမ့်ခဲ့သော မော်ရိုကိုအသင်းက ကမ္ဘာ့ဖလားပြိုင်ပွဲ တတိယနေရာလုပွဲတွင် ခရိုအေးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး အနိုင်ရရှိခဲ့သော ပြင်သစ်အသင်းက ဗိုလ်လုပွဲတွင် အာဂျင်တီးနားအသင်း နှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

**အောင်ဇော်**

❂ *ကျောဖုံးမှ*

အာရှဘောလုံးအဖွဲ့ချုပ်သည် ပါရီအိုလံပစ် အာရှဇုန်ခြေစစ်ပွဲများကို ၂၀၂၃ ခုနှစ်အတွင်း အပြီးကျင်းပမည်ဖြစ်ပြီး အဆင့်သုံးဆင့်ခွဲ၍ ကျင်းပမည်ဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် ခြေစစ်ပွဲအဆင့်အလိုက် ကျင်းပမည့်ကာလများ ထုတ်ပြန်ထားပြီး ခြေစစ်ပွဲကျင်းပမည့်ပုံစံနှင့် ပါဝင်ယှဉ်ပြိုင်မည့် အသင်းများကို ထပ်မံထုတ်ပြန်မည် ဖြစ်သည်။ ပထမအဆင့်ခြေစစ်ပွဲကို ၂၀၂၃ ခုနှစ် ဧပြီ ၃ ရက်မှ ၁၁ ရက်၊ ဒုတိယအဆင့် ခြေစစ်ပွဲကို အောက်တိုဘာ ၂၃ ရက်မှ ၃၁ ရက်၊ နောက်ဆုံးအဆင့်ခြေစစ်ပွဲကို နိုဝင်ဘာ ၂၇ ရက်မှ ဒီဇင်ဘာ ၆ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ပါရီအိုလံပစ် အမျိုးသမီး ဘောလုံးပြိုင်ပွဲ နောက်ဆုံးအဆင့်ကို အသင်း စုစုပေါင်း ၁၂ သင်းဖြင့် ကျင်းပမည်ဖြစ်ပြီး အာရှဇုန်မှ နှစ်သင်းသာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် ၂၀၀၄ အေသင်အိုလံပစ်ပြိုင်ပွဲမှစတင်ကာ ခြေစစ်ပွဲဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး နောက်ဆုံးအဆင့်တွင် အာရှကိုယ်စားပြုအသင်း အနည်းငယ်သာ ယှဉ်ပြိုင်ခွင့်ရသဖြင့် ခြေစစ်ပွဲအောင်မြင်ဖူးခြင်း မရှိသေးကြောင်း သိရသည်။ နောက်ဆုံးကျင်းပသည့် ၂၀၂၀ တိုကျိုအိုလံပစ် ခြေစစ်ပွဲတွင်လည်း နောက်ဆုံးအဆင့် ခြေစစ်ပွဲအထိ တက်ရောက်နိုင်ခဲ့သည်။

**ရဲရင့်လွင်**

# သထုံမြို့မှ ပဲခူး - မြို့ဟောင်းခရီးစဉ်အဖြစ် ထွက်ခွာလာသည့် မီးရထားကို KNLA အဖွဲ့မှ အကြမ်းဖက်မှုကိုလိုလားသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများက ဒေသန္တရလက်လုပ်မိုင်းဖြင့် မိုင်းထောင်ဖောက်ခွဲဖျက်ဆီးတိုက်ခိုက်

**နေပြည်တော် ဒီဇင်ဘာ ၁၅**

KNLA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက အများပြည်သူ အသုံးပြုလျက်ရှိသည့် ကားလမ်း၊ ရထားလမ်းများကို မိုင်းထောင်၊ ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ခြင်းများ လုပ်ဆောင်လျက်ရှိရာ ဒီဇင်ဘာ ၁၃ ရက် ညနေ ၆ နာရီ ၃၅ မိနစ်ခန့်တွင် မွန်ပြည်နယ် သထုံမြို့မှ အိမ်ဆောက်ပစ္စည်းများ တင်ဆောင်လာသည့် သထုံ - ပဲခူး - မြို့ဟောင်း ခရီးစဉ်အဖြစ် ထွက်ခွာလာသည့် အမှတ် (၂၇၂) အစုန် ကုန်ရထားတွဲဆိုင်းသည် သထုံမြို့နယ် သိမ်ဆိပ်နှင့် ဒုံဝန်း အကြား မီးရထားလမ်း မိုင်တိုင်(၁၂၄/၉-၁၀)သို့ အရောက်၌ KNLA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက အဝေးထိန်းခလုတ်ဖြင့် မိုင်းတစ်လုံး ဖောက်ခွဲခဲ့မှုကြောင့် ကုန်ရထားတွဲ ၁၀ တွဲ လမ်းချော်တိမ်းမှောက်ခဲ့သည်။

ထိုသို့ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ၎င်းတွဲဆိုင်းများပေါ်တွင် တင်ဆောင်ထားသည့် အိမ်ဆောက်ပစ္စည်းများ ပျက်စီးဆုံးရှုံးခဲ့ပြီး ရထားသံလမ်း ၂၂ ချောင်း၊ ကွန်ကရစ်ဇလီဖားတုံး ၁၈၀၊ သစ်သားဇလီဖားတုံး ၃၀၊ တွဲနှောင်ပစ္စည်းများ ပျက်စီးဆုံးရှုံးခဲ့ကြောင်းနှင့် ရန်ကုန်နှင့် မော်လမြိုင်တို့မှ ထွက်ခွာမည့် အမြန်ရထား ခရီးစဉ်ခြောက်ခုတို့ကို ဖျက်သိမ်းခဲ့ရသဖြင့် ခရီးသွားပြည်သူ ၄၅၀၀ ခန့် အခက်အခဲကြုံတွေ့ခဲ့ရသည်။

အဆိုပါ KNLA အဖွဲ့မှ အကြမ်းဖက်မှုကိုလိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများ





မိုင်းထောင်ဖောက်ခွဲမှုကြောင့် မီးရထားသံလမ်းများ ပျက်စီးခဲ့ရသည့်အတွက် မီးရထားလမ်းပိုင်းအား အမြန်ဆုံးဖွင့်လှစ်ပြေးဆွဲနိုင်ရေးအတွက် မြန်မာ့မီးရထားမှ တာဝန်ရှိသူများက လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်အတူ ပြန်လည်ပြုပြင်မှုများကို အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းနှင့် အများပြည်သူ အသုံးပြုလျက်ရှိသည့် ဆက်သွယ်ရေးလမ်းကြောင်းများကို ဖောက်ခွဲ ဖျက်ဆီးခဲ့သော KNLA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများကို အမြန်ဆုံး ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ထိုသို့ KNLA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းများ လုပ်ဆောင်လျက်ရှိရာ ယနေ့ထိ မီးရထားလမ်းများကို မိုင်းခွဲဖျက်ဆီးခြင်း စုစုပေါင်း ၁၀၂ ကြိမ်၊ မီးရထားလမ်းတံတားများအား မိုင်းခွဲဖျက်ဆီးခြင်း စုစုပေါင်း ၃၄ ကြိမ်နှင့် မီးရထားဘူတာများအား မီးရှို့ဖျက်ဆီးခြင်း စုစုပေါင်းကိုးကြိမ် ပြုလုပ်ခဲ့ကြောင်း၊ ယခုကဲ့သို့ အများပြည်သူ အသုံးပြုလျက်ရှိသည့် ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်စည်ပို့ဆောင်ရေး ရထားခရီးစဉ်များ၊ ရထားလမ်းများ၊ တံတားများ၊ ဘူတာများကို ယုတ်မာရက်စက်စွာဖြင့် မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခဲ့ကြသည့် KNLA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများအား ပြည်သူတစ်ရပ်လုံးမှ ပြင်းထန်စွာ ဆန့်ကျင်ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# PDF အမည်ခံအကြမ်းဖက်သမားများက ပုလောမြို့နယ် တို့ရွာအခြေခံပညာအထက်တန်းကျောင်းခွဲ၌ ကျောင်းသား ကျောင်းသူများ ပထမနှစ်ဝက်စာမေးပွဲစစ်ဆေးနေမှုကို နှောင့်ယှက်ဖျက်ဆီး

**နေပြည်တော် ဒီဇင်ဘာ ၁၅**

NUG အမည်ခံ အကြမ်းဖက်အဖွဲ့နှင့် ၎င်း၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများသည် အနာဂတ်ရင်သွေးငယ်များ၏ ပညာသင်ကြားခွင့် အခွင့်အလမ်းများ ပျက်ပြား၍ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန်၊ စာသင်ပေသင်ကြားခြင်း မပြုလုပ်နိုင်ရန်နှင့် ၎င်းတို့အား ထောက်ခံ အားပေးလာစေရန် ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက်များဖြင့် နည်းလမ်းမျိုးစုံ အသုံးပြုကာ ပညာရေးကဏ္ဍ မြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည်။

ထိုသို့ နှောင့်ယှက်ဖျက်ဆီးလျက်ရှိရာ ဒီဇင်ဘာ ၁၄ ရက်က တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် အမှတ်(၂) ရပ်ကွက် (ဒေသအခေါ်-တို့ရွာ) ရှိ တို့ရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲ၌ ပညာသင်ကြားလျက်ရှိသော Grade-3 မှ Grade-11 အထိ ကျောင်းသားကျောင်းသူ ၃၀၀ ခန့်ကို ပထမနှစ်ဝက်စာမေးပွဲ စစ်ဆေးမှုအား ဆရာ ဆရာမ ၂၃ ဦးတို့က ကြီးကြပ်ဆောင်ရွက်လျက် ရှိနေစဉ် နံနက် ၁၀ နာရီခန့်တွင် PDF အမည်ခံ အကြမ်းဖက်သမား လေးဦးက ဆိုင်ကယ်များဖြင့် ရောက်ရှိလာပြီး လက်နက်များ ကိုယ်စီကိုင်ဆောင်ကာ ကျောင်းဝင်းအတွင်းသို့ ဝင်ရောက်၍ စာမေးပွဲစစ်ဆေးမှု ဆက်လက်ပြုလုပ်ခြင်းမပြုရန် ခြိမ်းခြောက်အကျပ်ကိုင်ပြီး ကျောင်းဝင်းအတွင်းမှ ထွက်ခွာသွားရန် မောင်းထုတ်ခဲ့သဖြင့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ကျောင်းအတွင်းမှ ထွက်ပြေးရှောင်တိမ်းခဲ့ရသည်။

အကြမ်းဖက် သမားများ၏ နှောင့်ယှက် ခြိမ်းခြောက်မှုကြောင့် ပထမနှစ်ဝက်စာမေးပွဲ စစ်ဆေးမှု ခေတ္တရွှေ့ဆိုင်းထားခဲ့ရကြောင်းနှင့် ပြန်လည်ကျင်းပနိုင်ရေး တာဝန်ရှိသူများက ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း သိရှိရသည်။

ဖြစ်စဉ်တွင် စာမေးပွဲဖြေဆိုမှု မပြုလုပ်နိုင်ရေး ခြိမ်းခြောက် အကျပ်ကိုင်သူ အကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဒီဇင်ဘာ ၁၅**

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၂ ဒီဂရီစင်တီဂရိတ်၊ တီးတိန်မြို့တွင် ၄ ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့တွင် ၈ ဒီဂရီစင်တီဂရိတ်နှင့် ပူတာအိုမြို့၊ ဖလမ်းမြို့နှင့် ဟုမ္မလင်းမြို့တို့တွင် ၉ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၁၅**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ် အမှတ်(၁၅) ရပ်ကွက်နေ နေလင်းထက်သည် ၎င်းအသုံးပြုသည့် “Nay Linn Htet” Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အာဖဂန်နစ္စတန်နိုင်ငံ၌ သက်တမ်းကုန်သည့် ဆေးဝါးများနှင့် အစားအစာ တန် ၇၀ ကို ဖျက်ဆီး

ကန်ဒါဟာ ဒီဇင်ဘာ ၁၅

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း ကန်ဒါဟာပြည်နယ်တွင် သက်တမ်းကုန်သည့် ဆေးဝါးများနှင့် စားသောက်ကုန်ပစ္စည်း တန် ၇၀ ကို အာဏာပိုင်များက ဖျက်ဆီးခဲ့ကြောင်း ပြည်နယ်စက်မှုလုပ်ငန်းရှင် သမဂ္ဂ၏ အကြီးအကဲဖြစ်သူ ဖာရစ် အာမက်က ဒီဇင်ဘာ ၁၅ ရက်တွင် ပြောကြားသည်။

ယခု ဖျက်ဆီးခဲ့သည့်ပစ္စည်းများမှာ အဖျော်ယမကာ၊ ဆေးဝါးများ၊ ဂျုံမှုန့်နှင့် အခြား စားသောက်ကုန်ပစ္စည်းအမျိုးအစားများ အပါအဝင် လွန်ခဲ့သည့် လေးလကျော်က စုဆောင်းထားသည့် ပစ္စည်းများကို ဒီဇင်ဘာ ၁၄ ရက်က ကန်ဒါဟာမြို့ အပြင်ဘက်ရှိ



မီအန်ကိုဒေသတွင် မီးရှို့ဖျက်ဆီးခဲ့ကြောင်း၊ ထို့ပြင် သက်တမ်းကုန်လွန်သည့် ပစ္စည်းများကို မည်သည့်ဈေးဆိုင်မှရောင်းချရန် အာဏာပိုင်များက ခွင့်မပြုကြောင်း အာမက်က သတင်းထောက်များကို ပြောကြားသည်။

အလားတူ ပြီးခဲ့သည့် သီတင်းပတ်ကလည်း နန်ဂါဟာပြည်နယ်အရှေ့ပိုင်း ဂျာလာလာဘတ်မြို့တွင် သက်တမ်းကုန်သည့် ဆေးဝါးများနှင့် အစားအသောက်ပစ္စည်း တန် ၇၀ ကို အာဏာပိုင်များက ရှင်းလင်းခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

## တောင်ကိုရီးယားနိုင်ငံ အလယ်ပိုင်းဒေသများတွင် ဆီးနှင်းများထူထပ်စွာကျရောက်

ဆိုးလ် ဒီဇင်ဘာ ၁၅

ဒီဇင်ဘာ ၁၅ ရက်တွင် တောင်ကိုရီးယားနိုင်ငံဆိုးလ်မြို့၌ ဆီးနှင်းများ ထူထပ်စွာ ကျရောက်နေပြီး နှင်းထူထပ်စွာ ကျရောက်မည့် ဒေသများအတွက် အကြံပြုချက်များ ထုတ်ပြန်ထားသည်။

ဒီဇင်ဘာ ၁၅ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီတွင် ဆိုးလ်မြို့တော် ဧရိယာအနောက်ပိုင်းတွင် တစ်နာရီလျှင် နှင်းထု ၂စင်တီမီတာမှ၃စင်တီမီတာအထိ ထူထပ်စွာ ကျဆင်းနေသည်ဟု ကိုရီးယား မိုးလေဝသဌာနက ပြောသည်။

ဆိုးလ်မြို့တောင်ဘက် ၈၀ ကီလိုမီတာအကွာရှိ ဒန်ကျင်းမြို့တွင် ၆ စင်တီမီတာ အထူရှိနှင်းများ ကျဆင်းနေပြီး ဂယောင်းဂီပြည်နယ်ရှိ ဟာဆယ်အုံတွင် ၃ ဒသမ ၉ စင်တီမီတာ ဆီးနှင်းများ ကျဆင်းနေသည်။

ဆိုးလ်မြို့တွင်လည်း နှင်းထုမှာ ၁ ဒသမ ၁ စင်တီမီတာ ရှိပြီး ဂန်ဝန်ပြည်နယ်အရှေ့ပိုင်း ယန်ဂူတွင် နှင်းထုမှာ ၃ ဒသမ ၈ စင်တီမီတာရှိသည်ဟု သိရသည်။

ဂန်ဝန်ပြည်နယ်နှင့် ဂယုံဆန်းပြည်နယ် မြောက်ပိုင်းတို့တွင် နှင်းထူထပ်စွာ ကျဆင်းမှုနှင့် ပတ်သက်၍ အကြံပေးမှုများ ထုတ်ပြန်ထားသည်။ ညနေပိုင်းတွင် ဆိုးလ်မြို့ဧရိယာ၌ ဆီးနှင်းများ ကျဆင်းမှုလျော့နည်းသွားမည်ဟု ခန့်မှန်းထားသည်။ **ဆင်ဟွာ**



နှင်းများအကြား သွားလာနေကြသူများကို တွေ့ရစဉ်။

## ဒေါ်လာ ၃ ဒသမ ၅၈ ဘီလီယံတန်ဖိုးရှိ တက်စ်လာ ရှယ်ယာများ အီလွန်မက် ရောင်းချ

နယူးယောက် ဒီဇင်ဘာ ၁၅

အီလွန်မက်သည် ယခုသီတင်းပတ်အတွင်း ဒေါ်လာ ၃ ဒသမ ၅၈ ဘီလီယံ တန်ဖိုးရှိ တက်စ်လာကားထုတ်လုပ်သည့် ကုမ္ပဏီ၏ ရှယ်ယာများကို ရောင်းချခဲ့ကြောင်း သိရသည်။

တက်စ်လာကား ထုတ်လုပ်သည့်ကုမ္ပဏီ၏ စီအီးအိုသည် ဒီဇင်ဘာ ၁၂ ရက်မှ ၁၄ ရက်အတွင်း ရှယ်ယာ ၂၂ သန်း ရောင်းချခဲ့ကြောင်း အမေရိကန်လုံခြုံရေးနှင့် လဲလှယ်ရေး ကော်မရှင်က ဒီဇင်ဘာ ၁၄ ရက်တွင် ထုတ်ပြန်ခဲ့သည်။

မက်သည် အောက်တိုဘာလအတွင်း ဆိုရှယ်မီဒီယာ ကုမ္ပဏီဖြစ်သည့် တွစ်တာကို ဝယ်ယူရန် ဒေါ်လာ ၄၄ ဘီလီယံ ကာမိစေရန် ငွေကြေးအဖွဲ့အစည်းများမှ




ချေးငွေဒေါ်လာ ၁၃ ဘီလီယံ ရရှိခဲ့ကြောင်း သိရသည်။

တွစ်တာ၏ ပိုင်ရှင်အသစ်သည် နှစ်စဉ် အတိုး တစ်ဘီလီယံ ဒေါ်လာကျော်ပေးရန် လိုအပ်ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

## ကုလသမဂ္ဂ အမျိုးသမီးအခွင့်အရေးကော်မရှင်မှ အီရန် ထုတ်ပယ်ခံရ

ဂျီနီဗာ ဒီဇင်ဘာ ၁၅

အီရန်နိုင်ငံကို ကုလသမဂ္ဂ အမျိုးသမီးအခွင့်အရေးကော်မရှင်မှ ထုတ်ပယ်ရန် ကုလသမဂ္ဂတွင် မဲပေးမှုပြုလုပ်ခဲ့သည်။ ကျားမ တန်းတူညီမျှရေးနှင့် အမျိုးသမီးအခွင့်အရေးကို မြှင့်တင်ရန်အတွက် ယခုလို မဲပေးမှုပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ကုလသမဂ္ဂစီးပွားရေးနှင့် လူမှုရေးကောင်စီတွင် ဒီဇင်ဘာ ၁၄ ရက်က အီရန်နိုင်ငံကို ကော်မရှင်မှထုတ်ပယ်ရန် အမေရိကန်မှ ရေးဆွဲထားသောမူကြမ်းကို ဆုံးဖြတ်ချက်ချခဲ့သည်။

ကုလသမဂ္ဂ စီးပွားရေးနှင့် လူမှုရေးကောင်စီသည် ၎င်း၏ကျန်ရှိနေသေးသော လေးနှစ်သက်တမ်းအတွင်း အီရန်ကိုကော်မရှင်မှထုတ်ပယ်ရန် မူကြမ်းတင်သွင်းခဲ့သည်။

စက်တင်ဘာလအတွင်း အသက် ၂၂ နှစ်အရွယ် အမျိုးသမီးမှာ ရဲစခန်းတွင် အဖမ်းခံရစဉ် သေဆုံးခဲ့သည့်အတွက် အီရန်နိုင်ငံ တီဟီရန်မြို့တွင် ဆန္ဒပြမှုများဖြစ်ပေါ်ခဲ့သည်။

အဆိုပါအမျိုးသမီးမှာ ခေါင်းစွပ်ပဝါကို သင့်လျော်စွာ ဝတ်ဆင်ထားခြင်းမရှိဟုဆိုကာ ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်။ အမျိုးသမီးများနှင့် အမျိုးသမီးငယ်များ၏ လူ့အခွင့်အရေးကို ချိုးနှိမ်မှုများဖြစ်ပေါ်နေသည့်အတွက် စိုးရိမ်မိကြောင်း စာတမ်းတွင်ဖော်ပြထားသည်။

အီရန်နိုင်ငံရှိ အမျိုးသမီးများနှင့် မိန်းကလေးများအတွက် ကုလသမဂ္ဂသည် အရေးယူဆောင်ရွက်မှုပြုလုပ်ရမည်ဟု ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ် လင်ဒါ သောမတ် ဂရင်းဖီးဒ်က ပြောသည်။

အီရန်နိုင်ငံတွင် အမျိုးသမီးများအပေါ် ဖိနှိပ်မှုများ ရပ်တန့်ရန်အတွက် ဖိအားပေးလုပ်ဆောင်မှုများ လိုအပ်သည်ဟု ၎င်းက ဆက်ပြောသည်။ အီရန်ကိုယ်စားလှယ်ကမူ အမေရိကန်၏ အခြေအမြစ်မရှိ လုပ်ကြံစွပ်စွဲချက်ဟု ပြန်လည်တုံ့ပြန်ခဲ့သည်။

**အင်န်အိတ်ချ်ကေ**



## ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၈၉ ဦး ထပ်မံတွေ့ရှိ

ဟနွိုင်း ဒီဇင်ဘာ ၁၅

ဗီယက်နမ်နိုင်ငံ၌ ဒီဇင်ဘာ ၁၅ ရက်တွင် ကိုဗစ်-၁၉ ကူးစက်ခံရသူသစ် ၃၈၉ တွေ့ရှိရာ ဒီဇင်ဘာ ၁၄ ရက်ကထက် ၆၉ ဦး တိုးလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူသစ်များမှာ ဒေသတွင်း ကူးစက်မှုများဖြစ်ပြီး အဆိုပါရောဂါ ကူးစက်ခံရသူပေါင်း ၁၁၅၂၂၀၉၇ ဦး ရှိပြီဖြစ်ကြောင်း ဝန်ကြီးဌာနက ပြောကြားသည်။ ဒီဇင်ဘာ ၁၅ ရက်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် ထပ်မံသေဆုံးသူမရှိသော်လည်း အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၄၃၁၇၉ ဦး ရှိလာပြီဖြစ်သည်။

ဗီယက်နမ်နိုင်ငံတွင် ဒီဇင်ဘာ ၁၅ အထိ ကိုဗစ်-၁၉ ရောဂါကြောင့် အသက်ရှူအထောက်အကူပြုကိရိယာများ တပ်ဆင်ရန် လိုအပ်နေသူ ၅၄ ဦးရှိပြီး ရောဂါ ကူးစက်ခံရသူစုစုပေါင်း၏ ၉၂ ရာခိုင်နှုန်းမှာ ပြန်လည်ကျန်းမာလာကြောင်း ဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

ဗီယက်နမ်နိုင်ငံ၌ အသက် ၁၈ နှင့်အထက်ပြည်သူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံးရေ ၂၂၃ ဒသမ ၁ သန်းကျော် ထိုးနှံပေးခြင်းအပါအဝင် နိုင်ငံအတွင်း ကာကွယ်ဆေးအလုံးရေ ၂၆၅ ဒသမ ၁ သန်းခန့် ထိုးနှံပေးပြီးဖြစ်ကြောင်း ဝန်ကြီးဌာနက ပြောကြားသည်။

**ဆင်ဟွာ**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၃ ဦး တွေ့ရှိ

## ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၂၈) ရာခိုင်နှုန်းရှိ

(၁၅-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၄-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၅-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၅၉၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၃) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၂၈) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၇၄၈,၀၈၃) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၅၂၁) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၅) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၈,၀၆၉) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၈) ဦး ရှိပါသည်။

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွား၊ သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့် (၃၀) ရက်ဆက်တိုက် (၁) ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာ ခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၆-၁၂-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၃၅ | ၁၉၈၀ | ၁၉၇၅ | ၁၉၄၀ | ၁၉၈၀ | ၂၀၀၀ | ၁၉၈၅ | ၁၉၆၅ | ၂၀၆၀ | ၂၀၇၅ | ၁၉၇၀ | ၁၉၈၀ | ၂၀၁၅ | ၂၀၁၅ | ၂၀၂၀ | ၂၂၃၅ | ၂၇၆၀ |
| 95 Ron | ၂၀၁၅ | ၂၀၆၅ | ၂၀၆၀ | ၂၀၂၅ | ၂၀၆၀ | ၂၀၈၅ | ၂၀၇၀ | ၂၀၅၀ | ၂၁၄၀ | ၂၁၅၅ | ၂၀၅၅ | ၂၀၇၀ | ၂၀၉၅ | ၂၁၀၀ | ၂၁၀၀ | ၂၃၂၀ | ၂၈၄၀ |
| HSD (500 ppm) | ၂၄၄၅ | ၂၄၉၀ | ၂၄၉၀ | ၂၄၅၅ | ၂၄၉၀ | ၂၅၁၀ | ၂၅၁၀ | ၂၄၇၅ | ၂၅၉၀ | ၂၅၈၅ | ၂၄၈၀ | ၂၄၉၅ | ၂၅၂၅ | ၂၅၂၅ | ၂၅၃၅ | ၂၇၅၀ | ၃၄၈၅ |
| HSD (50 ppm) | ၂၅၂၅ | ၂၅၇၀ | ၂၅၇၀ | ၂၅၃၅ | ၂၅၇၀ | ၂၅၉၀ | ၂၅၉၀ | ၂၅၅၅ | ၂၆၇၀ | ၂၆၆၅ | ၂၅၆၀ | ၂၅၇၅ | ၂၆၀၅ | ၂၆၀၅ | ၂၆၁၀ | ၂၈၃၀ | ၃၅၁၅ |
| HSD (10 ppm) | ၂၅၂၅ | ၂၅၇၀ | ၂၅၇၀ | ၂၅၃၅ | ၂၅၇၀ | ၂၅၉၀ | ၂၅၉၀ | ၂၅၅၅ | ၂၆၇၀ | ၂၆၆၅ | ၂၅၆၀ | ၂၅၇၅ | ၂၆၀၅ | ၂၆၀၅ | ၂၆၁၀ | ၂၈၃၀ | ၃၅၁၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၃၈ | ၁၉၀၈ |
| 95 Ron | ၁၉၁၇ | ၁၉၈၉ |
| HSD (500 ppm) | ၂၃၃၇ | ၂၄၁၄ |
| HSD (50 ppm) | ၂၄၁၁ | ၂၄၈၉ |
| HSD (10 ppm) | ၂၄၁၁ | ၂၄၈၉ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# အမျိုးသမီးဦးဆောင်သည့် MSME လုပ်ငန်းများအတွက် စွမ်းဆောင်ရည်မြှင့်သင်တန်းသို့ လျှောက်ထားနိုင်

**ရန်ကုန် ဒီဇင်ဘာ ၁၅**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ အမျိုးသမီးဦးဆောင်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME) များအတွက် စွမ်းဆောင်ရည်မြှင့်တင်ခြင်း သင်တန်းအစီအစဉ် “Empowering Women-led Businesses in peri-urban Yangon” ပရိုဂရမ်အတွက် လျှောက်ထားနိုင်ကြောင်း သိရသည်။

အဆိုပါပရိုဂရမ်သည် အခက်အခဲများကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ အနေဖြင့် လုပ်ငန်းကို ကောင်းမွန်စွာမလည်ပတ်နိုင်ခြင်း၊ ငွေကြေး၊ နည်းပညာနှင့် ဥပဒေအထောက်အပံ့များ မရရှိခြင်း၊ လုံခြုံမှုမရှိခြင်းနှင့် အခြားသော စိန်ခေါ်မှု၊ ပြဿနာများနှင့် ရင်ဆိုင်နေရသူများအတွက် ရည်ရွယ်ထားပြီး UN Women ၏ အကူအညီဖြင့် Impact Hub Yangon က အမျိုးသမီးဦးဆောင်သည့် စီးပွားရေးလုပ်ငန်း ရေရှည်တည်တံ့ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်။

စွမ်းဆောင်ရည်မြှင့်တင်ခြင်း သင်တန်းအစီအစဉ်သည် အမျိုးသမီးစွန့်ဦးတီထွင်လုပ်ငန်းရှင်များအတွက် အထူးစီမံထားခြင်းဖြစ်ပြီး အခက်အခဲများကြားမှ ရပ်တည်နိုင်စေမည့် စီးပွားရေးနှင့် သက်ဆိုင်သည့် အသိပညာများ လမ်းညွှန်အကြံပေးခြင်း၊ ကွန်ရက်များနှင့် ချိတ်ဆက်ပေးခြင်း အပါအဝင် အခြားသောအထူးပြုဝန်ဆောင်မှုများပေးခြင်းတို့ ပါဝင်မည်ဖြစ်သည်။ ယခု သင်တန်းအစီအစဉ်ကို ဒီဇင်ဘာ ၂၀၂၂ မှ ဧပြီ ၂၀၂၃ အထိ ပြုလုပ်မည်ဖြစ်ပြီး အခမဲ့အွန်လိုင်းမှ တစ်ဆင့်သင်ကြားခြင်း၊ ရန်ကုန်မြို့၌ လူတွေ့သင်ကြားခြင်းနှင့် ချိတ်ဆက်ခြင်းပွဲများ၊ လမ်းညွှန်အကြံပေးအစီအစဉ်များအတွက် သင်တန်းအချိန် စုစုပေါင်းနာရီ ၈၀ မပျက်မကွက် အချိန်ပေးရန်လည်း လိုအပ်မည်ဖြစ်သည်။

အဆိုပါအစီအစဉ်၌ အမျိုးသမီးများဦးဆောင်သည့် အသေးစား၊ အငယ်စား၊ လုပ်ငန်းများအတွက် လုပ်ငန်းတိုးတက်ရန်နှင့် ထပ်မံတိုးချဲ့နိုင်ရန် ထောက်ပံ့ငွေ လျှောက်ထားနိုင်မည့် အခွင့်အလမ်းအချို့ ပါဝင်မည်ဖြစ်ကာ တင်ပြသည့် လုပ်ငန်းလိုအပ်ချက်များအပေါ်မူတည်၍ ထပ်မံတိုးချဲ့နိုင်စွမ်းရှိမှုနှင့် လူမှုစီးပွားအကျိုးသက်ရောက်နိုင်မှုအပေါ် စစ်ဆေးအကဲဖြတ်ကာ ထောက်ပံ့ငွေကြေးပမာဏ ဒေါ်လာ ၈၀၀၀ အထိ တောင်းဆိုနိုင်မည်ဖြစ်ကြောင်း၊ သင်တန်းအတွက် http://bit.ly/3gG94f2 ၌ ဒီဇင်ဘာ ၂၁ ရက်နောက်ဆုံးထား လျှောက်ထားနိုင်ပြီး အသေးစိတ်အချက်အလက်များကို Impact Hub Yangon- ဖုန်း 09-882879909 နှင့် email: yangon@impacthub.net သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။




**ကိုရိုး**

# ဘေးကင်းသော အရည်အသွေးပြည့် စားသုံးဆီထုတ်လုပ်သန့်စင်ခြင်း နည်းပညာသင်တန်းဖွင့်မည်

**ရန်ကုန် ဒီဇင်ဘာ ၁၅**

အသေးစား၊ အလတ်စားနှင့် အငယ်စားစက်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာစေရန် ရည်ရွယ်၍ ဘေးအန္တရာယ်ကင်းရှင်းသော အရည်အသွေးပြည့် စားသုံးဆီထုတ်လုပ်သန့်စင်ခြင်းနည်းပညာ အွန်လိုင်းသင်တန်းကို ဒီဇင်ဘာ ၁၇ ရက်နှင့် ၁၈ ရက်တွင် ဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါသင်တန်းကို စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ အစားအာဟာရဆိုင်ရာ သိပ္ပံနှင့်နည်းပညာအသင်း(FoSTA) တို့ပူးပေါင်းဖွင့်လှစ်ခြင်းဖြစ်ပြီး ဆီထွက်သီးနှံများကို ရိတ်သိမ်းချိန်လွန်ဆိုင်ရာ အလေ့အကျင့်ကောင်းများဖြင့် ပြုပြင်ထိန်းသိမ်းခြင်း၊ ဘေးအန္တရာယ်ကင်းရှင်းပြီး အရည်အသွေးပြည့် စားသုံးဆီထုတ်လုပ်ရာတွင် လိုက်နာကျင့်သုံးရမည့် အလေ့အကျင့်ကောင်းများ၊ အမှတ်တံဆိပ်ကပ်ခြင်းနှင့် ထုပ်ပိုးခြင်း၊ စားသုံးဆီအရည်အသွေးစစ်ဆေးခြင်းနှင့် စံသတ်မှတ်ချက်များတို့ကို




ပညာရှင်များဖြစ်သည့် ဒေါက်တာရီရီမြင့်၊ ဒေါ်မြင့်မြင့်၊ ဒေါက်တာခင်အေးကြူ၊ ဒေါ်ခင်မာခိုင်၊ ဒေါ်စီစီဝင်းတို့က သင်ကြားပေးမည်ဖြစ်ကြောင်း၊ Zoom Application ဖြင့် သင်တန်းကာလနှစ်ရက်တာအတွင်း နံနက် ၉ နာရီမှ ၁၁ နာရီအထိ သင်ကြားပို့ချမည်ဖြစ်ကြောင်း၊ သင်တန်းကြေးအဖြစ် တစ်ဦးလျှင် ကျပ် ၃၀၀၀၀ သတ်မှတ်ထားပြီး ၀၉-၄၄၃၁၂၂၇၁၄ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **ကိုရိုး**

# အငယ်စား ဆီစက်လုပ်ငန်းများအတွက် ချေးငွေအဆိုပြုလွှာလျှောက်ထားနိုင်

**နေပြည်တော် ဒီဇင်ဘာ ၁၅**

အငယ်စား ဆီစက်လုပ်ငန်းများအနေဖြင့်လည်း ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေ အဆိုပြုလွှာ လျှောက်ထားနိုင်ကြောင်း စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ သိရသည်။

**ရင်းနှီးမြှုပ်နှံမှုလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ရည်ရွယ်**

ပြည်တွင်းဆီစက်များကို အဆင့်မီစက်ပစ္စည်းများ တိုးချဲ့တပ်ဆင်ခြင်း၊ ခေတ်မီဆီစက်အသစ်များ ထပ်မံတည်ဆောက်ခြင်းနှင့် လက်ရှိဆီစက်များ အဆင့်မြှင့်တင်ခြင်းတို့ ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်က ရင်းနှီးမြှုပ်နှံမှုလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ရည်ရွယ်၍ ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေ ထုတ်ချေးသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသဖြင့် ဆီစက်လုပ်ငန်းများ ချေးငွေအဆိုပြုလွှာများ တင်သွင်းလျှောက်ထားနိုင်မည်ဖြစ်သည်။

စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၏ ဝက်ဘ်ဆိုက်စာမျက်နှာဖြစ်သော https://msmewebportal.gov.mm/latest-news/185 တွင်လည်းကောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်စာမျက်နှာဖြစ်သော https://www.moali.gov.mm/ my/tender / 2022-11-25t1011090630 တွင် လည်းကောင်း ကြေညာထားခဲ့ပြီး ပုဂ္ဂလိကစက်မှု လုပ်ငန်းမှတ်ပုံတင်အရ အငယ်စားလုပ်ငန်းများပါ ဆီစက်ချေးငွေ အဆိုပြုလွှာကို လျှောက်ထားနိုင်ပြီဖြစ်သည်။

လျှောက်လွှာပိတ်သိမ်းမည့်ရက်မှာ ယခုလ ၂၇ ရက်ဖြစ်ပြီး ချေးငွေအဆိုပြုလွှာနှင့် စာရွက်စာတမ်းများကို ချိတ်ပိတ်စာအိတ်အတွင်း ထည့်သွင်း၍ စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနသို့ ပေးပို့လျှောက်ထားနိုင်ကြောင်း သိရှိရသည်။ **ကိုရိုး**

# တစ်ပတ်အတွင်း ဘုရင့်နောင်ကုန်စည်ဈေးကွက်

ရန်ကုန် ဒီဇင်ဘာ ၁၅

**ရန်ကုန် ဘုရင့်နောင်ဈေးကွက်တွင် မိုးကြက်သွန်နီနှင့် ငရုတ်ဈေးကျလာသည်။ ရမည်းသင်း ခေါးစင်းမန်ကျည်းအသစ်များ တစ်ပိဿာ ကျပ် ၁၃၀၀ နှုန်းဖြင့် ရန်ကုန်ဈေးကွက်သို့ စတင်ဝင်ရောက်လာသည်။ ယခင်နှစ်တွင် ယင်းခေါးစင်းမန်ကျည်းသည် တစ်ပိဿာ ကျပ် ၂၀၀၀ နှုန်းဖြင့် ဝင်ရောက်ထားခြင်းဖြစ်ရာ ယခုနှစ်တွင် ဈေးနှုန်းနိမ့်နေသည်။**

**ကြက်သွန်နီ**

နယ်စုံမှ မိုးကြက်သွန်နီအသစ်များ ရန်ကုန်ဈေးကွက်သို့ အလုံးအရင်းဖြင့် ဝင်ရောက်လျက်ရှိသဖြင့် ဈေးနှုန်းကျဆင်းလာသည်။ ဒီဇင်ဘာ ၁၄ ရက်တွင် နယ်စုံမှ မိုးကြက်သွန်နီ ပိဿာချိန် ၁၅၀၀၀၀ ဝင်ရောက်လာပြီး မြင်းခြံကြက်သွန်နီ လက်ကား တစ်ပိဿာလျှင် ကျပ် ၁၈၀၀ မှ ၃၅၀၀၊ မြစ်သား တစ်ပိဿာလျှင် ကျပ် ၃၁၀၀ မှ ၄၁၀၀ နှုန်း ရှိသည်။

ပခုက္ကူကုန်စည်ဒိုင်၌ ဒီဇင်ဘာ ၁၄ ရက်တွင် မိုးကြက်သွန်နီ ပိဿာချိန် နှစ်သိန်းခန့်ဝင်ရောက်ပြီး တစ်ပိဿာအမြင့်ဆုံးဈေးမှာ ကျပ် ၂၃၅၀ နှုန်းသာ ရှိတော့သည်။ မန္တလေးဈေးကွက်တွင်လည်း ဒီဇင်ဘာ ၁၂ ရက်က မြစ်သားကြက်သွန်နီ တစ်ပိဿာ အမြင့်ဆုံး ၃၆၀၀ ကျပ်နှုန်းရှိရာမှ ၁၄ ရက်တွင် ကျပ် ၃၃၀၀ နှုန်းသာ ရှိသည်။ မြင်းခြံကုန်စည်ဒိုင်သို့ ဒီဇင်ဘာ ၁၄ ရက်တွင် မိုးကြက်သွန်နီ ပိဿာချိန် ၁၈၅၃၂၀ ဝင်ရောက်ပြီး အမြင့်ဆုံးဈေးမှာ တစ်ပိဿာကျပ် ၂၆၀၀ နှုန်းသာရှိသည်။

**စားအုန်းဆီ**

ဒီဇင်ဘာ ၁၂ ရက်မှ ၁၈ ရက်အထိ ရန်ကုန်အထိုင် လက်ကားရည်ညွှန်းဈေးအရ စားအုန်းဆီ တစ်ပိဿာ ၄၅၁၅ ကျပ်ဖြစ်ရာ ယခင်အပတ်ထက် တစ်ပိဿာ ၁၁၅ ကျပ် ဈေးနှုန်းကျဆင်းလာသည်။ ဒီဇင်ဘာ ၁၄ ရက် ရန်ကုန်ဆီဈေးကွက်တွင် လက်ငင်းလက်ကားအလှယ် စားအုန်းဆီ တစ်ပိဿာ ကျပ် ၅၃၅၀ နှုန်းသာရှိသည်။

**ဆန်**

ဒီဇင်ဘာ ၁၄ ရက် ရန်ကုန်ဆန်ဈေးကွက်တွင် ဖျာပုံကောက်ညှင်းအသွယ် တစ်အိတ် ကျပ် ၉၂၀၀၀၊ မိုးဆန်ကြမ်း အသစ်တစ်အိတ် ကျပ် ၄၂၀၀၀၊ သီးထပ်ဆန်ကြမ်းအဟောင်း တစ်အိတ် ကျပ် ၄၇၀၀၀၊ ရက် ၉၀ ရှယ် ဆန်ကြမ်းအဟောင်း တစ်အိတ် ကျပ် ၅၁၀၀၀ နှုန်းရှိသည်။ ပေါ်ဆန်း အသစ်ဈေးမှာ ဘိုကလေး/မော်ကျွန်း တစ်အိတ်လျှင် ကျပ် ၅၄၀၀၀-၅၅၀၀၀၊ မြောင်းမြ - ပုသိမ် တစ်အိတ်လျှင် ကျပ် ၆၀၀၀၀-၆၂၀၀၀၊ ရွှေဘိုပေါ်ဆန်း တစ်အိတ်လျှင် ကျပ် ၇၀၀၀၀-၇၃၀၀၀ ရှိပြီး ပေါ်ဆန်း အဟောင်းဈေးမှာ ဘိုကလေး-မော်ကျွန်း တစ်အိတ်လျှင် ကျပ် ၆၃၀၀၀-၆၅၀၀၀၊ ပုသိမ်-မြောင်းမြ ကျပ် ၆၆၀၀၀-၆၈၀၀၀၊ ရွှေဘို တစ်အိတ်လျှင် ကျပ် ၉၀၀၀၀-၉၈၀၀၀ ကျပ်နှုန်း ရှိသည်။

**ပဲအမျိုးမျိုး**

ဒီဇင်ဘာ ၁၄ ရက်တွင် မတ်ပဲ FAQ/RC တစ်တန် ကျပ် ၁၈၂၄၀၀၀၊ SQ တစ်တန် ကျပ် ၂၀၃၄၀၀၀၊ ပဲစင်းငုံနီ Red/RC တစ်တန် ကျပ် ၁၈၆၅၀၀၀၊ ပဲတီစိမ်း ခရမ်းရွှေဝါ(ထိပ်စ) တစ်ပိဿာ ကျပ် ၂၈၃၀-၃၀၀၀၊ ကုလားပဲခြမ်း တစ်ပိဿာ ကျပ် ၃၉၀၀ - ၄၁၀၀ နှုန်း ရှိသည်။

**ကြက်သွန်ဖြူ/အာလူး/ငရုတ်**

ဒီဇင်ဘာ ၁၄ ရက်တွင် ကြူကုတ် ကြက်သွန်ဖြူ တစ်ပိဿာ ကျပ် ၃၁၅၀ နှုန်း၊ ရှမ်းအောင်ပန်း ကြက်သွန်ဖြူ ၂၉၀၀-၃၃၀၀-၃၆၀၀-၃၉၀၀ ကျပ်နှုန်း ဈေးနှုန်းရှိနေသည်။ ဒီဇင်ဘာ ၁၄ရက်က ရန်ကုန်အာလူး ဈေးကွက်သို့ တရုတ်အာလူးအဟောင်း ကား နှစ်စီး၊ အသစ် ကား ခြောက်စီးဖြင့် စုစုပေါင်း အာလူးပိဿာချိန် ၄၈၀၀၀ ဝင်ရောက်မှု ရှိသည်။ ဈေးနှုန်းမှာ တရုတ်အာလူးအဟောင်း (သဲသီး) တစ်ပိဿာ ကျပ် ၂၃၅၀၊ တရုတ်အာလူးအသစ် ကျပ် ၁၇၀၀၊ ရှမ်းအာလူး ကျပ် ၁၇၅၀ မှ ၂၁၅၀ နှုန်းရှိသည်။

ငရုတ်ဈေးမှာ နယ်စုံ မိုးထောင်ငရုတ် လက်ကားတစ်ပိဿာ ကျပ် ၁၂၅၀၀-၁၃၀၀၀၊ ပန်းရဲငရုတ်ရှည် အသစ်(စလင်း) တစ်ပိဿာ ကျပ် ၁၈၀၀၀၊ သဲတောပန်းရဲအသစ်ကျပ်၁၅၀၀၀၊ မြားနီအအေးခန်းထုတ်ငရုတ်ရှည် တစ်ပိဿာ ကျပ် ၂၀၀၀၀၊ ရှမ်းငရုတ်ရှည်ကျပ် ၁၃၀၀၀-၁၄၀၀၀ နှုန်း ရှိသည်။ ဆင်ဖြူကျွန်းငရုတ်ပွအသစ် လက်ကားတစ်ပိဿာကျပ် ၂၅၀၀၀-၂၆၀၀၀၊ ရှမ်းစက ငရုတ်ပွ တစ်ပိဿာ ကျပ် ၁၂၅၀၀၊ တရုတ်စကပွ အသစ် ကျပ် ၁၃၈၀၀၊ ကျောက်ဆောင်ငရုတ်ပွအသစ် ကျပ် ၁၅၀၀၀ နှုန်းရှိသည်။

**အောင်ခင်နိုင်**

## ကရင်နှစ်သစ်ကူးနေ့ အထူးဈေးရောင်းပွဲကို Times City Outdoor Area ၌ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၅**

FIT & FUN Festival ဈေးရောင်းပွဲတော်ကို ဒီဇင်ဘာ ၂၂ ရက် ကရင်နှစ်သစ်ကူးနေ့ မနက် ၈ နာရီ မှ ည ၈ နာရီ အထိ Times City Out-door Area ၌ ကျင်းပမည်ဖြစ်သည်။

HUB MYANMAR က ကြီးမှူးကျင်းပသော ဈေးရောင်းပွဲတော်နှင့်အတူ ကျန်းမာရေးဆိုင်ရာ လှုပ်ရှားမှုတစ်ခုဖြစ်သည့် Zumba Dance အကအလှများ၊ ဂီတဖျော်ဖြေမှု၊ ဂိမ်းကစားပွဲနှင့် ကံစမ်းမဲအစီအစဉ်များကို ထည့်သွင်းထားပြီး အစားအစာများ၊ အဝတ်အထည်များ၊ လူသုံးကုန်များနှင့် ဆေးဝါးကုမ္ပဏီများက တိုက်ရိုက်လာရောက် ရောင်းချပေးမည့် ဆေးနှင့် ဆေးပစ္စည်း ပြခန်းများလည်း ပါဝင်မည်ဖြစ်ဖြစ်ကြောင်း သိရသည်။ **သီရိ**

## ကာတာနိုင်ငံ၌ ကျင်းပမည့် International Horticultural ပြပွဲသို့ မြန်မာလုပ်ငန်းရှင်များ ပါဝင်ပြသနိုင်

**နေပြည်တော် ဒီဇင်ဘာ ၁၅**

International Horticultural Expo 2023 ကို ကာတာနိုင်ငံ ဒိုဟာမြို့၌ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၂ ရက်မှ ၂၀၂၄ ခုနှစ် မတ် ၂၈ ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ပြီး ကုန်စည်ပြပွဲ၏ ခေါင်းစဉ်မှာ Green Dessert, Better Environment ဖြစ်သည်။

ခေတ်မီစိုက်ပျိုးရေးနည်းပညာနှင့် ဆန်းသစ်တီထွင်မှု၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာ ဖြန့်ဝေရေးနှင့် စဉ်ဆက်မပြတ်ထိန်းသိမ်းစောင့်ရှောက်ရေးစသည့် ခေါင်းစဉ်ကွဲများအလိုက် ကမ္ဘာ့နိုင်ငံများမှ ပါဝင်ပြသကြမည်ဖြစ်သည်။

အဆိုပါကုန်စည်ပြပွဲတွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့အနေဖြင့် မြန်မာနိုင်ငံကိုယ်စားပြု ပြခန်းဆောင် ပါဝင်ပြသမည်ဖြစ်ရာ ပူးပေါင်းဆောင်ရွက်လိုသည့် ပုဂ္ဂလိကကုမ္ပဏီများအနေဖြင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်ထံ လိပ်မူ၍ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်ထက် နောက်မကျစေဘဲ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ၏ E-mail:moctradefair@gmail.com နှင့် ဖုန်း- ၀၆၇-၄၀၈၆၂၂၊ ၀၆၇-၄၀၈၆၂၃ သို့ ပေးပို့လျှောက်ထားနိုင်ကြောင်း Myantrade မှ သိရသည်။ **သီရိ**

## ရန်ကုန် ပို့ကုန်၊ သွင်းကုန်ရုံးခွဲ၌ အကောက်ခွန် သက်သာခွင့်အစီအစဉ်အရ အသုံးပြုသည့် ပို့ကုန်တင်ပို့သူ မှတ်ပုံတင်စနစ် လျှောက်ထားနိုင်

**ရန်ကုန် ဒီဇင်ဘာ ၁၅**

ကုန်သွယ်ရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ နော်ဝေနိုင်ငံ၊ ဆွစ်ဇာလန်နိုင်ငံနှင့် တူကီယဲသမ္မတနိုင်ငံတို့၏ တစ်ဖက်သတ် အကောက်ခွန်သက်သာခွင့်အစီအစဉ် (Generalized System of preference GSP)အရ ပို့ကုန်တင်ပို့သူ မှတ်ပုံတင်စနစ် (Registered Exporter System) REX ကို အသုံးပြု၍ ပို့ကုန်တင်ပို့သူများ မှတ်ပုံတင်ပို့ကုန် တင်ပို့သူ(Registered Exporter) ခွင့်ပြုချက်လျှောက်ထားခြင်းကို ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့ရှိ ပို့ကုန်သွင်းကုန်ရုံးခွဲ၌ စာရွက်စာတမ်းပြည့်စုံစွာဖြင့် လာရောက်လျှောက်ထားနိုင်ပြီ ဖြစ်ကြောင်း သိရသည်။

ပို့ကုန်တင်ပို့သူမှတ်ပုံတင်စနစ် (Registered Exporter System-REX) မှာ ဖော်ပြပါနိုင်ငံများသို့ တင်ပို့မည့် ကုန်စည်များသည် သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ မြန်မာနိုင်ငံ၏ ပင်ရင်းကုန်စည်ဖြစ်ကြောင်း မှတ်ပုံတင်ပို့ကုန်တင်ပို့သူ ခွင့်ပြုချက်လက်မှတ်ရထားသော ပို့ကုန်တင်ပို့သူများက သက်ဆိုင်ရာ စာရွက်စာတမ်းပေါ်တွင် ကြေညာသည့်စနစ်ဖြစ်ကြောင်း ကုန်သွယ်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါဈေးကွက် ဝင်ရောက်မှုအခြေအနေကိုရရှိရန် မြန်မာပို့ကုန်တင်ပို့သူများသည် ထုတ်ကုန်များကို မြန်မာနိုင်ငံအတွင်း၌ မူလထုတ်လုပ်ထားခြင်းဖြစ်ကြောင်း သက်သေပြရခြင်းဖြစ်သည်။ **သီရိ**

## ကမ္ဘောဒီးယားကြိတ်ခွဲဆန် ပြန်လည်နေရာရရှိလာ

**ဖနောင်ပင် ဒီဇင်ဘာ ၁၅**

ကမ္ဘောဒီးယားနိုင်ငံ၏ ဆန်တင်ပို့မှုသည် ဥရောပသမဂ္ဂမှ ထုတ်လုပ်သူများ၏ စီးပွားရေးကို ထိခိုက်စေသည်ဟုယူဆ၍ ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှစတင်ကာ ကမ္ဘောဒီးယားဆန် (Indica) တင်သွင်းမှုအပေါ် သုံးနှစ် သွင်းကုန်ခွန်စည်းကြပ်ရန်နှင့် ဥရောပသမဂ္ဂ အကာအကွယ်ပေးရေး အစီအမံများအရ ၂၀၁၉ ခုနှစ်တွင် Indica ဆန်တစ်တန်လျှင် ယူရို ၁၇၅ (၁၈၃ ဒေါ်လာ)၊ ၂၀၂၀ ပြည့်နှစ်တွင် Indica ဆန်တစ်တန်လျှင် ယူရို ၁၅၀ နှင့် ၂၀၂၁ ခုနှစ်တွင် Indica ဆန် တစ်တန်လျှင် ယူရို ၁၂၅ တို့ဖြင့် သွင်းကုန်အခွန်ပေးဆောင်ရန် ဥရောပသမဂ္ဂကော်မရှင်က ဆုံးဖြတ်ခဲ့သည်။



တရုတ်နိုင်ငံ နန်နင်းမြို့ ကုန်စည်ပြပွဲ၌ ကမ္ဘောဒီးယားဆန်များ ပါဝင်ပြသထားစဉ်။

အဆိုပါဆုံးဖြတ်ချက်နှင့် စပ်လျဉ်း၍ ကမ္ဘောဒီးယား ဆန်စပါးအသင်းချုပ်သည် ၂၀၁၉ ခုနှစ် ဧပြီလတွင် နိုင်ငံတကာရှေ့နေများငှားရမ်း၍ ဥရောပသမဂ္ဂကော်မရှင်ကို အမှုစွဲဆိုခဲ့ကာ ဥရောပသမဂ္ဂ၏ တရားလွှတ်တော်က စုံစမ်းစစ်ဆေးမှုများ စတင်လုပ်ဆောင်ခဲ့ပြီး လုံလောက်သော အထောက်အထားများ စုဆောင်းနိုင်မှု မရှိခြင်းကြောင့် အဆိုပါ သွင်းကုန်အခွန်များသည် တရားမဝင်ကြောင်းနှင့် ဥရောပကော်မရှင် စီမံခန့်ခွဲရေးကော်မတီ၏ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁၆ ရက်က ချမှတ်ခဲ့သော ဆုံးဖြတ်ချက်ကို ပယ်ဖျက်ကြောင်း ကမ္ဘောဒီးယားဆန်စပါးအသင်းချုပ်၏ နိုဝင်ဘာ ၃၀ ရက်က ထုတ်ပြန်ချက်အရ သိရသည်။

ဥရောပသမဂ္ဂ၏ တရားလွှတ်တော်က ဥရောပကော်မရှင်ကို ၎င်း၏တရားရေးကုန်ကျစရိတ်များကို ကျခံရန်၊ ကမ္ဘောဒီးယား ဆန်လုပ်ငန်းကဏ္ဍ၏ လော်ဘီသမားဖြစ်သူ ကမ္ဘောဒီးယားဆန်စပါးအသင်းချုပ်၏ ကုန်ကျစရိတ်များကို ပြန်လည်ပေးဆပ်ရန်နှင့် အီတလီအနေဖြင့် တရားရေး ကုန်ကျစရိတ်များကို မိမိဘာသာကျခံရန် အမိန့်ချမှတ်ခဲ့သည်။ ဤကိစ္စရပ်အောင်မြင်မှုသည် ကမ္ဘောဒီးယားအစိုးရ၏ ဖွံ့ဖြိုးတိုးတက်ရေး မူဝါဒအရ ကမ္ဘောဒီးယားဆန်စပါးကဏ္ဍ တိုးတက်မှုပြယုဂ်ဖြစ်ကြောင်း ကမ္ဘောဒီးယား ဆန်စပါးအသင်းချုပ်က ပြောကြားသည်။

Battambang ပြည်နယ်အခြေစိုက် အထင်ကရ ဆန်ကြိတ်ခွဲလုပ်ငန်းဖြစ်သည့် City Rice Import Export ကုမ္ပဏီလီမိတက်၏ဥက္ကဋ္ဌက ဥရောပသမဂ္ဂသို့ ကမ္ဘောဒီးယားဆန်တင်ပို့မှုအပေါ် အကာအကွယ်ပေးရေး အစီအမံများ ချမှတ်ခဲ့ခြင်းသည် ဆန်ဖြူမျိုးကွဲများအတွက် ဖိအားများဖြစ်စေသည်မှာ မှန်သော်လည်း ယခုအခါ အခြေအနေများအရ တိုးတက်လာပြီဖြစ်ကြောင်း၊ ၂၀၂၂ ဇန်နဝါရီ ၁၈ ရက်မှစတင်၍ ဥရောပဈေးကွက်သို့ ကမ္ဘောဒီးယား၏ ဆန်တင်ပို့မှုမှာ သွင်းကုန်ခွန် ကင်းလွတ်ခွင့်ရ၍ တိုးတက်လာခဲ့ကြောင်း၊ အထူးသဖြင့် ဂျက်စမင်းဆန် တင်ပို့မှုများတွင် သိသာကြောင်း၊ ယခုဆုံးဖြတ်ချက်ကြောင့် ကမ္ဘောဒီးယား ကြိတ်ခွဲဆန်စက်၏ နာမည်ကျော်ကြားမှု ပြန်လည်ရရှိလာပြီး ပြီးခဲ့သည့် နိုဝင်ဘာလအတွင်းက ဖူးခက်၌ ပြုလုပ်ခဲ့သည့် ကမ္ဘာ့ဆန်ညီလာခံတွင်လည်း ကမ္ဘောဒီးယားဂျက်စမင်း ဆန်မျိုးကွဲတစ်ခုကို ကမ္ဘာ့အကောင်းဆုံးဆန်အဖြစ် ငါးနှစ်တိုင်တိုင် ဆုရရှိမှု စသည့် အောင်မြင်မှုများသည် ကမ္ဘောဒီးယားတောင်သူများ၊ ဆန်စက်များ၊ ပို့ကုန်လုပ်ငန်းရှင်များနှင့် အခြားဆန်ကဏ္ဍဆိုင်ရာ သက်ဆိုင်သူများကို အကျိုးကျေးဇူးများစေကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၂၂ ခုနှစ် ဇန်နဝါရီမှ အောက်တိုဘာအထိ ဆန်တန်ချိန် ၅၀၉,၂၄၉ တန် တင်ပို့ခဲ့ပြီး ယခင်နှစ်တင်ပို့ခဲ့မှုထက် ၁၀ ဒသမ ၆၇ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း၊ ကမ္ဘောဒီးယားဆန်ကို တရုတ်နိုင်ငံမှ အများဆုံးဝယ်ယူပြီး ၎င်းနောက်တွင် ဥရောပသမဂ္ဂနှင့် အာဆီယံက အများဆုံးဝယ်ယူကြောင်း သိရသည်။

## အာရှတိုက်၏ ဖွံ့ဖြိုးတိုးတက်ရေးအလားအလာကို ADB ဘဏ်က လျှော့ချခန့်မှန်း

**မနီလာ ဒီဇင်ဘာ ၁၅**

အာရှတိုက်၏ ဖွံ့ဖြိုးတိုးတက်ရေး အလားအလာမှာ လက်ရှိတွင် စိန်ခေါ်မှုများ ရှိနေဆဲဖြစ်သဖြင့် အာရှဖွံ့ဖြိုးရေးဘဏ်(ADB)က လျှော့ချ၍ ခန့်မှန်းထားရှိကြောင်း သိရသည်။

ရုရှား-ယူကရိန်း ပဋိပက္ခများနှင့် ကမ္ဘာ့စီးပွားရေး နှေးကွေးနေမှုများကြောင့် လာမည့်နှစ်အတွက် အာရှတိုက်၏ ဖွံ့ဖြိုးမှုခန့်မှန်းချက်ကို လျှော့ချလိုက်ရခြင်းဖြစ်ကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့အခြေစိုက် ADB က ၎င်း၏ Asia Development Out-look အချပ်ပို အစီရင်ခံစာတွင် ဖွံ့ဖြိုးဆဲအာရှ၌ ၂၀၂၂ ခုနှစ် တိုးတက်မှုနှုန်းကို ယခင် စက်တင်ဘာက ၄ ဒသမ ၃ ရာခိုင်နှုန်းဟု ခန့်မှန်းခဲ့သည်ကို ယခု ၄ ဒသမ ၂ ရာခိုင်နှုန်းဟု လျှော့ချခန့်မှန်းခဲ့ပြီး ပဉ္စမအကြိမ်မြောက် လျှော့ချခန့်မှန်းခြင်းဖြစ်သည်။ လာမည့်နှစ်အတွက် အာရှ၏ စီးပွားရေးသည် ၄ ဒသမ ၆ ရာခိုင်နှုန်း တိုးလာမည်ဟု ဒီဇင်ဘာ ၁၄ ရက်က ထုတ်ပြန်ခန့်မှန်းထားပြီး ယခင်က ၄ ဒသမ ၉ ရာခိုင်နှုန်းဟု ခန့်မှန်းခဲ့ခြင်းဖြစ်သည်။ ဒေသတွင်း ငွေကြေးဖောင်းပွမှုသည် ယခုနှစ်တွင် ၄ ဒသမ ၄ ရာခိုင်နှုန်းနှင့် ၂၀၂၃ တွင် ၄ ဒသမ ၂ ရာခိုင်နှုန်းရှိလာမည်ဟု ADB က ခန့်မှန်းထားပြီး ဒေသတွင်း ဖောင်းပွမှုမြင့်တက်နေသည့် ဈေးနှုန်းများမှ စားသုံးသူများ အနည်းငယ်သက်သာရာရနိုင်မည်ဖြစ်သည်။

## ဗီယက်နမ်နိုင်ငံရှိ ပင်လယ်စာလုပ်ငန်းများ စိန်ခေါ်မှုများကြုံတွေ့

**ဟန္နိုင်း ဒီဇင်ဘာ ၁၅**

ဗီယက်နမ်နိုင်ငံ၏ ပင်လယ်အစားအသောက် ထုတ်လုပ်သည့်လုပ်ငန်းမှ ပြည်ပသို့တင်ပို့မှုတန်ဖိုးသည် ၂၀၂၂ ခုနှစ် ၁၀ လတာ ကာလအတွင်း ယမန်နှစ်နှင့်နှိုင်းယှဉ်ပါက ၃၀ ရာခိုင်နှုန်းခန့် မြင့်မားခဲ့ပြီး ပင်လယ်စာများတင်ပို့မှုသည် တိုးတက်မှုများစွာ ရှိခဲ့သော်လည်း ယခုနှစ်နောက်ဆုံးလများနှင့် ၂၀၂၃ ပထမသုံးလတွင် တင်ပို့မှုတန်ဖိုးများ ကျဆင်းလာမည့် အရိပ်အယောင်ရှိကြောင်း စီးပွားရေးပညာရှင်တစ်ဦးဖြစ်သည့် Dr. DinhThe Hien က ခန့်မှန်းပြောကြားထားသည်။

ယခုနှစ်အတွင်း ပင်လယ်အစားအသောက်များ ထုတ်လုပ်မှုလုပ်ငန်းသည် အခြားလုပ်ငန်းများနှင့် နှိုင်းယှဉ်ပါက အမြတ်အစွန်းများစွာ ရရှိသည့်လုပ်ငန်းဖြစ်ကြောင်း၊ သို့သော်လည်း ငွေလဲလှယ်မှုနှုန်းထားများနှင့် ပို့ကုန်ဈေးနှုန်းများ မြင့်မားနေခြင်းမှာ စိန်ခေါ်မှုတစ်ရပ်ဖြစ်လာသကဲ့သို့ ဗီယက်နမ်နိုင်ငံ၏ အဓိကပို့ကုန် ဈေးကွက်ဖြစ်သည့် အီးယူ၊ တရုတ်၊ ဂျပန်နှင့် ကိုရီးယားတို့သို့ တင်ပို့ရာတွင် ယင်းနိုင်ငံများမှ ငွေကြေးနှင့် ကိုက်ညီစေရန် ဈေးလျှော့ခိုင်းသည့် ပြဿနာများကိုလည်း ရင်ဆိုင်နေရကြောင်း သိရသည်။

၎င်းအပြင် ဗီယက်နမ်နိုင်ငံ၏ ပင်လယ်အစားအသောက်များ ထုတ်လုပ်မှုလုပ်ငန်းအနေဖြင့် ဈေးနှုန်းယှဉ်ပြိုင်မှုများ၊ သယ်ယူပို့ဆောင်စရိတ်များ၊ ပတ်ဝန်းကျင်ပြဿနာဆိုင်ရာအခက်အခဲများ၊ ကုန်ကြမ်းရရှိနိုင်မှုများနှင့် ငွေလဲလှယ်မှုနှုန်း အတက်အကျများ စသည့်အခက်အခဲများကိုလည်း ၂၀၂၃ ခုနှစ် ပထမသုံးလ အစပိုင်းကာလများအထိ ရင်ဆိုင်ရဖွယ်ရှိကြောင်း စီးပွားရေးပညာရှင်များက ထပ်လောင်းပြောကြားထားသည်။

# မဲခေါင်မြစ်ဝှမ်းဒေသတွင်း လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေးစီမံကိန်း (COMMIT) ၏ COMMIT Regional Task Force (COMMIT RTF) အစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၅**
မဲခေါင်မြစ်ဝှမ်းဒေသတွင်း လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးစီမံကိန်း (COMMIT) ၏ COMMIT Regional Task Force (COMMIT RTF) အစည်းအဝေးကို ယနေ့နံနက် ၈ နာရီခွဲတွင် ရုံးအမှတ် (၃၈)၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှူးရုံး၊ အစည်းအဝေးခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပရာ အစည်းအဝေးသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူကုန်ကူးမှုတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့မှူး၊ ရဲမှူးချုပ် မြင့်ထူး ဦးဆောင်သော ဌာနဆိုင်ရာ ကိုယ်စားလှယ်များ COMMIT အဖွဲ့ဝင် နိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံတို့မှ ကိုယ်စားလှယ်များ၊ COMMIT အတွင်းရေးမှူးရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ **(ယာပုံ)**



အစည်းအဝေးတွင် သဘာပတိအဖြစ်ဆောင်ရွက်သည့် ထိုင်းနိုင်ငံ၊ လူမှုဖွံ့ဖြိုးရေးနှင့် လူသားလုံခြုံရေးဝန်ကြီးဌာန (MSDHS)၊ အမြဲတမ်းအတွင်းဝန်က အဖွင့်အမှာစကား ပြောကြားပြီး လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့မှူး၊ ရဲမှူးချုပ် မြင့်ထူး က လွန်ခဲ့သော နှစ်နှစ်အတွင်း ပေါ်ပေါက်လာသော လူကုန်ကူးမှု လမ်းကြောင်းသစ်များ၊ မဲခေါင်ဒေသခွဲအတွင်း လုပ်ငန်းစီမံချက် (SPA IV) အကောင်အထည်ဖော်ခြင်း၏ သက်ရောက်မှုနှင့် ရရှိခဲ့သော သင်ခန်းစာများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးရာတွင် ဒေသတွင်း လူကုန်ကူးမှုဖြစ်ပွားရခြင်း၏ အဓိကအကြောင်းရင်းများမှာ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း၊ ဆင်းရဲနွမ်းပါးခြင်း၊ အသိပညာ နည်းပါးခြင်း၊ အလုပ်အကိုင်ဆိုင်ရာ သတင်းအချက်အလက် အပြည့်အစုံမရရှိခြင်း၊ ယုံကြည်လွယ်ခြင်း၊ နိုင်ငံများအကြားကျင့်သုံးသော ဥပဒေစနစ်မတူညီခြင်း၊ ဆိုက်ရောက်နိုင်ငံများ၏ တရားမဝင်လုပ်သား လိုအပ်ချက်များပြားခြင်းနှင့် တရားမဝင် နယ်စပ်ဖြတ်ကျော်မှုများကို ထိန်းချုပ်နိုင်မှု အားနည်းခြင်းတို့ကြောင့်ဖြစ်ကြောင်း၊

မြန်မာနိုင်ငံအတွင်း ဖြစ်ပွားလေ့ရှိသည့် လူကုန်ကူးမှုပုံစံများမှာ အဓမ္မထိမ်းမြားလက်ထပ်မှု၊ အဓမ္မပြည့်တန်ဆာပြုမှု၊ အဓမ္မစေခိုင်းမှု၊ ကြွေးမြီဖြင့်နှောင်ဖွဲ့ခိုင်းစေမှု၊ အဓမ္မမွေးစားမှု၊ အငှားကိုယ်ဝန်ဆောင်မှု၊ ကလေးရောင်းစားမှုနှင့် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှုတို့ဖြစ်ကြောင်း၊ လူကုန်ကူးမှုကို ဦးတည်နေပြီး အွန်လိုင်းမှတစ်ဆင့် အဓမ္မလိမ်လည်စေရန်လူစုဆောင်းသည့် ဖြစ်စဉ်များလည်း ဖြစ်ပွားလျက်ရှိကြောင်း၊ အဆိုပါဖြစ်စဉ်များတွင် အနည်းဆုံးနိုင်ငံ သုံးနိုင်ငံ ပါဝင်ပတ်သက်နေကြောင်း၊ COMMIT အဖွဲ့ဝင်နိုင်ငံများအနေဖြင့် မိမိတို့ ဒေသတွင်း တည်ငြိမ်မှု၊ လုံခြုံမှု၊ ဂုဏ်သိက္ခာတရားများကို ကာကွယ်နိုင်ရန် ယခုလိုဖြစ်စဉ်မျိုးကို အလေးထားပူးပေါင်းကာကွယ်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် COMMIT အဖွဲ့ဝင်နိုင်ငံများက လွန်ခဲ့သော နှစ်နှစ်အတွင်း ပေါ်ပေါက်လာသော လူကုန်ကူးမှုလမ်းကြောင်းသစ်များ၊ မဲခေါင်ဒေသခွဲတွင်း လုပ်ငန်းစီမံချက် (SPA IV) အကောင်အထည်ဖော်ခြင်း၏ သက်ရောက်မှုနှင့် ရရှိခဲ့သော သင်ခန်းစာများ၊ နိုင်ငံဖြတ်ကျော်လွှဲပြောင်းညွှန်းပို့မှု ယန္တရား (Transnational Referral Mechanism–TRM) ဖွံ့ဖြိုးမှုတိုးတက်မှု၊ မဲခေါင်ဒေသခွဲတွင်း လုပ်ငန်းစီမံချက် (SPA V) ရေးဆွဲဖော်ထုတ်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ဒသမအကြိမ်မြောက် အာဆီယံဉာဏ်စမ်းပဟေဠိ ဒေသတွင်းအဆင့်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကျောင်းသား/ကျောင်းသူများ နေပြည်တော်မှ ထွက်ခွာပြီး ရန်ကုန်မြို့၌ လှည့်လည်ကြည့်ရှုလေ့လာ



**နေပြည်တော် ဒီဇင်ဘာ ၁၅**
မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံပြီး ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်တွင် နေပြည်တော် MICC–2 ၌ ကျင်းပခဲ့သော ဒသမအကြိမ်မြောက် အာဆီယံဉာဏ်စမ်းပဟေဠိ ဒေသတွင်းအဆင့်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံကိုယ်စားပြု ကျောင်းသား/ ကျောင်းသူများနှင့် အုပ်ချုပ်သူများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များသည် ယနေ့နံနက်ပိုင်းတွင် ခေတ္တတည်းခိုသည့် နေပြည်တော်ရှိ Park Royal Hotel မှ မော်တော်ယာဉ်ဖြင့် ပြန်လည်ထွက်ခွာပြီး မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိကာ ညနေပိုင်းတွင်ရန်ကုန်မြို့တွင်း မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုလေ့လာကြသည်။

အဆိုပါအဖွဲ့သည် ရန်ကုန်မြို့ရှိ စိန်ဂွန်း City Mall သို့ သွားရောက် ဈေးဝယ်ကြပြီး ရန်ကုန်မြို့တွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထို့နောက်ရွှေတိဂုံစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုကြကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်တက္ကသိုလ်၌ စားသုံးသူကာကွယ်ရေးနှင့် အစားအသောက်၊ ဆေးဝါးဆိုင်ရာများ အသိပညာပေး

**ပြည် ဒီဇင်ဘာ ၁၅**
ပြည်ခရိုင် စားသုံးသူရေးရာဦးစီးဌာနနှင့် ပဲခူးတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတို့ ပူးပေါင်း၍ ပြည်တက္ကသိုလ်ပါမောက္ခချုပ်၏ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ယနေ့နံနက်ပိုင်းက ပြည်တက္ကသိုလ် ဘက်စုံသုံးခန်းမ၌ စားသုံးသူကာကွယ်ရေးနှင့် အစားအသောက်၊ ဆေးဝါးဆိုင်ရာ အသိပညာပေးဟောပြောဆွေးနွေးပွဲကျင်းပသည်။

ရှေးဦးစွာ ပြည်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာသက်လွင်က အမှာစကား ပြောကြားပြီး စားသုံးသူရေးရာဦးစီးဌာန ပြည်ခရိုင်ဦးစီးမှူး ဦးမင်းဆွေက စားသုံးသူများ၏ အခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရမည့် တာဝန်များ၊ ကုန်အညွှန်းအမှတ်အသား အပါအဝင် စားသုံးသူပြည်သူများနှင့် အစားအသောက်ရောင်းချသူများ၊ လုပ်ငန်းရှင်များ လိုက်နာဆောင်ရွက်ရမည့် အကြောင်းအရာများနှင့် စားသုံးသူ ကာကွယ်ရေးဆိုင်ရာ သိကောင်းစရာများ အကြောင်းကို လည်းကောင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှုဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီးဦးစီးမှူး ဒေါ်မေသန်းနိုင်က အန္တရာယ်ဖြစ်စေနိုင်သည့် ဓာတုဆိုးဆေးများအကြောင်း အပါအဝင် အစားအသောက်၊ ဆေးဝါး/ဆေးပစ္စည်းနှင့် အလှကုန်ပစ္စည်းများ အသုံးပြုရာတွင် ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ သိကောင်းစရာများ အကြောင်းတို့ကို လည်းကောင်း အသိပညာပေးဆွေးနွေးသည်။



ယင်းနောက်တက်ရောက်လာသော ပြည်တက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများနှင့် တက္ကသိုလ်ပရဝဏ်အတွင်း အစားအသောက်ရောင်းချသူများက ဟောပြောဆွေးနွေးချက်များအပေါ် သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြပြီး တာဝန်ရှိသူများက ပြန်လည်ဆွေးနွေး ဖြေကြားပေးသည်။

**ကိုဆက်(ပြန်/ဆက်)**

## မော်လူးဒေသ စပါးစိုက်တောင်သူများ စပါးထွက်နှုန်းကောင်းမွန်

**စစ်ကိုင်း ဒီဇင်ဘာ ၁၅**
စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဒေသ၌ မိုးစပါးကို ၂၀၂၂ ခုနှစ်တွင် ၁၀၂၉၅ ဧကခန့် စိုက်ပျိုးခဲ့ပြီး မိုးစပါးများ အထွက်နှုန်း တိုးတက်ကောင်းမွန်ကြကြောင်း သိရသည်။

မော်လူးဒေသတွင် မိုးစပါး စံကွက်ရိတ်သိမ်းမှုအရ တစ်ဧကပျမ်းမျှ ၈၈ တင်းခန့် ထွက်ရှိကာ စပါးမျိုးကွဲများအဖြစ် ဆင်းကေရီ (၃)၊ မှော်ဘီ (၂)၊ ရောမင်းမျိုးများကို အဓိကထားစိုက်ပျိုးကြပြီး လုံးသွယ်မွှေး၊ ချမ်းမြေ့မေ၊ ကောက်ညှင်းနှင့် သုံးရောင်ခြယ် (ဒေသအခေါ်) မျိုးများကိုအနည်းအငယ်စိုက်ပျိုးကြသည်။

မိုးစပါး ရိတ်သိမ်းပြီးစအချိန်တွင် ဆင်းကေရီ (၃) စပါးတစ်တင်းလျှင် ၈၅၀၀ ကျပ်ထိ ဈေးပေါက်ပြီး မော်လူးဒေသရှိ မိုးစပါး စိုက်ပျိုးတောင်သူများ ယခင်နှစ်ကထက် စပါးအထွက်နှုန်း တိုးလာပြီး စပါးဈေးနှုန်းမှာလည်း ယခင်နှစ်ထက်ဈေးကောင်းရကြသဖြင့် စပါးစိုက်တောင်သူများ စီးပွားရေး အဆင်ပြေလျက်ရှိသည်။

ယခုအခါလယ်သီးထပ်ဆောင်းသီးနှံများဖြစ်သည့် မြေပဲ၊ နေကြာ၊ နွေစပါးနှင့် ဟင်းသီးဟင်းရွက်များစိုက်ပျိုးကြရန် တောင်သူများသည် လယ်ယာလုပ်ငန်းကို ဆက်လက် ဆောင်ရွက်နေကြကြောင်း သိရသည်။

**လှအောင်(ကသာ)**



**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၆-၁၂-၂၀၂၂ သောကြာနေ့

**MRTV HD**

| | | | |
|---|---|---|---|
| ၀၆:၀၀ | မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(အဠာနာဋိယသုတ်) | ၁၆:၃၅ | မျိုးဝက်တင့်စေဆိုကရေးတီးအမွေ |
| ၀၇:၀၀ | နံနက်ခင်းသတင်း | ၁၇:၃၅ | ASEAN Information Exchange Initiative Program 2022 |
| ၀၈:၃၅ | ဒီဗိုကရေစီဆိုရာဝယ် | ၁၇:၃၀ | Weekly Sport Info |
| ၀၉:၁၀ | အဝေရာတောင်ပေါ်ရှင်းသာစခန်းဆီသို့ အလည်တစ်ခေါက် | ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၀၉:၃၅ | Soccer View | ၁၈:၃၀ | သုတဝေဖြာ...သီရိဂေဟာ |
| ၁၀:၀၀ | သတင်းထဲကသတင်း | ၁၉:၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ 'အတိတ်ဒါးဒါးအချစ်ချိုချို'(အပိုင်း-၃၂) |
| ၁၀:၃၀ | ကမ္ဘာ့အမွေအနှစ်စာရင်းဝင်သရေခေတ္တရာ ပျူမြို့ဟောင်းဆီသို့ | ၂၀:၀၀ | ပြည်တွင်းသတင်း၊နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၁၂:၃၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'အတိတ်ဒါးဒါးအချစ်ချိုချို'(အပိုင်း-၃၁) | ၂၁:၀၀ | စိန်ရတုလွတ်လပ်ရေးနေ့ဂုဏ်ပြုသီချင်းဆိုပြိုင်ပွဲ 'တူယှဉ်နွဲပျော်ဂီတပွဲတော်Season-2' တေးသီချင်းဆိုပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (Level-2)(ပွဲစဉ်-၁၆) (Result Show) |
| ၁၃:၃၀ | MRTV National News | | |
| ၁၄:၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'အောင်ပွဲမဏ္ဍိုင်ရင်ဆိုင်ချိတက်'(အပိုင်း-၁၀) | | |
| ၁၅:၃၀ | ကာတာကမ္ဘာ့ဖလားနေ့စဉ်ပွဲကြိုသုံးသပ်ချက်များ | | |

**mitv**

07:01 Evergreen Classic: Zeyatu Sabba Mingalan (Takkatho Lae Lae)
07:10 Making a Living as Horticulturist
07:25 Let's Taste Delicious Insects:
07:50 Kayah Style
08:01 News
08:26 Strolling Along A Memory Link - U Pein Bridge
08:45 Dough Artist's Dream
09:02 Skilful Marionette Performance of New Generation Artistes
09:17 Daytamotbarat Sasana Land
09:41 Myanmar Traditional Brass Embossed Painting
10:01 News
10:26 Topical Topics
10:35 Discovering Tribes: Da Nu (Their Life and Customs) (Part-2)
10:54 Graffiti: Character Art
11:02 Kay Tu Mar Lar "The Family"

**MRTV NRC**

**ချင်း (လိုင်ဇိုး) (၀၆ :၀၀ မှ ၀၇:၀၀)**
ကျန်းမာရေးအတွက်ကောင်းကျိုးများသည့် မဟာကာကြံဆစ်

**ချင်း (ချိုး) (၀၇:၀၀ မှ ၀၈:၀၀)**
ချင်းရိုးရာဆေးအိုးဆေးတံအကြောင်း

**မွန် (၀၈:၀၀ မှ ၁၀:၀၀)**
ငါးရံ့မရမ်းပြားချက်

**ရခိုင် (၁၀:၀၀ မှ ၁၂:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၇)

**ရှမ်း (၁၂:၀၀ မှ ၁၄:၀၀)**
နှစ်ပေါင်းရှည်ကြာတည်မြဲပါတဲ့အိုးလက်ရာ

**'ဝ' (၁၄:၀၀ မှ ၁၆:၀၀)**
စာပေစကားပြောကြရအောင်(အပိုင်း-၂)

**ကချင် (၁၆:၀၀ မှ ၁၈:၀၀)**
ကြက်ဆန်လှော်

**ကယား (၁၈:၀၀ မှ ၂၀:၀၀)**
အလှပြာဝေငွေတောင်ပြည်

**ဝကောကရင် (၂၀:၀၀ မှ ၂၁:၀၀)**
ဗိရိုးဖလာသဘာဝမျှစ်ခြောက်ပြုလုပ်နည်း

**အနောက်ပိုးကရင် (၂၁:၀၀ မှ ၂၂:၀၀)**
ချောင်းသာကမ်းခြေသို့အလည်တစ်ခေါက်

**အရှေ့ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
အစာအိမ်ရောဂါအကြောင်းသိကောင်းစရာ

**MRTV NEWS**

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၈:၃၀ နိုင်ငံတကာသတင်း (LIVE)
၀၉:၁၅ "ရသစုံစွာဤမြေကမ္ဘာ"
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၂:၁၅ ကာတာကမ္ဘာ့ဖလား (Hightlights)
၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၄:၀၀ MRTV National News
၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၉:၁၅ ပြည်တွင်း၊ပြည်ပခရီးသွားများအကြား ရေပန်းစားနေသည့်မြိတ်ကျွန်းစုကစပတ်ကျွန်း

**MRTV PARLIAMENT**

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို "ကျောင်းမှန်မှန်တက်စာပခက်"
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၃)
၁၁:၀၀ ဒီမိုကရေစီဆိုသည်မှာ အပိုင်း(၂)
၁၁:၃၀ "အတွေးအမြင်"(အပိုင်း-၃)

**MRTV FARMERS'**

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
၀၆:၂၅ ရောဂါဒဏ်ခံနိုင်ရည်ရှိဖို့ စပ်မျိုးခရမ်းမျိုးများစိုက်ကြစို့
၀၆:၄၀ ကမ္ဘာ့ဝန်းကျင် ဇီဝမျိုးကွဲစုံလင်
၀၇:၀၀ ကျေးလက်တွန်ရက်
၀၇:၄၅ သာယာပျော်ရွှင်ညောင်နှစ်ပင်
၀၈:၀၀ အသေးစားလုပ်ငန်းထူထောင်ရေးမှသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးမှုဆီသို့
၀၈:၃၅ တန်ဖိုးမြင့်သစ်များမပြုန်းတီးရေး လူသုံးနည်းသစ်များသုံးစွဲပေး
၀၉:၁၀ မြန်မာ့ဆီအိုးထဲမှ နမ်း

**MRTV SPORTS**

၀၆:၀၀ အဖွင့်
၀၆:၁၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info/ Sports Diary
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၁၅:၂၀ 2022 World Cup Hightlight/ ကာတာကမ္ဘာ့ဖလားနေ့စဉ်ပွဲကြိုသုံးသပ်ချက်
၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်၊

SCAN ME
www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ရွှေသွေးဂျာနယ်ထွက်ရှိ

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေလျက်ရှိသည်။

၁၇-၁၂-၂၀၂၂ ရက် (စနေနေ့) တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၄)၊ အမှတ် (၅၁) တွင် အေးချမ်းဆိတ်ငြိမ်ပြီး အန္တရာယ်ကင်းသော ကျေးလက်ဒေသကိုပဲ မက်မောသည်ဆိုသော တောကြွက်ကလေး စိစိအကြောင်း သရုပ်ဖော်ထားသည့် "ကြွက်ကလေးကိကိနှင့် စိစိ" မျက်နှာဖုံးကာတွန်း၊ အပင်တစ်ပင်ရှိ အရေးကြီး အစိတ်အပိုင်းနှင့် ၎င်းတို့၏ လုပ်ဆောင်ချက်များအကြောင်း ဗဟုသုတဖြစ်ဖွယ် တင်ဆက်ထားသည့် " အပင်များ၏ အစိတ်အပိုင်း" သုတဆောင်းပါး၊ ကလေးတို့ကိုယ်တိုင် ရေးဆွဲထားသည့် ပန်းချီလက်ရာများကို တင်ဆက်ထားသည့် "ရွှေသွေးတို့လက်ရာ" ကဏ္ဍ၊ မိဘစကားကို မလိုက်နာမိရာက ဒုက္ခနှင့် ကြုံတွေ့ရသော ကျောင်းသူလေး ခင်သန့်အကြောင်း သရုပ်ဖော်ထားသည့် " ဖြိုးရဲ့- အလှမက်သူလေး"နှစ်မျက်နှာကာတွန်း၊ နှစ်ရှည်လများ မကောင်းမှုအကုသိုလ်ကို ကျူးလွန်မိရာက နောက်ပိုင်းတွင် ထိုမကောင်းမှု အကုသိုလ်များကြောင့် လူသားစစ်စစ်ဖြစ်သော်လည်း ပြိတ္တာကြီးပုံစံဖြင့် ကိုယ်ခန္ဓာတစ်ခုလုံး မီးကဲ့သို့ပူလောင်မှုကို ခံစားနေရသော လူသန်ကြီးအကြောင်း တင်ဆက်ထားသည့် "သမင်သားကြိုက်သူ လူ့ဘီလူးကြီး" ပုံပြင်ကဏ္ဍ၊ သားသား၊ မီးမီးတို့အနေဖြင့် မြေလွှာပျော့ပျောင်းသော ရာသီဥတုအချိန်တွင် သစ်ပင် ပန်းမန်များကို စိုးပျိုးတတ်ရမည် ဖြစ်ကြောင်း ရေးဖွဲ့ထားသည့် ဆရာမင်းနီခိုင် (မောင်တော) ၏ "စိုက်ပျိုးသစ်ပင် ရှင်စေချင်" ကဗျာ ကဏ္ဍအပါအဝင် ဉာဏ်စမ်း ကဏ္ဍနှင့် ရွှေသွေးအင်္ဂလိပ်သဒ္ဒါကဏ္ဍ စုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**




## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

နေပြည်တော် ဒီဇင်ဘာ ၁၅

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၅ - ၁၂ - ၂၀၂၂

**ရွှေ**

| | | | |
|---|---|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား | ကျပ် | ၂၁၁၄၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား | ကျပ် | ၂၁၀၇၅၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ | အမေရိကန်ဒေါ်လာ | ၁၇၉၅ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ | အမေရိကန်ဒေါ်လာ | ၁၇၈၉ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၃၅၅ ကျပ် | ၂၄၀၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၄၃၅ ကျပ် | ၂၄၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၉၂၅ ကျပ် | ၂၉၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၁၀ ကျပ် | ၂၀၅၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၂၃၀ . ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၅၀ . ၃ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၆၀ . ၁၃၇ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၃၈ . ၃ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၇၅ . ၃၈ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၀၁ . ၀၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၃၈၅ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၁၀၀ | ၉၁၀၀ | ၂ | ၁၈၂၀၀ |
| MTSH | ၃၂၅၀ | ၃၃၃၀ | ၃၉၂ | ၁၂၇၄၀၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း


စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# မြေငလျင်လှုပ်ခတ်မှုကြောင့် မင်းကွန်းမြသိန်းတန်စေတီတော်နှင့် သာသနိကအဆောက်အအုံအချို့ ထိခိုက်ပျက်စီး



ငလျင်ကြောင့် မြသိန်းတန် စေတီတော်၏ စိန်ဖူးတော်၊ ငှက်မြတ်နား တော်တို့ ပြုတ်ကျ ပျက်စီးမှုကို တွေ့ရစဉ်။

**စစ်ကိုင်း ဒီဇင်ဘာ ၁၅**
ဒီဇင်ဘာ ၁၅ ရက် နံနက် ၃ နာရီ ၁၇ မိနစ်ခန့်က မန္တလေးမြေငလျင်စခန်း၏ အနောက်တောင်ဘက် ၁၅ မိုင်ခန့်အကွာ တံတားဦးမြို့၏ အရှေ့ဘက် လေးမိုင်ခန့်အကွာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၂ အဆင့် အင်အားအသင့်အတင့်ရှိ မြေငလျင်လှုပ်ခတ်မှု ဖြစ်ပေါ်ခဲ့သည်။

အဆိုပါမြေငလျင်လှုပ်ခတ်မှုကြောင့် စစ်ကိုင်းမြို့နယ် မင်းကွန်းကျေးရွာရှိ မြသိန်းတန်စေတီတော်၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ ပြုတ်ကျခြင်း၊ စေတီတော်၏ အရှေ့ဘက်ခေါင်းလောင်းမှောက်အောက်ခြေမှ အထက်သပိတ်တော်အထိ ပေ ၄၀ခန့် အက်ကြောင်းဖြစ်ပေါ်ခြင်း၊ အရှေ့ဘက် သီတာ ခုနစ်တန်မုခ်ဦး၏ခြောက်ခုမြောက် မုခ်ဦးအနည်းငယ် ကွဲအက်ခြင်း၊ ခုနစ်ခုမြောက်မုခ်ဦး အထက်တံတိုင်း အနည်းငယ် ကွဲအက်ခဲ့ကြောင်းသည်။

အဆိုပါဘုရားမှ မြေခဲ့သော စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို မင်းကွန်းကျေးရွာ နဂါးပါတ်ကျောင်းတိုက်မှ ဆရာတော် ဥူးတိသာသန (လေးဌာနဥက္ကဋ္ဌဆရာတော်) မှ ထိန်းသိမ်းထားရှိကြောင်း သိရသည်။

အလားတူ စစ်ကိုင်းတောင်ရှိ ဥမင်ကိုးဆယ်ဘုရား အနည်းငယ်ကွဲအက်ပြီးပျက်စီးခြင်း၊ သောတာပန်ရပ်ကွက် လေးကျွန်းမာန်အောင်ဘုရားမဏ္ဍပ်ကွေးသွားခြင်းနှင့် မြေဝတီရပ်ကွက်ရှိ လောကမာရဇိန်ဘုရား စိန်ဖူးတော် မြေခြင်းများဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။ အဆိုပါမြေငလျင်လှုပ်ခတ်မှုကြောင့် စစ်ကိုင်းမြို့ပေါ်ရှိ ဌာနဆိုင်ရာ အဆောက်အအုံများ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**



# မြိတ်တက္ကသိုလ် ဘာသာရပ်ပေါင်းစုံ Myanmar Fitness Dances ပြိုင်ပွဲနှင့် သင်တန်းဆင်း

**မြိတ် ဒီဇင်ဘာ ၁၅**
မြိတ်တက္ကသိုလ် ဘာသာရပ်ပေါင်းစုံ Myanmar Fitness Dances ပြိုင်ပွဲနှင့် သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မြိတ်တက္ကသိုလ်ပင်မဆောင်ရင်ပြင်၌ ကျင်းပသည်။**(အပေါ်ပုံ)**

အခမ်းအနားတွင် မြိတ်တက္ကသိုလ် ပါမောက္ခချုပ် ပါမောက္ခဒေါက်တာဝင်းဝင်းသန်းက ယခုကဲ့သို့ Myanmar Fitness Dances သင်တန်းကျင်းပရခြင်း၏ အဓိကရည်ရွယ်ချက်မှာ တွေးခေါ်ကြံဆ ဝေဖန်ပိုင်းခြားနိုင်သော အသိဉာဏ်ရှိ၍ ဗလငါးတန်ပြည့်စုံသည့် နိုင်ငံသားကောင်းများ ဖြစ်ထွန်းရေးအတွက် ဦးတည်ဆောင်ရွက်ပေးခြင်းဖြစ်ပါကြောင်း၊ ယခုသင်တန်းကို ဖွင့်လှစ်သည့်အတွက် ကျောင်းတော်သူကျောင်းတော်သားများသည် ဘာသာရပ်ဌာနများမှ ဆရာ ဆရာမများအားလုံးနှင့် ပေါင်းသင်းဆက်ဆံရေးချောမွေ့သွားမည်ဖြစ်ပြီး ပိုမိုစည်းလုံးညီညွတ်လာ၍ ပညာရေးဆိုင်ရာ အသိုင်းအဝိုင်းတစ်ခု ပေါ်ထွန်းလာမည်ဖြစ်ကြောင်းနှင့် မြိတ်တက္ကသိုလ်၏ အကျိုး၊ မြန်မာနိုင်ငံတော်၏ ကောင်းကျိုးများကို အားလုံးဝိုင်းဝန်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြိုင်ပွဲဝင်အသင်းများ ယှဉ်ပြိုင်ကြရာ ပထမဆုကို ဓာတုဗေဒဌာနအသင်းက လည်းကောင်း၊ ဒုတိယဆုကို အဏ္ဏဝါသိပ္ပံအသင်းက လည်းကောင်း၊ တတိယဆုကို ဒသနိကဗေဒနှင့် အရှေ့တိုင်းပညာ ပူးပေါင်းအသင်းတို့က လည်းကောင်း ရရှိခဲ့ရာ ဆုရအသင်းများကို ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များကဆုများကို ပေးအပ်ချီးမြှင့်သည်။ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် မြိတ်တက္ကသိုလ်ဘာသာရပ်ပေါင်းစုံ Myanmar Fitness Dance သင်တန်းကို ဒီဇင်ဘာ ၂ ရက်မှ ၁၅ ရက်အထိဖွင့်လှစ်ခဲ့ပြီး သင်တန်းသို့ ပြိုင်ပွဲဝင် အသင်းပေါင်း ၁၁ သင်း၊ ကျောင်းသားကျောင်းသူ ၁၉၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း ဒုတိယပါမောက္ခချုပ် ပါမောက္ခဒေါက်တာ စိုးမိုးလွင်က ပြောကြားသည်။

**ကောင်းကောင်း(မြိတ်)**

# ပြည်မြို့၌ အကူသူနာပြု(ပြင်ပ) သင်တန်း ဖွင့်ပွဲအခမ်းအနားကျင်းပ

**ပြည် ဒီဇင်ဘာ ၁၅**
ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ခုတင် (၅၀၀) ဆံ့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီး အကူသူနာပြု (ပြင်ပ) (၉)လ သင်တန်း ဖွင့်ပွဲအခမ်းအနားကို ခုတင် (၅၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းအောင်က အမှာစကားပြောကြားပြီး ပြည်မြို့ ခုတင် (၅၀၀) ဆံ့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်သီတာစိုးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် ပြည်မြို့ ခုတင် (၅၀၀) ဆံ့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးမှ sister ဒေါ်ခင်ဝင်းမြင့်က သင်တန်းသား သင်တန်းသူများအား ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး သင်တန်းကျောင်းအုပ်ကြီး ဒေါ်စန်းစန်းငွေက သင်တန်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းကို ပြည်ခရိုင်အတွင်းမှ သင်တန်းသားသင်တန်းသူ ၃၇ ဦး တက်ရောက်ကြပြီး သင်တန်းတွင် ဆရာဆရာမ ၂၅ ဦးက ကျန်းမာရေးဆိုင်ရာ ဘာသာရပ်များကို စာတွေ့လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ကာ သင်တန်းကာလမှာ ကိုးလ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **ကိုစိုး(ပြန်/ဆက်)**

# အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာများ ရှင်းလင်းဆွေးနွေး

**တနိုင်း ဒီဇင်ဘာ ၁၅**
တနိုင်းမြို့နယ်၌ အသင်းအဖွဲ့ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့် လူကုန်ကူးမှု တားဆီး ကာကွယ်ရေးဆိုင်ရာ စံလုပ်ငန်းများကို ဌာနဆိုင်ရာများ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများနှင့် အသင်းအဖွဲ့များသို့ ချပြရှင်းလင်းခြင်းအခမ်းအနားကို ဒီဇင်ဘာ ၁၂ ရက်က ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးဇော်လင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်စိုး၊ မြို့နယ်ယာယီရဲမှူး မြသောင်းတို့က အသင်းအဖွဲ့ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းဆွေးနွေးကြသည်။

အခမ်းအနားသို့ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ အသင်းအဖွဲ့ကိုယ်စားလှယ်များ တက်ရောက်ကြကြောင်း သိရသည်။

**မနောမြေ(တနိုင်း)**

ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍
အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ

# ကြာအင်းဆိပ်ကြီး၌ အသက် ၁၈ နှစ်အောက် အခြေခံပညာကျောင်းပေါင်းစုံ ကျောင်းသားအားကစားပြိုင်ပွဲများကျင်းပ

**ကြာအင်းဆိပ်ကြီး ဒီဇင်ဘာ ၁၅**
အခြေခံပညာ ကျောင်းပေါင်းစုံ အသက် ၁၈ နှစ်အောက် ကျောင်းသားအားကစားပြိုင်ပွဲများကို ကြာအင်းဆိပ်ကြီးမြို့နယ် မြို့မအားကစားကွင်း၌ ဒီဇင်ဘာ ၃ ရက်မှစတင်ကာ ကျင်းပခဲ့သည်။

အဆိုပါ အားကစားပြိုင်ပွဲများတွင် (ကျား/မ) ဘောလုံးပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ပြေးခုန်ပစ်ပြိုင်ပွဲတို့ ပါဝင်ပြီး ၂၀၂၂ - ၂၀၂၃ ပညာသင်နှစ် အခြေခံပညာ ကျောင်းသားအားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် ပြိုင်ပွဲများ ကျင်းပရခြင်းဖြစ်ကြောင်းနှင့် ဒီဇင်ဘာ ၁၂ ရက်က ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ အခမ်းအနားကျင်းပရာ မြို့နယ် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်ပညာရေးမှူးတို့က ဆုရရှိသည့် အသင်းနှင့်အားကစားသမားများကို ဆုများချီးမြှင့်ပေးသည်။ **(ယာပုံ)**




ထို့နောက် ဆုရရှိသည့်အသင်းနှင့် အားကစားသမားများကို စိစစ်ရွေးချယ်၍ မြို့နယ်ကိုယ်စားပြု ယှဉ်ပြိုင်နိုင်စေရေးအတွက် ဆက်လက်စခန်းသွင်း လေ့ကျင့်ပေးသွားမည်ဖြစ်ကြောင်းကို ခရိုင်ပညာရေးမှူးရုံးမှ သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# အားကောင်းသော လေဖိအားနည်း ရပ်ဝန်းအဖြစ် ရောက်ရှိနိုင်

**နေပြည်တော် ဒီဇင်ဘာ ၁၅**
ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အီကွေတာအနီး အိန္ဒိယသမုဒ္ဒရာအရှေ့ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအား နည်းရပ်ဝန်းသည် အနောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၁၂ နာရီအတွင်း အားကောင်းသော လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

**မိုး/ဇလ**

# ဟိုပုံးမြို့နယ်၌ ဘိန်းခင်းများဖျက်ဆီး

နေပြည်တော် ဒီဇင်ဘာ ၁၅

ရှမ်းပြည်နယ် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တာဆီးကာကွယ်ရေးကော်မတီ ဥက္ကဋ္ဌ ရှမ်းပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိန်ဝင်း၊ ရှမ်းပြည်နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးကော်မတီအတွင်းရေးမှူး၊ ရှမ်းပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် ရှမ်းပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် တင်ကိုကို၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့၊ အဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး ညီညီတင်၊ အမှတ်(၂၅)မူးယစ်ဆေးဝါးအန္တရာယ်တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စုမှ ရဲမှူး သန်းစိုးဦးဆောင်၍ ဟိုပုံးတပ်နယ်မှစစ်သည်များ၊ ဟိုပုံးမြို့နယ်ရဲတပ်ဖွဲ့မှ ရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့သည် ယနေ့တွင် ဟိုပုံးမြို့နယ် စဂေါ်ကျေးရွာအုပ်စု ပန်လျှန်းကျေးရွာအနီးဝန်းကျင်ရှိ ဘိန်းစိုက်ခင်း ကိုးဧကကို ဖျက်ဆီးခဲ့သည်။

ယင်းနောက် ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် တင်ကိုကိုက ဘိန်းခင်းဖျက် ပူးပေါင်းအဖွဲ့များအတွက် ငွေကျပ် ၅၅၄၄၀၀ တန်ဖိုးရှိ ဆွယ်တာ၊ ခြေစွပ်၊ လက်အိတ်၊ ခေါင်းစွပ်များ ပေးအပ်ထောက်ပံ့ခြင်းနှင့် ပန်လျှန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း ဆရာတော် ဦးအိန္ဒာစာရထံ နဝကမ္မအလှူငွေကျပ် သုံးသိန်းတို့ကို ဆပ်ကပ်လှူဒါန်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ကန့်ကွက်နိုင်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၊ ဆုံတိုက်ရပ်ကွက်၊ ကွင်းအမှတ်(၃)၊ ဆုံတိုက်၊ ဦးပိုင်အမှတ်(၁၆၂/င)၊ မြေကွက်အမှတ်(၈၅/၂၂၆) အကျယ်အဝန်း(၀.၀၃၀)ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်လှမြင့် (၈/ ရနခ(နိုင်)၀၆၇၄၈၉)ထံမှ ဦးအောင်ကျော်ကျော်သန်း(၈/ ရနခ(နိုင်) ၀၀၀၅၄၁)က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကို ဥပဒေနှင့် အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်– ၈၈၅၂)
၀၉ ၅၅၀ ၆၁ ၄၆

ဦးမောင်ငယ်
LL.B,
တရားလွှတ်တော်တန်းရှေ့နေ(စဉ်– ၄၁၉၇)
၀၉ ၇၉၂ ၂၉၃ ၇၆၀

## မြေငှားဂရန်လျှောက်ထားချက်အပေါ် ကန့်ကွက်နိုင်ပါကြောင်း

| စဉ် | လျှောက်ထားသူအမည် | | မြေငှားဂရန်လျှောက်ထားသည့်မြေ၏ | | | | အကြောင်းအရာ |
|---|---|---|---|---|---|---|---|
| | | မြို့နယ်/မြို့ | ရပ်/ကျေး | အကွက်အမှတ်/အမည် | ဦးပိုင်အမှတ် | ဧရိယာ(ဧက) | |
| ၁ | ဦးမင်းကို | ပုသိမ် | အမှတ်(၁၅) | ၁၆၃–စီ ကင်မလင်းကျွန်း | B–၆၈/ခ | ၀.၀၃၀ | အသစ် |
| ၂ | ဦးဝင်းချို၊ ဒေါ်ဖြူဖြူအိ | ပုသိမ် | အမှတ်(၄) | ၆၅–က မင်းကြီး | ၁၁ | ၀.၀၅၂ | အမည်ပြောင်း/တိုး |
| ၃ | ဒေါ်နီနီဝင်း | ပုသိမ် | အမှတ်(၅) | ၇၁ ဈေးချောင်းတောင် | ၃၀၄ | ၀.၀၅၅ | အမည်ပြောင်း |

ဖော်ပြပါမြေငှားဂရန်လျှောက်ထားချက်များအား ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤရုံးသို့ ကာယကံရှင်ကိုယ်တိုင်လာရောက် ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။

ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန
## ဒုတိယဦးစီးမှူး(ဝင်ပေါက်)ရာထူး (၄၁)နေရာအတွက် လူတွေ့(နှုတ်ဖြေ)စစ်ဆေးမည့်ကိစ္စနှင့်စပ်လျဉ်း၍ ကြေညာခြင်း

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် လစာနှုန်း(၂၁၆၀၀၀–၂၀၀၀–၂၂၆၀၀၀)ဒုတိယဦးစီးမှူး(၄၁) နေရာအတွက် အရည်အချင်းစစ်ရေးဖြေစာမေးပွဲများကို (၁၉–၁၁–၂၀၂၂)ရက်နေ့နှင့် (၂၀–၁၁–၂၀၂၂)ရက်နေ့ များတွင် ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်ရာ ရေးဖြေအောင်မြင်သူအမည်စာရင်းကို (၁၇–၁၂–၂၀၂၂)ရက်နေ့မှ (၁၉–၁၂–၂၀၂၂)ရက်နေ့အထိ ကာလအတွင်း စိစစ်ပြီးစီးသည့် အချိန်တွင် ဦးစီးဌာန၏ Website ဖြစ်သော www.ddm.gov.mm ၌ ကြေညာသွားမည်ဖြစ်ပြီး လူတွေ့(နှုတ်ဖြေ) စစ်ဆေးခြင်းကို (၂၂–၁၂–၂၀၂၂) ရက်နေ့နှင့် (၂၃–၁၂–၂၀၂၂)ရက်နေ့များတွင် နံနက်(၀၉:၀၀)နာရီမှစ၍ ရုံးအမှတ်(၂၃)၊ နေပြည်တော်တွင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ ရုံးအမှတ် (၂၃)၊ နေပြည်တော်သို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ (၂၂–၁၂–၂၀၂၂) ရက်နေ့နှင့် (၂၃–၁၂–၂၀၂၂)ရက်နေ့ နံနက် (၀၈:၀၀)နာရီအချိန်နောက်ဆုံးထား၍ အချိန်မီ သတင်းပေးပို့ရမည်ဖြစ်ပြီး ဖော်ပြပါအချက်အလက်များ တင်ပြနိုင်ခြင်းမရှိပါက ရေးဖြေအောင်မြင်သူစာရင်းမှ ပယ်ဖျက်သွားမည်ဖြစ်ပါ သည်–

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်း) နှင့် မိတ္တူ (၁) စောင်
(ခ) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်(မူရင်း) နှင့် မိတ္တူ(၁) စောင်
(ဂ) ဘွဲ့ရလက်မှတ် (မူရင်း) နှင့် မိတ္တူ (၁) စောင်
(ဃ) နောက်ဆုံးနှစ် အမှတ်စာရင်း (မူရင်း) နှင့် မိတ္တူ (၁) စောင်
(င) ဒေသန္တရကျန်းမာရေးအဖွဲ့၏ ကျန်းမာကြောင်းဆေးထောက်ခံချက် (မူရင်း) နှင့် မိတ္တူ (၁) စောင်

၃။ လူတွေ့စစ်ဆေးခြင်း လာရောက်သူများသည် အောက်ပါအတိုင်း ဝတ်ဆင်လာရမည်–

(က) အမျိုးသားများ လည်ကတုံး အင်္ကျီအဖြူနှင့် ပုဆိုး
(ခ) အမျိုးသမီးများ မြန်မာဆန်ဆန် အင်္ကျီလက်ရှည် ဝတ်ဆင်လာရမည်။

၄။ ရေးဖြေအောင်မြင်သူအမည်စာရင်းနှင့် ရွေးချယ်ခန့်အပ်ခြင်းခံရသည့်အမည်စာရင်းကို ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန (ရုံးချုပ်)၊ ရုံးအမှတ်(၂၃)၊ နေပြည်တော်၊ ဖုန်း– ၀၆၇–၃၄၀၄၆၆၆/ ၀၆၇–၃၄၀၄၇၇၇ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်၊ လူသုံးကုန်၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် ဒီဇင်ဘာ ၁၅



ပဲခူးတိုင်းဒေသကြီးအတွင်း၌ ဖမ်းဆီးရမိမှု။

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၄ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ်ကုန်လှောင်ရုံ၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် Black Box ကိုးလုံးအပါအဝင် လျှပ်စစ်ဆက်စပ်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၇၀၀၀၀) ကိုလည်းကောင်း၊ မြန်မာစက်မှုဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာနှစ်လုံးအတွင်း၌ ကုမ္ပဏီမှ ကုန်ပစ္စည်းများစွန့်လွှတ်ကြောင်း လျှောက်ထားလာသော ကြွေပြားချပ်များအပါအဝင် ကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၃၅၀၀၀၀) ကိုလည်းကောင်း၊ ရှမ်းပြည်နယ်ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စံလောင်းကျေးရွာအနီး ရှောင်ကွင်းလမ်းတစ်နေရာတွင် ပိုင်ရှင်မဲ့စုပုံထားသော မိုဘိုင်းလ်ဖုန်းအလုံး ၁၀၀ နှင့် မုန့်ပိုးသတ်စက်နှစ်လုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၄၉၂၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ကင်းလှည့်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့ အမှတ်(၄)ရပ်ကွက် ဘုရင့်နောင်လမ်းမကြီး ခရစ်ယာန်ကျောင်းအနီး၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် အားဖြည့်အချိုရည် ဖာ ၈၀၊ ဘီယာဖာ ၈၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၁၆၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၁၆၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရှမ်းပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာချီလိတ်မြို့ မယ်ယန်းပူးပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လျှပ်စစ်ပန်ကာ ၇၆ လုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၃၂၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တပ်မတော်ထောက်ပံ့ရေးရေယာဉ်(၆၁၁)မှ စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြိတ်ခရိုင် ကျွန်းစုမြို့နယ် ရေမြစ်ကြီးကျေးရွာအုပ်စု မင်းကြီးကျွန်း မြောက်ဘက် သုံးမိုင်ခန့်အကွာ ရေပြင်၌ စက်လှေ တစ်စင်းပေါ်မှ တရားမဝင် ကံ့ကော်သစ်ခွဲသားနှင့် တောင်ပရန်းသစ်ခွဲသား ၄ ဒသမ ၃၀၁၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၅၂၇၀)နှင့် အဆိုပါသစ်များတင်ဆောင်သော သစ်သားကိုယ်ထည် စက်လှေတစ်စင်းအပါအဝင် ဆက်စပ်ပစ္စည်းများ(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၉၅၂၇၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၎င်းအပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဦးဆောင်သောစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မုံရွာမြို့၌ MSX အမျိုးအစား လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်နှစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်နှင့် ညောင်လေးပင်ခရိုင်တို့အတွင်း တရားမဝင် သစ်မျိုးစုံ ၃ ဒသမ ၅၀၀၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၅၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဒီဇင်ဘာ ၁၄ ရက်တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ (၁၂) မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၈၁၃၀၇၇၀) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦး ဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

## ဒေါ်သဲအိအောင်(ဘ)ဦးဇော်ဝင်း ၁၂/တကန(နိုင်)၁၇၃၈၄၀ နှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏အမှုသည်ဖြစ်သော ကရင်ပြည်နယ်၊ ဘားအံမြို့၊ အမှတ်(၉)ရပ်ကွက်၊ ရေကျော်ရပ်၊ တောင်နီတောင် ကြားလမ်း၊ အိမ်အမှတ်(၉/၁၃၁၃)နေ ဦးကျော်စွာထွန်း ၉/မထလ(နိုင်)၀၀၉၂၅၁ ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်သည်မှာ–

ကျွန်ုပ်၏အမှုသည် ဦးကျော်စွာထွန်းနှင့် ဒေါ်သဲအိအောင်တို့မှာ လွန်ခဲ့သော (၁၄)နှစ်ခန့်က အိမ်ထောင်ကျခဲ့ပြီး အထက်ပါနေရပ်လိပ်စာတွင် အတူနေထိုင်ခဲ့ကြပါသည်။ သားသမီး ထွန်းကားခြင်းမရှိဘဲ လင်မယားနှစ်ဦး စုဆောင်းရှာဖွေခဲ့ရာ အိမ်ခြံမြေ၊ ကားနှင့်ငွေကြေးများ စုဆောင်း ပိုင်ဆိုင်ခဲ့ပါသည်။ ထိုသို့အတူတကွ နေထိုင်ခဲ့ရာမှ ဒေါ်သဲအိအောင်သည် ၉–၁၂–၂၀၂၂ ရက်တွင် ဦးကျော်စွာထွန်းနေအိမ်တွင် မရှိသည့်အချိန်၌ လင်မယားနှစ်ဦးစုဆောင်းရှာဖွေထားသည့် ငွေကြေးများအား ဦးကျော်စွာထွန်း မသိအောင်ယူဆောင်ပြီး နေအိမ်မှထွက်ခွာသွားခဲ့ပါသည်။ ၎င်းမှာ မည်သည့်နေရာသို့ ထွက်သွားသည်ကို လိုက်လံစုံစမ်းသော်လည်း သတင်းမရရှိဘဲ ဖြစ်နေပါသည်။

သို့ဖြစ်၍ ဒေါ်သဲအိအောင်မှာ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်စွာထွန်း မသိအောင် ငွေကြေးများယူဆောင်ထွက်ခွာသွားသည့်အတွက် ၎င်းအား ဇနီးမယားအဖြစ်မှ စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် နောက်နောင် ဖြစ်ပေါ်လာမည့် ကိစ္စများကို ဦးကျော်စွာထွန်းနှင့် လုံးဝမသက်ဆိုင်ပါကြောင်း၊ ဦးကျော်စွာထွန်းမှ တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ကြောင်း ဒေါ်သဲအိအောင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဦးကျော်စွာထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ–
ဦးမောင်မောင်ဟန်ဇော်ဦး (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်–၁၁၂၀၈)
၂၀–၆–၂၀၁၆
ထုံးအိုင်ရွာ၊ ဘားအံမြို့နယ်၊
ဖုန်း–၀၉–၄၂၅၀၀၀၉၄၆

လမ်းမီးများကို အလင်းရောင်ရှိသောအချိန်များ၌ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။

အလင်းရောင်အားနည်းလာသည့်အချိန်တွင် လမ်းမီးများကို အလိုအလျောက် ဖွင့်စေပြီး အလင်းရောင်ပေါ်ထွက်လာပါက အလိုအလျောက်ပိတ်စေသည့်စနစ်ကို တပ်ဆင်ပါ။


# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ပုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥဏ္ဏတော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

### ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၉၉

| ဦးဝေဖြိုးကျော် | နှင့် | ၁။ ဒေါ်ရည်မွန်အောင် |
|---|---|---|
| | | ၂။ ဒေါ်သန်းသန်းနု |
| **(တရားလို)** | | **(တရားပြိုင်များ)** |

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ပြည်လမ်း၊ မြေနီကုန်း၊ တိုက်အမှတ် ၂၇၀၊ 3 (C)နေ တရားပြိုင်(၁) ဒေါ်ရည်မွန်အောင် (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုဖြစ်သူ ဦးဝေဖြိုးကျော်က ချေးယူငွေကျပ် ၄၃၆၇၀၀၀၀၀/ (ကျပ်လေးထောင့်သုံးရာ့ခြောက်ဆယ့်ခုနစ်သိန်းတိတိ)အပေါ် နစ်နာကြေး ငွေကျပ် ၅၀၀၀၀၀၀၀/-(ကျပ်သိန်းငါးရာတိတိ) စုစုပေါင်းငွေကျပ် ၄၈၆၇၀၀၀၀၀/- (ကျပ်ထောင့်ရှစ်ရာခြောက်ဆယ့်ခုနစ်သိန်းတိတိ)ရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၈ ရက် (၁၃၈၄ ခုနှစ် ပြာသိုလဆန်း ၇ ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကိုထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(လင်းမင်းထွန်း)**
**ခရိုင်တရားသူကြီး**
**အလုံခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ (၂၃)ရပ်ကွက်၊ ကျန်စစ်သားလမ်း၊ အမှတ်(၁၉၅၃)နေ ဦးဇော်မင်း ၁၄/မအန(နိုင်)၁၆၅၀၈၆ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေသည် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၃(ရွှေလင်ပန်း)၊ ရွှေဂန္ဓမာ(၇)လမ်း၊ မြေကွက်အမှတ် ၁၄၉၀၊ ပေ(၄၀x၆၀)အကျယ်အဝန်းရှိသော မြေကွက်အား အဆက်ဆက်ဝယ်ယူထားသူများထံမှ ဦးသိန်းစံ အမည်ပေါက်မြေချပါမစ်မူရင်းနှင့် ဆက်စပ်အရောင်းအဝယ်စာချုပ်မူရင်းများအား လက်ရောက်ရယူကာ ပြန်လည်ဝယ်ယူပိုင်ဆိုင်ခဲ့သူဖြစ်ပြီး ယခုအချိန်တွင် အဆိုပါမြေကွက်အား မြေငှားဂရန်လျှောက်ထားခြင်း ပြုလုပ်ဆောင်ရွက်မည်ဖြစ်ပါသဖြင့် မည်သူမဆို ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြေညာချက်ပါရှိသောရက်မှစ၍ (၇)ရက်အတွင်းမှာပင် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူ တစ်စုံတစ်ရာမရှိပါက ကျွန်ုပ်၏မိတ်ဆွေသည် မြေငှားဂရန်လျှောက်ထားခြင်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေသူခိုင် (LL.B) အထက်တန်းရှေ့နေ(စဉ်-၅၂၉၆၃)**
**အမှတ်-၆၈၃၊ စံရိပ်ငြိမ်လမ်း၊ (၄၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်**
**ဖုန်း-၀၉-၂၅၀၄၄၀၂၁၁၊ ၀၉-၆၇၆၅၆၅၁၁၆**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

### (တရားကျင့်ထုံးကိုဥပဒေအမိန့်- ၅၊ နည်းဥပဒေ- ၂၀)
### ပြည်ကြီးတံခွန်မြို့နယ်တရားမရုံးတော်
### ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ်-၁၄၇

| ဒေါ်နှင်းမှုံ | နှင့် | ဦးဘိုကြီး |
|---|---|---|
| **တရားလို** | | **တရားပြိုင်** |

ဦးစံဘ၏သားဖြစ်သူ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ ဟ-၁/၅၄ နေ ဦးဘိုကြီး (ယခုနေရပ်လိပ်စာ မသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဒေါ်နှင်းမှုံက မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(ဟ-၁)၊ ဦးပိုင်(၂၈)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ မြေကွက်အား ဥပဒေနှင့်အညီ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့၏ကိုယ်စားလှယ် ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၉ ရက် (၁၃၈၄ ခုနှစ် ပြာသိုလဆန်း ၈ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို၏စွဲချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်တွင် ဤရုံးတော်တံဆိပ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်ဇင်ထွန်း )**
**မြို့နယ်တရားသူကြီး**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

**သစ်ပင်နည်းလာ တို့ကမ္ဘာ လွန်စွာပူအေး ဥတုဘေး**

## အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ ၂၀၂၂ ခုနှစ် ဧပြီလမှ ၂၀၂၃ ခုနှစ် မတ်လထိ ဘဏ္ဍာရေးနှစ်အတွက် ပညာရေးဝန်ကြီးဌာန၊ ဆရာအတတ်ပညာဦးစီးဌာနတွင် ပညာရေးဒီဂရီကောလိပ် (၂၅)ကျောင်း၏(ပထမနှစ်)(ဒုတိယနှစ်ဝက်)၊ ဒုတိယနှစ် (ပထမနှစ်ဝက်၊ ဒုတိယနှစ်ဝက်)အတွက် ကျောင်းသားကိုင်ပုံနှိပ်စာအုပ်များနှင့် ဒုတိယနှစ် (ဒုတိယနှစ်ဝက်)ဆရာကိုင်စာအုပ်များကို သက်ဆိုင်ရာ ပညာရေးဒီဂရီကောလိပ်များသို့ အရောက်ပို့စနစ်ဖြင့် ရိုက်နှိပ်မည် ဖြစ်ပါ၍ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူပါမည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၆-၁၂-၂၀၂၂ ရက်တွင် ဆရာအတတ်ပညာဦးစီးဌာန၊ ဘဏ္ဍာဌာနခွဲတွင် စတင်ရောင်းချမည်ဖြစ်ပြီး အဆိုပါ အိတ်ဖွင့်တင်ဒါများကို ၁၃-၁-၂၀၂၃ ရက်၊ (၁၆:၀၀)နာရီ နောက်ဆုံးထား၍ တင်သွင်းရန် ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာ ဘဏ္ဍာဌာန၊ ဆရာအတတ်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ နေပြည်တော်ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ဖုန်း-၀၆၇-၃၄၀၇၃၉၅ နှင့် ၀၆၇-၃၄၀၇၂၆၄ ကို ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ဆရာအတတ်ပညာဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မုံရွာမြို့၊ ဘုရားကြီးရပ်ကွက်ရှိ မြေတိုင်းအကွက်အမှတ်(၉)၊ အကွက်အမည် ညောင်ပင်ဈေး၊ ဦးပိုင်အမှတ်(၈၉)၊ ဧရိယာ ၀ ဒသမ ၀၃၁ ဧကရှိ ဘိုးဘပိုင် ဦးစိန်ထွန်း၊ ဒေါ်ဇီးဇီး အမည်ပေါက် မြေကွက်အား ဦးဝင်းမြင့် အမည်ဖြင့် (ဘိုးဘပိုင်အမည်ပြောင်း) လျှောက်ထားရာ အကျိုးအကြောင်း ဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ (ဘိုးဘပိုင်အမည်ပြောင်း)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ မုံရွာမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ အလုံရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(၃၂၆-ခ၊ အလုံရွာမ)၊ ဦးပိုင်အမှတ်(၂၉-က)၊ ဧရိယာ ၀ ဒသမ ၁၅၅ ဧကရှိ မြေအား အမှုတွဲ အမှတ်၄၂ V ၂၀၀၄-၂၀၀၅ အရ(၁၄-၁၁-၁၉၉၆ မှ ၁၃-၁၁-၂၀၂၆)ရက်ထိ ဒေါ်သီသီဦး အမည်ဖြင့် နှစ်(၃၀)မြေငှားဂရန်ရရှိထားသည့်မြေကို ဒေါ်သီသီဦး အမည်ဖြင့် မြေငှားစာချုပ် (မိတ္တူ)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(မိတ္တူ) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မုံရွာမြို့၊ ဘုရားကြီးရပ်ကွက်ရှိ မြေတိုင်းအကွက်အမှတ်(၁၉)၊ အကွက်အမည် မုံရွာမြောက်၊ ဦးပိုင်အမှတ်(၁၈-ခ၊ ၁၉)၊ ဧရိယာ ၀ ဒသမ ၁၃၁ ဧကရှိ ဘိုးဘပိုင် ဦးသန်းညွှန့်၊ ဒေါ်ဟန်တင်၊ ဦးသန်းညွှန့် အမည်ပေါက် မြေကွက်အား ဒေါ်သန်းသန်းတင့် အမည်ဖြင့် (ဘိုးဘပိုင် အမည်ပြောင်း) လျှောက်ထားရာ အကျိုးအကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၃၀ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ (ဘိုးဘပိုင်အမည်ပြောင်း)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ မုံရွာမြို့**

## အများသိစေရန် ကြေညာခြင်း

ရွှေဘိုမြို့၊ အမှတ်(၁)ရပ်ကွက်၊ အကွက်အမှတ်(၁)၊ အကွက်အမည် (ပြင်ဈေးမြောက်ရပ်)၊ ဦးပိုင်အမှတ် (၇၀ᵃ)၊ ဧရိယာ ၀ ဒသမ ၁၈၁ ဧကကို ဘိုးဘပိုင် အမည်ပြောင်းရန် ရွှေဘိုမြို့ ၊ အမှတ်(၁)ရပ်ကွက်နေ ဦးထွန်းဦးမှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူရှိပါက ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၈ ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**ဇော်ဝင်းလတ်**
**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန**
**ရွှေဘိုမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(၈/ နန္ဒဝန် (ကျူး)) ဦးပိုင်အမှတ်(အေးစန္ဒာလမ်း ၂၉-က)၊ ဧရိယာ ၀ ဒသမ ၀၂၇၅ဧကရှိမြေအား ဦးဝင်းမြင့်နိုင်အမည်ဖြင့် မြေငှားစာချုပ်(အသစ်)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အသစ်) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ အောင်ဇမ္ဗူရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/၁/အောင်ချမ်းသာ၊ မြေကွက်အမှတ်(၁၂၅)၊ဧရိယာ ၀ ဒသမ ၀၅၈ ဧကရှိ ဦးမြချမ်း အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူ၏ အထူး/အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဦးစည်သူအောင် (ဘ) ဦးမောင်မောင်ဝင်း ၉/ပမန(နိုင်)၂၁၅၀၄၁မှ မြေငှားစာချုပ်၊ အထူး ကိုယ်စားလှယ်လွှဲစာအမှတ်(၅၆၂၆/၂၀၂၂)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဒေါ်အိအိဖြူ (ဘ) ဦးတင်ထွန်း ၉/လဝန(နိုင်)၁၆၄၂၀၅နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကုန်အမှတ်တံဆိပ်တစ်ဦးတည်းမူပိုင်ဖြစ်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂) ရပ်ကွက်၊ မာဃ(၄)လမ်း၊ အမှတ်(၇၁၉)တွင်နေထိုင်သူ ဦးအောင်ကိုကိုဦး ၁၂/ဥကတ(နိုင်)၂၀၉၅၀၈ သည် အောက်ဖော်ပြပါကုန်အမှတ်တံဆိပ်ကို ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်ခရိုင်၊ မြန်အောင်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ မိမိတစ်ဦးတည်းပိုင် ကုန်အမှတ်တံဆိပ်အဖြစ်သုံးစွဲရန် ၇-၁၂-၂၀၂၂ ရက်တွင် မှတ်ပုံတင်သွင်းခဲ့ပြီးဖြစ်ပါသည်-

မှတ်ပုံတင်အမှတ်(၄/၁၀/၂၀၂၂)

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်စာသားဖြင့် “ရွှေရန်ကုန်” “Shwe Yangon”ကို ခေတ်နှင့်လျော်ညီစွာ အရွယ်အစားအမျိုးမျိုး ဒီဇိုင်းအမျိုးမျိုးတို့ဖြင့် ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများကို ရန်ကုန်မြို့နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် တစ်ဝန်းလုံးတွင် လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။

၎င်းကုန်အမှတ်တံဆိပ်အမည်အမှတ်သားကို စပို့ရှပ်၊ စွပ်ကျယ်၊ ဆိုင်းဘုတ်၊ ဘလောက်၊ တီဗွီ၊ မဂ္ဂဇင်း၊ လက်ကမ်းကြော်ငြာ၊ စာစောင်ကြော်ငြာများတွင် လည်းကောင်း၊ ငွေပြေစာဖြတ်ပိုင်း၊ တံဆိပ်တုံး၊ ဗွီနိုင်း၊ စတစ်ကာ အစရှိသည်တို့အပေါ်တွင်လည်းကောင်း ဖိနှိပ်၍၊ ကပ်နှိပ်၍၊ ရိုက်နှိပ်၍ အသားတံဆိပ်ပြုလုပ်၍ ရန်ကုန်မြို့နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် လုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါကုန်အမှတ်တံဆိပ်အမည်အမှတ်သားကို online Internet, facebook internet, youtube, website,instagram, telegram များပေါ်တွင် ခေတ်နှင့်အညီ ပေါ်ပေါက်လာသောနည်းပညာတို့ဖြင့်လည်း အသုံးပြုလုပ်ကိုင်လျက်ရှိပါသည်။

အထက်ဖော်ပြပါ မိမိတစ်ဦးတည်းပိုင်ဖြင့် သုံးစွဲလျက်ရှိသော "ရွှေရန်ကုန် Shwe Yangon" ကုန်အမှတ်တံဆိပ်အမည်အမှတ်သား၏ တစ်ခုလုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အခြားမည်သူမဆို ဆင်တူယိုးမှား၊ သံတူကြောင်းကွဲ၊ ထင်ယောင်ထင်မှား ဖြစ်အောင် တုပပြုလုပ်သုံးစွဲခြင်းကိုမပြုလုပ်ရန်နှင့် အကယ်၍ပြုလုပ်ခဲ့ပါက မိမိ၏လုပ်ငန်း အကျိုးစီးပွားထိခိုက်ဆုံးရှုံးမှုများအတွက် မြန်မာနိုင်ငံ၏တည်ဆဲဥပဒေနှင့် အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြော်ငြာအပ်ပါသည်။

**ဦးအောင်ကိုကိုဦး၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သက်နွယ်ငွေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၃၄၆၁/ ၂၀၁၇)**
**မြန်အောင်မြို့၊ မြန်အောင်ခရိုင်၊ ဧရာဝတီတိုင်းဒေသကြီး၊ ဖုန်း - ၀၉- ၄၂၂၄၅၀၆၄၅**

## အများသိစေရန်ကြော်ငြာခြင်း

ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ ဖားကန့်မြို့၊ မရိုကထောင်အုပ်စု၊ ကွင်းအမှတ်(၂၃)ရှိ ဧက ၂ ဒသမ ၂၉ဧကရှိ ခြံနှင့် ခြံပေါ်ရှိ အိမ်အမှတ် ဒီ(၅၀) နေအိမ်နှင့် ခြံမြေအပါအဝင် နေအိမ်ရှိမရွှေ့မပြောင်းနိုင်သောပစ္စည်းများ၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းများသည် ကျွန်မဒေါ်စိုးစိုးမြိုင်နှင့် သားသမီးများ ပိုင်ဆိုင်ကြပါသည်။ ဦးအုံ့မောင်မှာ ၂၀-၄-၂၀၂၁ရက်တွင် ကွယ်လွန်သွားပြီးဖြစ်ပါသည်။ သို့ပါ၍ အထက်ဖော်ပြပါပစ္စည်းအရပ်ရပ် အပေါ်တွင် ကျွန်မနှင့် သားသမီးများကသာ ပိုင်ဆိုင်ကြပါသဖြင့် ဒေါ်စိုးစိုးမြိုင်၏ ခွင့်ပြုချက်မရှိဘဲ အထက်အိမ်ခြံနှင့် အကျိုးခံစားခွင့်အားလုံးတို့အား ရွှေ့ပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လွှဲပြောင်းခြင်း မပြုလုပ်ရပါ။ ပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း သိရှိကြေညာအပ်ပါသည်။

**ဒေါ်စိုးစိုးမြိုင် ၁၄/ဟသတ(နိုင်)၁၃၂၈၉၀**
**ဘုရားကြီး(၂)လမ်း၊ ဘုရားကြီးရပ်ကွက်၊ ဟင်္သာတမြို့**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁)ရပ်ကွက်၊ ထိပ်တင်မှတ်(၄)လမ်း၊ အမှတ်(၂၉၈/ခ)၊ အကျယ်အဝန်း (၁၀ပေx၀ပေ၆၀) မြေနှင့် မြေပေါ်ရှိ နှစ်ထပ်တိုက်နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်သည် မိခင်ဒေါ်ခင်အေးအေးနှင့် သမီးငယ်ဖြစ်သူ ဒေါ်နှင်းနုဝေလွင် ၁၂/ဒဂမ(နိုင်) ၁၅၆၈၀၇တို့ အတူတကွ ပူးတွဲဝယ်ယူကာ ဆောက်လုပ်နေထိုင်ခဲ့သည့်မြေနှင့် အိမ်ဖြစ်ပါသည်။ မိခင်ဖြစ်သူ ကွယ်လွန်ပြီးနောက် ဒေါ်နှင်းနုဝေလွင်နှင့် ကျွန်ုပ်မိတ်ဆွေ ဒေါ်စုယဉ်မွန်တို့နှစ်ဦးသာ အမွေခံသမီးများအဖြစ် ကျန်ရစ်ပါသည်။ အဆိုပါအိမ်ခြံမြေသည် ကျွန်ုပ်မိတ်ဆွေမှ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသော အမွေမခွဲရသေးသည့် အိမ်ခြံမြေဖြစ်သည့်အတွက် ပူးတွဲအကျိုးခံစားခွင့်ရှိသူ ကျွန်ုပ်မိတ်ဆွေ၏သိရှိသဘောတူခွင့်ပြုချက်မရှိဘဲ မည်သူမဆို ပုံဖျက်ပြောင်းလဲ ပြုပြင်ခြင်း၊ လွှဲပြောင်းရောင်းချ၊ ပေါင်နှံ၊ ပေးကမ်းခြင်းစသည့် တစ်စုံတစ်ရာ ပြုလုပ်ခွင့်မရှိပါကြောင်း ပြုလုပ်ပါက ဥပဒေနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်စုယဉ်မွန်** | **ဒေါ်နီလာအေး** |
| **၁၂/သကတ (နိုင်) ၁၅၃၈၄၂** | **တရားလွှတ်တော်ရှေ့နေ** |
| | **(စဉ်-၇၇၂၆/၂၀၁၀)** |

**အမှတ်-၁၀၄၊ ပထမထပ်၊ ၃၉ -လမ်း (အောက်)**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၇၀၁၂၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ လယ်တီရပ်ကွက်ရှိ မြေတိုင်းအကွက်အမှတ်(၂၈)၊ အကွက်အမည် ဆူးလေကုန်းမြောက်၊ ဦးပိုင်အမှတ်(၃-ခ)၊ ဧရိယာ ၀ ဒသမ ၀၃၈ဧကရှိ ဘိုးဘပိုင် ဒေါ်သဇင်လင်း အမည်ပေါက် မြေကွက်အား ဦးအောင်ကျော်စိုး အမည်ဖြင့် (ဘိုးဘပိုင်အမည်ပြောင်း) လျှောက်ထားရာ အကျိုးအကြောင်း ဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ (ဘိုးဘပိုင်အမည်ပြောင်း) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန**
**မုံရွာမြို့**

## အများသိစေရန်ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့နယ်၊ လွှဲတဲစံပြကျေးရွာနေ ဦးခင်မောင်ထွန်း ၅/ဘတလ(နိုင်) ၀၄၈၃၃၁ သည် S SNOW R.O သောက်ရေသန့်အမှတ်တံဆိပ်ကို မူပိုင်သုံးစွဲသွားမည်ဖြစ်ပါသဖြင့် အမှတ်တံဆိပ်တူညီပါက ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ဖုန်း-၀၉-၄၀၀၄၁၅၄၉၉**

## “မုံရွာမြို့၊ ဒေါနခြံရပ်နေ ဒေါ်စိန်ရီ ၅/ဒပယ(နိုင်)၀၁၈၂၈၅နှင့် အများသိစေရန် ကြေညာခြင်း

မုံရွာမြို့၊ ဆူးလေကုန်းရပ်၊ ဒေါ်မယ်လမ်းကြားနေ ဦးတင်အေး (ဦးဘဝင်း၏ ကိုယ်စားလှယ်စာရသူ)၏ လွှဲအပ်ညွှန်ကြားချက်များအရ မုံရွာမြို့၊ ဒေါနခြံရပ်နေ ဒေါ်စိန်ရီ ၅/ဒပယ(နိုင်)၀၁၈၂၈၅ နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

မုံရွာမြို့၊ ဒေါနခြံရပ်နေ ဒေါ်စိန်ရီ၏ လွှဲအပ်ညွှန်ကြားချက်များအရ မြန်မာ့အလင်းသတင်းစာ၌ ၁-၁၂-၂၀၂၂ရက်တွင် ရှေ့နေကြီး ဦးသန်းထွန်းအောင်က မုံရွာမြို့၊ မြဝတီရပ်ကွက်၊ အကွက်အမှတ် (၆၆-သီရိမင်္ဂလာ)၊ ဦးပိုင်အမှတ် (၁၂၆၊ ၁၂၇)၊ ဧရိယာ ၀ ဒသမ ၉၀၀ ဧကရှိ မြေနှင့် ပတ်သက်၍ ကြေညာခဲ့ ပါသည်။ အဆိုပါ ဝင်းမြေနှင့် ယင်းဝင်းမြေအတွင်းရှိ အဆောက်အအုံတို့မှာ ကျွန်ုပ်၏အမှုသည်က စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော် ၂၀၂၀ပြည့်နှစ် တရားမပထမအယူခံမှုအမှတ်-၅၃အမှုတွင် အမွေဆက်ခံ အနိုင်ဒီကရီရရှိထားသော ဝင်းမြေနှင့် အဆောက်အအုံတို့ ဖြစ်ပါသည်။

ထို့ကြောင့် လူကြီးမင်းတို့အနေနှင့် ကျွန်ုပ်အမှုသည် အမွေဆက်ခံရရှိသည့် ဝင်းမြေတွင်း ကျူးကျော်ခြင်း၊ ရှင်းလင်းခြင်း လုံးဝမပြုလုပ်ရန်နှင့် အဆိုပါ ဝင်းမြေအတွင်းမှ ၃၀-၁၂-၂၀၂၂ရက်နောက်ဆုံးထား ဖယ်ရှားထွက်ခွာရန် အသိပေးအပ်ပါသည်။ လိုက်နာဆောင်ရွက်ခြင်းမရှိပါက လူကြီးမင်းတို့အပေါ် တည်ဆဲဥပဒေများနှင့်အညီ အမှုဖွင့်တရားစွဲဆိုသွားမည်ဖြစ်ကြောင်း ဒေါ်စိန်ရီနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးတင်အေး** | **ဦးတင်ကို (မုံရွာ)** |
| | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၅၃၅)** |
| | **A, 22 RC တိုက်တန်း၊ သာစည်လမ်း၊** |
| | **ဒေါနခြံရပ်၊ မုံရွာမြို့** |

## အများသိစေရန်ကြေညာခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့၊ ဈေးကြိုရပ်ကွက်၊ ကွင်းအမှတ်(၉၈)၊ တောကကွင်း၊ ဦးပိုင်အမှတ်(၃/၁)၊ မြေချိန်ဧရိယာ ၀ ဒသမ ၀၄ဧကရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး ကို (၁) ဒေါ်စမ်းစမ်းအေး ၁၀/မလမ(နိုင်)၀၆၄၁၆၅၊ (၂) ဦးသိန်းဝင်း ၁၀/မလမ(နိုင်)၀၆၄၁၅၁၊ (၃) ဦးထွန်းထွန်းဇော် ၁၀/မလမ(နိုင်)၀၆၄၂၈၈နှင့် (၄) ဒေါ်ရင်ရင်နု ၁၀/မလမ(နိုင်)၁၄၅၂၉၀ တို့မှ အမွေဆက်ခံလက်ရှိထားပိုင်ဆိုင်ကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိသည်ဟု မြွက်ဟဝန်ခံ၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သင်းယုဇင် (ဘ) ဦးဆွန်အေး ၁၁/မလမ(နိုင်)၂၃၃၃၇၇ က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ၁၂-၁၂-၂၀၂၂ ရက်တွင် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါ သတ်မှတ်ရက်မှစ၍ ခုနစ်ရက်အတွင်း တိကျခိုင်မာသော စာရွက်စာတမ်းမူရင်းနှင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသီဟထွန်း(ဥပဒေတွဲ့)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၀၈၆)**
**အမှတ်(၅)၊ စွန်းလွန်းလမ်း၊**
**တောင်ဝိုင်းဈေးကြိုရပ်၊ မော်လမြိုင်မြို့၊**
**ဖုန်း-၀၉-၅၀၂၈၆၃၅**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၇ယ/၉၄၃၅၈ ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းဇော် ၁၀/မလမ(နိုင်)၁၈၆၂၂၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၂ယ/၃၆၈၇၇ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဇင်မာဦး ၁၀/ခဆန(နိုင်)၀၈၉၂၆၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ပျောက်ဆုံးကြောင်း

ကျွန်မ မထက်ထက်ခိုင် ၁၁/တကန(နိုင်)၀၈၆၀၂၀ ၏ နိုင်ငံကူးလက်မှတ် အမှတ် (မမှတ်မိ)မှာ ခရီးသွားရင်း ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။

**ဖုန်း-၀၉-၂၅၁၃၄၂၄၂၃**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးမြကျော် ၁၁/ရသတ(နိုင်)၀၅၄၅၁၅ ၏ နိုင်ငံကူး လက်မှတ် အမှတ် (မမှတ်မိ)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။

**ဖုန်း-၀၉-၂၅၁၃၄၂၄၂၃**

## တစ်ဦးတည်း ဖြစ်ပါကြောင်း

မောင်နေလင်းခန့် ၃/ဘအန(နိုင်)၄၄၃၉၉၉ ၏ မိခင်အမည်မှန်မှာ ဒေါ်အေးခိုင်(ခ)ဒေါ်အေးအေးခိုင် ၅/ကနန(နိုင်) ၁၃၂၉၀၂ သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဝင်းဇော်ထွန်း ၅/ယမပ(နိုင်)၀၇၆၂၇၅၏ နိုင်ငံကူး လက်မှတ်နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၅၆၄၇၅၅၇**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဇော်မင်းခိုင် ၅/ဒပယ(နိုင်)၁၂၅၃၈၁ ၏ နိုင်ငံကူး လက်မှတ်နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြား ပေးပါရန်။ **ဖုန်း-၀၉-၉၇၅၂၆၁၄၉၀**

## ဖခင်အမည်မှန်

ဖောင်းပြင်မြို့၊ အခြေခံပညာ မူလတန်းလွန်ကျောင်း ကျွန်းရွှေဝါ (G-8)မှ မမိုးစန္ဒာထွန်းနှင့် မောင်မင်းသန့်ထွန်းတို့၏ ဖခင်အမည်မှန်မှာ ဦးမောင်ထွန်း ၅/ခဥန(နိုင်)၀၈၃၂၀၃ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 67W/6581 Honda Scoopyi 110, M/C ယာဉ်လက်ဝယ်ရှိသူ Easy Rider Motorbike Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(မုံရွာ)**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဉာဏ်မင်း ၅/ကနန(နိုင်)၁၂၁၃၂၀ ၏ နိုင်ငံကူး လက်မှတ်နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြား ပေးပါရန်။

**ဖုန်း-၀၉-၉၆၁၂၀၄၇၈၉**

အလိမ္မာ စာမှာရှိ

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ညွန့်ညွန့်ဝေ(Iris Chit)
## အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ အမှတ်(၂၁)နှင့် အမှတ်(၃၆-A)၊ ရွှေတောင်ကုန်းရိပ်သာ၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်နေ (ဦးဘချစ်-ဒေါ်မြင့်မြင့်)တို့၏ သမီးငယ်၊ ဦးသက်လွင်၊ [ဒေါ်တင်မာဦး (Violet Chit)]တို့၏ ညီမ၊ (ဦးကိုကိုလေး)၏ဇနီး၊ ဦးသန့်စင်လေး-ဒေါ်သင်းသင်းဝေ၊ Capt: ထိန်လင်းလေး(ရေကြောင်းအရာရှိချုပ်၊ မြန်မာ့ကြယ်ငါးပွင့်)၊ ဒေါ်မာမာစိုးတို့၏ မွေးသမိခင်၊ ဦးတင်ထွဋ်ဝင်း၊ ဒေါ်ထိုက်ထိုက်လွင်တို့၏ အဒေါ်၊ Dr. အောင်ခိုင်လင်း(ခေတ္တ-Australia)၊ Dr. ကောင်းမြတ်လင်း(ခေတ္တ-Australia)၊ မကေသန့်စင် (MPRL E&P Pte Ltd)၊ မလွင်မာတင်ထွဋ်တို့၏ အဘွားသည် ၁၅-၁၂-၂၀၂၂ ရက် (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ကန်သာယာဆေးရုံ၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၁၆-၁၂-၂၀၂၂ ရက် (သောကြာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ညွန့်ညွန့်ဝေ(Iris Chit)
## အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ အမှတ်(၂၁)နှင့် အမှတ်(၃၆-A)၊ ရွှေတောင်ကုန်းရိပ်သာ၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်နေ ဦးသန့်စင်လေး-ဒေါ်သင်းသင်းဝေတို့၏ မွေးသမိခင်သည် ၁၅-၁၂-၂၀၂၂ ရက်(ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ကန်သာယာဆေးရုံ၌ (၈၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

စက်မှုလက်မှုအရာရှိများ
တပ်မတော်(ရေ)

## ဒေါ်ပြည့်သီရိသော် ၁၂/မဂတ(နိုင်) ၁၂၇၇၆၂
## Myanmar Certified Training Centers Co.,Ltd
## Myanmarfinancial Center.com
## Myanmarmore.com နှင့် အများသိစေရန်ကြေညာခြင်း

Asia Express(Ygn:)Co.,Ltd ၏ တာဝန်ရှိသူ ဒေါ်နေခြည်ဝင့်ဝင့်ဇော် ၁၂/စခန(နိုင်)၀၅၀၂၅၃ (Leasing Manager)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်သည်မှာ-

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ မဟာဗန္ဓုလလမ်းနှင့် ၄၈-လမ်းထောင့်(Urban Asia Center)၏ ဒုတိယထပ် အခန်းအမှတ်-(201-208)(9000-Sq Feet)ရှိအခန်းသည် Asia Express(Ygn:)Co.,Ltdမှ ပိုင်ဆိုင်ထားခြင်းဖြစ်ပါသည်။

Room 602, Building A1, စတားစီးတီးကွန်ဒို၊ သန်လျင်မြို့နေ ဒေါ်ပြည့်သီရိသော်သည် ယင်းဆိုင်ခန်းများကို ကျွန်ုပ်မိတ်ဆွေနှင့် (၁-၆-၂၀၁၆)မှ (၃၁-၅-၂၀၂၁)ရက်အထိ နှစ်ဦးသဘောတူ နှစ်ရှည်ငှားရမ်းခြင်း စာချုပ်ချုပ်ဆို၍ (Myanmore)ဟူသောအမည်ဖြင့် သင်တန်းအဖြစ်အသုံးပြုရန် ငှားရမ်းအသုံးပြုခဲ့သော်လည်း နှစ်ဦးနှစ်ဖက်သဘောတူညီထားသည့် ထိုအခန်းနှင့်ပတ်သက်သော အခန်းငှားရမ်းခငွေများ၊ နိုင်ငံတော်သို့ ပေးဆောင်ရမည့် လျှပ်စစ်မီတာခ ကြွေးကျန်များ၊ အခြားအခွန်အခများကို (၁-၁-၂၀၁၉)ရက်မှစတင်၍ ကုမ္ပဏီသို့လာရောက် ပေးသွင်းခြင်းမရှိတော့ပါ။ လူကြီးမင်း ပေးဆောင်ရမည့် အခွန်အခများနှင့် ငှားရမ်းခကျန်ငွေများမှာ (၁-၁-၂၀၁၉)ရက်မှ (၃၁-၁၂-၂၀၂၂)ရက်အထိ ငွေကျပ် ၄၉၆၈၀၀၀၀၀/-(ကျပ်လေးထောင့်ကိုးရာခြောက်ဆယ့်ရှစ်သိန်း) ခန့် ပေးသွင်းရမည်ဖြစ်ပါသည်။ အဆိုပါငွေများကို လာရောက်ပေးသွင်းပါရန် ကျွန်ုပ်မိတ်ဆွေမှ ဒေါ်ပြည့်သီရိသော်ထံသို့ အကြိမ်ကြိမ် ဆက်သွယ်ခဲ့သော်လည်း လာရောက်ပေးသွင်းခြင်းမရှိသဖြင့် ရှေ့နေမှတစ်ဆင့် (၂၆-၉-၂၀၂၂)ရက်တွင် ရုံးခန်းငှားရမ်းခကြွေးကျန်များ လာရောက်ပေးသွင်းရန်နှင့် အခန်းကို လက်ရောက်အပ်နှံပေးပါရန် ဒေါ်ပြည့်သီရိသော်၏ အီးမေးလ်သို့ အကြောင်းကြားစာ ပေးပို့ခဲ့ပါသည်။

အကြောင်းကြားစာပေးပို့ခဲ့ပြီးနောက် ဒေါ်ပြည့်သီရိသော်သည် အခန်းသော့အား (Urban Asia Center)၏ တာဝန်ရှိသူထံသို့ လာရောက်ပေးအပ်ခဲ့သော်လည်း အခွန်အခများနှင့် အခန်း ငှားရမ်းခကြွေးကျန်များကို ယနေ့အချိန်ထိ လာရောက် ဖြေရှင်းခြင်း လုံးဝမရှိပါ။ သို့ဖြစ်ပါ၍ လူကြီးမင်း လာရောက်ပေးအပ်ခဲ့သည့်သော့ကို အသုံးပြု၍ ငှားရမ်းထားသည့် ကုမ္ပဏီပိုင်အခန်းကို ပြန်လည်လက်ရောက်ရယူသွားတော့မည်ဖြစ်ပါသည်။ ဒေါ်ပြည့်သီရိသော် အနေဖြင့်လည်း ဖြေရှင်းရန်ကျန်ရှိနေသည့် အခန်းငှားရမ်းခကြွေးကျန်များကို ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်လွှတ်၍ သော်လည်းကောင်း အမြန်ဆုံးလာရောက်ဖြေရှင်းပေးပါရန် အလေးအနက် အသိပေးအကြောင်းကြားအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇာဇာမျိုးဟန်(LL.B,LL.M,M.Res) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၈၀၂)**
**Building CL-3, Room-114,စတားစီးတီးကွန်ဒို၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၂၅၀၃၃၃၁၀၃**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 74W/82743, ယာဉ်လက်ဝယ်ရှိသူ ဒေါ်စက်စက်ဝင်း ၇/တငန(နိုင်)၁၅၈၉၇၇ က (ကမ-၃)ပျောက် ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(တောင်ငူ)**

## ရှောင်လေ
## ဝေးဝေး
## မူးယစ်ဆေး

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၉၊ မြေကွက်အမှတ် ၁၅၁၈၊ မြေကွက်တည်နေရာအမှတ် (၁၅၁၈)၊ မဏိစည်သူလမ်းနှင့် ဗလမင်းထင်လမ်းထောင့်၊ ၆၉ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဒေါ်ကျင်ဝေး ၉/ပမန(နိုင်) ၀၄၆၇၂၅ အမည်ပေါက် နှစ် ၆၀ မြေငှားဂရန် မြေအား ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်-၁၀/၂၀၂၂ ဖြင့် (တရားလို) ဦးဇော်မိုင်းမှ တရားပြိုင် ဒေါ်ကျင်ဝေးအပေါ် သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ-၁၂အရ ကတိပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ရာ ၁၉-၈-၂၀၂၂ ရက်တွင် ချမှတ်ခဲ့သည့် စီရင်ချက်နှင့်ဒီကရီ၊ တရားမဇာရီမှုအမှတ် ၈/၂၀၂၂၏ (၁၂-၉-၂၀၂၂)ရက်နေ့စွဲပါ ထုံးပုံကျအပြီးသတ်အမိန့် (၁၂-၉-၂၀၂၂)ရက်နေ့ တရားရုံးနေ့စဉ်မှတ်တမ်း၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တရားရုံး၏ ၁၆-၉-၂၀၂၂ ရက်စွဲပါစာအမှတ် ၄၀၇ ဇာရီ-၈/၂၀၂၂ ဖြင့် တရားရှုံးကိုယ်စား ဘီလစ် ဦးသန့်စင် ၁၂/ဒဂတ(နိုင်)၀၉၃၈၀၁က လိုအပ်သောမြေပုံ၊ မြေရာဇဝင်များ ကူးယူခွင့်ပြုပါရန် အကြောင်းကြားစာနှင့် နှစ် ၆၀ မြေငှားစာချုပ်(ဂရန်)တို့ကို တင်ပြ၍ တရားရှုံး(ဒေါ်ကျင်ဝေး)ကိုယ်စား ဘီလစ် ဦးသန့်ဇင် ၁၂/ဒဂတ (နိုင်)၀၉၃၈၀၁မှ အရောင်းအဝယ် စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဦးစိန်ဝင်းဗိုလ်
## (ကုန်သွယ်ရေးဦးစီးဌာန-ငြိမ်း)
## အသက် (၆၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၉)ရပ်ကွက်၊ အောင်မေတ္တာလမ်း၊ အမှတ် (၉၂၅)နေ (ဦးလှစိန်)-ဒေါ်လှရွှေတို့၏သား၊ (ဦးစံကြည်-ဒေါ်ခင်ညွန့်)တို့၏သားသမက်၊ ဒေါ်ငွေးစိန်မြင့်၏ ချစ်လှစွာသော ခင်ပွန်း၊ ဒေါ်စုစန္ဒာဝင်း (လ/ထ ညွှန်ကြားရေးမှူး၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန)၊ ဒေါ်အိဖြူဖြူချို၊ ဦးမြတ်ဇော်အောင် (ကုန်သွယ်ရေးဦးစီးဌာန)တို့၏ မွေးသဖခင် ကျေးဇူးရှင် ဦးစိန်ဝင်းဗိုလ်(ကုန်သွယ်ရေးဦးစီးဌာန-ငြိမ်း) အသက် (၆၂)နှစ်သည် ၁၄-၁၂-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁:၅၅ နာရီတွင် မြောက်ဒဂုံပင်လုံဆေးရုံ၌ (၈၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၁၆-၁၂-၂၀၂၂ရက် (သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၂၀-၁၂-၂၀၂၂ရက် (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ကြပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားဖိတ်ကြားအပ်ပါသည်။

နေအိမ်မှကားများ ၁၆-၁၂-၂၀၂၂ရက် မွန်းလွဲ ၁:၃၀နာရီတွင် ထွက်ပါမည်။

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်၊ အကွက်အမှတ် (၂၁၊ ဗိုလ်တဲကွက်)၊ ဦးပိုင်အမှတ် (၆/အ+၆/၁၁/၁)၊ ဧရိယာ ၀ဒသမ၀၄၅ဧကရှိ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဂရန်အမှုတွဲအမှတ် RPNO.၇၈/V/၂၀၀၇-၂၀၀၈အရ ဒေါ်ငယ်အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ လူနေအဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို မြေကွက်အမည်ပေါက်သူ ဒေါ်ငယ်(ဘ)ဦးစံထွန်း ၁၂/သလန(နိုင်) ၁၃၁၃၀၆ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်မျိုးချစ် (ဘ)ဦးချစ်ဆွေ ၁၂/မဂတ(နိုင်) ၀၀၀၅၀၇နှင့် ဒေါ်ဥမ္မာလွင်(ဘ)ဦးမြလှိုင် ၁၂/ကတန(နိုင်)၀၀၁၅၀၄တို့ က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအား စရန်ငွေပေးချထားပြီးဖြစ်သဖြင့် ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်ကာအရောင်းအဝယ်ပြုသည့်ပစ္စည်းကိုလက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇာနည် (LL.B.,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၆၆၈)**
**ဗိုလ်မိုးညိုလမ်းသွယ်၊ အောင်ချမ်းသာ (၂)ရပ်ကွက်၊ သန်လျင်မြို့၊**
**ဖုန်း-၀၉-၄၂၀၃၀၀၂၆၂**

## သမီးအဖြစ်မှအပြီးအပိုင်အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ကျွန်ုပ်တို့၏ အမှုသည် ဒေါ်လဲ့လဲ့ဝင်း (ခ) ဒေါ်ခင်လဲ့လဲ့ဝင်း ၁၂/လမတ (နိုင်)၀၂၂၀၅၂၏ ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ဒေါ်လဲ့လဲ့ဝင်း၏သမီး မသီရိတင်ရဲအောင် ၁၂/ဗဟန(နိုင်)၁၀၃၄၆၅ သည် မိခင်၏ သဘောတူခွင့်ပြုခြင်း(လုံးဝ)မရှိပါဘဲလျက် မိဘ/ဆွေမျိုးများ အရှက်တကွဲဖြစ်အောင် (၆-၁၂-၂၀၂၂) ရက်ကတည်းက နေအိမ်မှဆင်းသွား၍ မိခင်အပေါ်စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်သော သွာနုတ္တသမီးဖြစ်သောကြောင့် သမီးအဖြစ်မှ အပြီးတိုင်အမွေပြတ်စွန့်လွှတ်လိုက်ကြောင်း၊ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများပြည်သူသိရှိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါရန်။)**

**ညွှန်ကြားချက်အရ-**
**ဒေါ်လဲ့လဲ့ရီ(B.A.,LL.B,D.B.L,D.M.L) (စဉ်-၂၄၁၀/၁၉၈၃ ခုနှစ်)**
**ဒေါ်အိစန္ဒီစိုး(LL.B,D.B.L,D.I.L) (စဉ်-၉၅၃၀/၂၀၁၃ ခုနှစ်)**
**ဒေါ်ဆုမွန်ဆွေ(LL.B,D.B.L) (စဉ်-၁၂၈၁၈/၂၀၁၇ ခုနှစ်)**
**ဒေါ်နုနုခိုင်(LL.B,D.B.L,D.I.L)(စဉ်-၁၂၉၂၄/၂၀၁၇ ခုနှစ်)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၄၆)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း(ဘားလမ်း)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၅၀၅၉၃၂၂**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/ရွှေကြာပင်)၊ မြေကွက်အမှတ်(၅၂၆)၊ ဧရိယာ(၀ဒသမ၀၈၂)ဧကရှိ ဒေါ်သိင်္ဂီဝင်း အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူ၏ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဦးခင်မောင်ဝင်း (ဘ)ဦးသာထွီးအောင် ၁၁/စတန(နိုင်)၀၅၂၁၀၇မှ မြေငှားစာချုပ်၊ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၄၇၉၈/၂၀၂၂)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဒေါ်ပေရယ်ဆန်းဦး(ဘ)ဦးဆန်းဦး ၁၀/ရမန(နိုင်)၁၁၆၁၄၄၊ ဒေါ်တင့်တင့်ဌေး(ဘ)ဦးစံဖေ ၁၀/ရမန(နိုင်)၀၈၈၂၄၈နှင့်မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## သင့်သွေးဖြင့် အသက်ကယ်ပါ

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8H/9611, ZWE M.P.V Micro Bus (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးသီဟကျော် ၁၂/ဒဂဆ(နိုင်)၀၀၄၀၄၈က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် AYY/24484, Honda CB 650 ယာဉ်လက်ဝယ်ရှိသူ ဦးထက်ဝေအောင် ၁၄/ဟသတ(နိုင်)၃၉၁၁၆၁ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဟင်္သာတ)**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၉၈၊ မြေကွက်အမှတ် ၃၄၂၊ မြေကွက်တည် နေရာအမှတ် (၃၄၂)၊ ၉၈ ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဦးကျော်စိုးလှိုင် ၁၂/ဗဟန(နိုင်)၀၇၉၉၈၂ အမည်ပေါက် နှစ် ၆၀ မြေငှားစာချုပ် ဂရန်မြေအား မည်သူတစ်ဦးတစ်ယောက်ကိုမျှ ပေးကမ်းခြင်း၊ ရောင်းချခြင်းမရှိကြောင်း ကြေညာအပ်ပါသည်။ ၎င်းမြေပေါ်သို့ ဝင်ရောက်ကျူးကျော်မှုများရှိပါက ဥပဒေအရ အရေးယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားခြင်းခံရသူ** |
| **ဒေါ်ဝင်းဝင်းသန်း(ဦးကျော်စိုးလှိုင်၏** | **ဒေါ်ဆွေဆွေအောင် (LL.B, DBL)** |
| **အထွေထွေကိုယ်စားလှယ်စာရသူ)** | **တရားလွှတ်တော်ရှေ့နေ** |
| **၁၂/ကမရ(နိုင်)၀၂၀၆၇၂** | **(စဉ်-၁၇၂၇၁)** |
| **အမှတ် (၉၁)၊ စိတ္တသုခလမ်း၊** | **အမှတ် (၈၃၂)၊ သမာဓိလမ်း၊** |
| **တာမွေမြို့နယ်၊** | **မေတ္တာညွန့်ရပ်ကွက်၊** |
| **ရန်ကုန်မြို့** | **တာမွေမြို့နယ်၊ ရန်ကုန်မြို့၊** |
| | **ဖုန်း-၀၉-၄၂၀၁၀၇၆၀၅** |

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ လူနေရပ်ကွက်အမှတ် ၁၆၊ မြေတိုင်းရပ်ကွက်အမှတ်၂၀(က+ခ)၊ မြေကွက်အမှတ် ၇၆၅၊ ဧရိယာ(၀ဒသမ၀၂၉)ဧက၊ အကျယ်အဝန်း(၂၅x၅၀)ပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၃)လမ်း၊ အမှတ် (၁၀၈)ဟုခေါ်တွင်သော နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိထားပိုင်ဆိုင်ပြီးရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်သူဇာဝင်း ၁၄/ဘကလ(နိုင်) ၁၈၉၆၇၇ ထံမှကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံတွင် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးကျော့ဆွေ(LL.B) ဒေါ်သက်ဆုလွင်မောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၇၉၇) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၆၆၄)**
**အမှတ်(၃၆)၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၇၉၉၉၃၄၃၅၃၊ ၀၉-၇၈၅၀၀၉၈၉၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ၁၄၄ရပ်ကွက်၊ ၅၇၃ ပုဂံလမ်း၊ အသံအနှံ့ဖုံ အနှစ် ၆၀ မြေငှားဂရန်အမျိုးအစား (40'x60') (0.055)ဧက အကျယ်ရှိ ယင်းမြေကွက်နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဦးထွန်းရီ ၁၂/မဂတ(နိုင်)၀၅၈၄၀၄က ဂရန်အမည်ပေါက်ပိုင်ဆိုင်ပြီး ဦးထွန်းရီထံမှ ဒေါ်သဇင်ခင်မောင်တင့် ၁၂/မဂတ (နိုင်)၀၀၆၀၀၇၊ အမှတ် ၉၊ မြေညီထပ်၊ မဟာဇေယျလမ်း၊ (၇)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့မှ ဝယ်ယူခဲ့ပါသည်။ ဒေါ်သဇင်ခင်မောင်တင့်မှ တစ်ဆင့် ဒေါ်လီလီလှရွှေ ၁၂/ရကန(နိုင်)၀၂၅၆၀၅၊ အမှတ် ၂၃၄/၇၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့အား အရောင်းအဝယ်ကတိစာချုပ်ဖြင့် ရောင်းချခဲ့ပါသည်။ ဒေါ်လီလီလှရွှေမှ ဒေါ်ခင်မာအေး ၁၂/တမန(နိုင်) ၀၇၉၅၂၄၊ အမှတ် ၁၈၈/၈၊ ကောက်လျှင် ၄လမ်း၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့အား အရောင်းအဝယ် အဆက်ဆက်ကတိစာချုပ်ဖြင့် ရောင်းချခဲ့ပါသည်။ ဒေါ်ခင်မာအေးမှ တစ်ဆင့်လွှဲပြောင်းရောင်းချခွင့်အပြည့်အဝရှိကြောင်း တာဝန်ခံလျက် ဒေါ်ညွန့်ညွန့်စိန် ၁၂/ဒဂတ(နိုင်)၁၄၁၅၅၆၊ အမှတ် ၂၃၊ စိမ်းလဲ့ကန်သာအိမ် ယာ ၁၄၂ရပ်ကွက်၊ ဒဂုံတောင်မြို့နယ်၊ ရန်ကုန်မြို့အား ၎င်းပိုင်ဆိုင်မှုမြေကွက်နှင့် အိမ်အဆောက်အအုံအား ရောင်းချခဲ့ရာတွင် ဒေါ်ညွန့်ညွန့်စိန်မှ စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ရာ အရောင်းအဝယ်ပြုလုပ်သည်ကို ကန့်ကွက်လိုပါက ယင်းမြေကွက်နေအိမ်အဆောက်အအုံနှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသည်ဟု ယူဆရသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား မူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့် ကွက်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ညွန့်ညွန့်စိန်**
ဖုန်း-၀၉-၄၂၃၂၂၄၅၄၄၊ ၀၉-၄၂၃၂၂၄၄၄၇

❖ မိမိတို့နိုင်ငံရှိ စီးပွားရေးလုပ်ငန်းများတွင် ဘက်ပေါင်းစုံမှ အထောက်အကူပြုသည့်လုပ်ငန်းမှာ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းပင်ဖြစ်...

❖ ပြည်တွင်း၊ ပြည်ပခရီးသွားလာမှုများကြောင့် ဒေသတွင်းရောင်းဝယ်ဖောက်ကားမှုများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ လည်ပတ်နိုင်ခြင်းကြောင့် လည်ပတ်သုံးစွဲငွေများ တိုးမြှင့်လာမည်ဖြစ်။

❖ ပြည်ပခရီးသွားများ ဝင်ရောက်ခြင်းကြောင့် နိုင်ငံခြားဝင်ငွေများ ပိုမိုရရှိလာနိုင်မည်ဖြစ်...

❖ ထို့ကြောင့် ကမ္ဘာလှည့်ခရီးသွားများ ဝင်ရောက်မှုရှိစေရေး နိုင်ငံတော်အနေဖြင့် စီမံဆောင်ရွက်လျက်ရှိ...

❖ ပြည်တွင်းပြည်ပခရီးသွားလာမှုများ မြှင့်တင်ဆောင်ရွက်နိုင်မည်ဆိုပါက စီးပွားရေးအရ များစွာတိုးတက်ပြောင်းလဲလာမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၈/၂၀၂၂) တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**
- (က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊
- (ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊
- (ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**
- (က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- (ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- (ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**
- (က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- (ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- (ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# မော်ရိုကို ကို ဂိုးပြတ်အနိုင်ယူပြီး ကမ္ဘာ့ဖလားဗိုလ်လုပွဲကို နှစ်ကြိမ်ဆက် ပြင်သစ်အသင်းတက်လှမ်း

ဒီဇင်ဘာ ၁၅ ရက် နံနက်ပိုင်း ယှဉ်ပြိုင်ကစားခဲ့သည့် ကာတာ ကမ္ဘာ့ဖလား ဆီမီးဖိုင်နယ်အဖြစ် ပြင်သစ်နှင့် မော်ရိုကိုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပြင်သစ်အသင်းက နှစ်ဂိုးပြတ် အနိုင်ရရှိခဲ့ပြီး ကမ္ဘာ့ဖလားဗိုလ်လုပွဲကို နှစ်ကြိမ်ဆက် တက်လှမ်းနိုင်ခဲ့သည်။

ခံစစ်အသားပေး မော်ရိုကိုအသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် နာမည်ကြီး ဂျာမနီ၊ စပိန်၊ ပေါ်တူဂီ စသည့်အသင်းများကို အနိုင်ယူ ကျော်ဖြတ်နိုင်ခဲ့သော်လည်း ဆီမီးဖိုင်နယ်တွင် လက်ရှိချန်ပီယံ ပြင်သစ်အသင်းကို ကျော်လွှားနိုင်ခဲ့ခြင်း မရှိချေ။ မော်ရိုကိုအသင်းသည် ပြင်သစ်အသင်းကို ချဉ်းကပ်ပုံမှန်မှန်ဖြင့်

*စာမျက်နှာ ၁၂ ကော်လံ ၅* ❖



လူစားဝင်ရောက်ကစားသည့် မူရာနီ ပြင်သစ်အသင်းအတွက် ဒုတိယဂိုး သွင်းယူစဉ်။

### ယနေ့ သတင်းအညွှန်း

(၄၈)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အခမ်းအနား ကျင်းပပြုလုပ်
ပြည်တွင်းသတင်း စာ ၈

ဒေါ်လာ ၃ ဒသမ ၅၈ ဘီလီယံ တန်ဖိုးရှိ တက်စ်လာရှယ်ယာများ အီလွန်မက် ရောင်းချ
နိုင်ငံတကာသတင်း စာ ၁၄

အမျိုးသမီးဦးဆောင်သည့် MSME လုပ်ငန်းများအတွက် စွမ်းဆောင်ရည်မြှင့်သင်တန်းသို့ လျှောက်ထားနိုင်
ကုန်သွယ်စီးပွား စာ ၁၆

## မြန်မာအမျိုးသမီးဘောလုံးအသင်း ပါရီအိုလံပစ်ခြေစစ်ပွဲ အပါအဝင် နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ရမည်

ရန်ကုန် ဒီဇင်ဘာ ၁၅

မြန်မာ့လက်ရွေးစင်အမျိုးသမီး ဘောလုံးအသင်းသည် လာမည့်နှစ်တွင် ၂၀၂၄ ပါရီအိုလံပစ် အမျိုးသမီးဘောလုံး အာရှဇုန်ခြေစစ်ပွဲ အပါအဝင် နိုင်ငံတကာပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းသည် လာမည့်နှစ်တွင် နိုင်ငံတကာပြိုင်ပွဲများစွာ ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ပါရီအိုလံပစ်ခြေစစ်ပွဲအပြင် (၃၂)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ၊ အာဆီယံ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲတို့လည်း ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ဇူလိုင်လက ယှဉ်ပြိုင်ခဲ့သည့် ၂၀၂၂ အာဆီယံအမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲအပြီးတွင် လေ့ကျင့်မှုရပ်နားထားပြီး ၂၀၂၃ ခုနှစ်တွင် ယှဉ်ပြိုင်ရမည့် ပြိုင်ပွဲများအတွက် ဒီဇင်ဘာ ၁၂ ရက်မှစ၍ စတင်လေ့ကျင့်လျက်ရှိသည်။

*စာမျက်နှာ ၁၂ ကော်လံ ၁* ✪

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘော(အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲများ ဆက်လက်ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၅

အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘော (အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲ ဒုတိယနေ့ပွဲစဉ်များကို ယနေ့နံနက် ၉ နာရီမှစတင်၍ နေပြည်တော်

*စာမျက်နှာ ၁၂ ကော်လံ ၅* ○

